
# ကိုတာ



ပြတင်းပေါက်မှကြည့်သူ၏စိတ်ကူးများ

မုံရွေး စာအုပ်တိုက်

# ကိုတာ

- ❖ ကျောင်းကောင်း
- ❖ နံနက်စာစကားရုံ
- ❖ ရေလောဂျစ်
- ❖ စာအုပ်နှင့်တီဗွီ
- ❖ ကော့စမိုပိုလီတန်
- ❖ အာရှရီနေဆန်
- ❖ လက်ဖက်ရည်ဆိုင်

ကော့စမိုပိုလီတန်ကို ပါဠိ - အင်္ဂလိပ် အဘိဓာန်တွင် သဗ္ဗလောကိက ဟု အနက်ပေးထားပါသည်။ " လောကအားလုံးနှင့် သက်ဆိုင်သော " ဟူ၍ အဓိပ္ပာယ်ရသည် ဟု ဆရာပါရဂူက ပြောပါသည်။ လောကအားလုံးနှင့် သက်ဆိုင်၍ လူမျိုးပေါင်းစုံသော အုတ်အုတ်ကျက်ကျက်မြို့ကြီးဟု ဘာသာပြန်ရမည် ထင်ပါသည်။ အယူအဆများ ရောနှောခြင်းရှိလျှင် ကောင်းသည်။ ကြွယ်ဝလာသည်။ ပွင့်လင်းလာသည်ဟု စာရှုသူ သဘောတူပါလိမ့်မည်။

မုံရွေး စာအုပ်တိုက်

## မုံရွေးစာအုပ်တိုက်မှ ထုတ်ဝေပြီးစာအုပ်များ။

| | | |
|---|---|---|
| (၁) | ကိုတာ၏ ဖြန့်ထွက်တွေးခြင်းနှင့် အခြားစာတမ်းများ | ၁၂၀ ကျပ် |
| (၂) | ပါရဂူ၏ ယယာတိ | ၃၀၀ ကျပ် |
| (၃) | ခင်မောင်ရင် – ဇော်ဇော်အောင်၏ အနုပညာစံ | ၁၂၀ ကျပ် |
| (၄) | ကိုတာ၏ ရယ်ရွှင်ဖွယ်နှင့် အခြားစာတမ်းများ | ၁၃၅ ကျပ် |
| (၅) | ပါရဂူ၏ တကိုးဝတ္ထုတိုများ | ၄၀၀ ကျပ် |
| (၆) | ဒေါက်တာသန်းထွန်း၏ မင်းဒုက္ခနဲ့မင်းနှင့် ကဗျာများ | ၁၁၀ ကျပ် |
| (၇) | ဒေါက်တာသန်းထွန်း၏ အရင်ကရောဇ်အခုလူ | ၄၅၀ ကျပ် |
| (၈) | မြင့်သန်း၏ သူရေး၍သူကြိုက်သော ဝတ္ထုတိုများ | ၁၂၀ ကျပ် |
| (၉) | ပါရဂူ၏ ပရကာထာ | ၄၀၀ ကျပ် |
| (၁၀) | ကိုကိုမောင်၏ အာကာကို လွှာပုံပြုပါလို့ | ၁၇၅ ကျပ် |
| (၁၁) | ကိုကိုမောင်၏ မဟာအချစ်ခရီးသည် | ၂၅၀ ကျပ် |
| (၁၂) | ဇန်းဖော်တင်ဒေအောင်၏ အိန်းစတိန်းနှင့် သူ၏ဝမ္မတရားများ | ၂၈၀ ကျပ် |
| (၁၃) | မောင်ဖြူး၏ တကိုးစာပဒေသာ | ၂၂၀ ကျပ် |
| (၁၄) | English Grammar by Win Pe | ၂၂၀ ကျပ် |
| (၁၅) | ဝမ်းမြောက်ဝမ်းသာ စာတမ်းများ<br>(ဒေါက်တာသန်းထွန်း ၇၅ နှစ်မြောက် အထိမ်းအမှတ်) | ၂၅၀ ကျပ် |
| (၁၆) | ဝင်းဖေ၏ မြကန်သာ (*Emerald Lake*) | ၂၅၀ ကျပ် |
| (၁၇) | မြဇင်၏ ကဗျာ့နရီနှင့် နိမိတ်ပုံ | ၂၅၀ ကျပ် |
| (၁၈) | အံ့မောင်၏ (အန်းဒါးဆင်း) အရုပ်မပါတဲ့ အရုပ်စာအုပ် | ၁၈၀ ကျပ် |
| (၁၉) | ပါရဂူ၏ စာပေခရီးသည် | ၃၇၀ ကျပ် |
| (၂၀) | ဇော်ဇော်အောင်၏ စာပေသဘောတရားအခြေခံကျမ်း | ၁၈၀ ကျပ် |
| (၂၁) | တက္ကသိုလ်မောင်မောင်ကြီး၏ မွန်ဂိုစစ်ဘုရင် ဂျင်ဂစ်ခန် | ၂၅၀ ကျပ် |
| (၂၂) | ဇော်ဇော်အောင်၏ စာပေဝေဖန်ရေးသဘောတရား အခြေခံကျမ်း | ၁၈၀ ကျပ် |

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေး
ကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်
သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်
သတ်မှတ် ချေမှုန်းကြ။

မုံရွေးစာအုပ် (၂၄)

ကိုတာ

# ပြတင်းပေါက်မှ ကြည့်သူ၏ စိတ်ကူးများ

အမှတ် ၂၁၃-၂၁၅၊ ဗိုလ်တစ်ထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၇၀၇၂။

စာမူခွင့်ပြုချက် အမှတ် – [၃၇၈/ ၉၈ (၆)]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – [ ၃၅၀/၉၈ (၇)]

●

မျက်နှာဖုံးဒီဇိုင်း
ဖိုးဝ

. . . . . . . . . . .

ပုံနှိပ်ခြင်း
ပထမအကြိမ်
၁၀၀၀

. . . . . . . . . . .

ထုတ်ဝေခြင်း
၁၉၉၈ – ဩဂုတ်

. . . . . . . . . . .

ကွန်ပျူတာစာစီ
မုံရွေး

. . . . . . . . . . .

စာအုပ်ချုပ်

ထုတ်ဝေသူ –ဦးကြည်ဝင်း (၀၁၀၂၉)၊ ဝင်းစာပေတိုက်၊
၂၁၊ ဒါနလမ်း၊ သာယာကုန်း၊ မင်္ဂလာတောင်ညွန့်။
အတွင်းပုံနှိပ်–ဒေါ်ရှုခင် (၀၅၄၄၉)၊ ဝင်းလိုက်မိတ် ပုံနှိပ်တိုက်၊
၃၅၂၊ စရည်းပင်လမ်း၊ သုဝဏ္ဏ။
အဖုံးပုံနှိပ် – ဦးတင်မောင်ဝင်း (၀၅၉၄၆)၊ သင်းလဲ့ဝင်းပုံနှိပ်တိုက်၊
အမှတ်(၁)၊ ပိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်၊
ဒဂုံမြို့နယ်။

တန်ဖိုး (၁၅၀)

( ၂၃ ) မောင်သစ်ဆင်း၏ ကြောက်စိတ်

ယခု

( ၂၄ ) ကိုတာ၏ ပြတင်းပေါက်မှ ကြည့်သူ၏ စိတ်ကူးများ

ဆက်လက်၍

( ၂၅ ) တင်မောင်သန်း၏ သခင်စိတ်ဓာတ်၊ သခင်အကျင့်နှင့် ဆောင်းပါးများ
( ၂၆ ) အံ့မောင်၏ (အန်းဒါးဆင်းပုံပြင်များ) ခင်စိတ္တ
( ၂၇ ) အံ့မောင်၏ (အန်းဒါးဆင်းပုံပြင်များ) အဖွါးအိုယော်ဟန်နာပြောသောပုံပြင်
( ၂၈ ) လူထုစိန်ဝင်း၏ စာနယ်ဇင်း အရေးအသား ပုံစံသစ်
( ၂၉ ) လူထုစိန်ဝင်း၏ အရက်နဲ့တန်ဖိုး
( ၃၀ ) ဒဂုန်တာရာ၏ အလှဗေဒ
( ၃၁ ) ဖွင့်ထားသောစိတ်
(သင့်ဘာဝ – ဖန်တီးသူတို့ အကြိုက်ဆုံး ကဗျာ၊ ဝတ္ထု၊ ကာတွန်းများ)
( ၃၂ ) ဒေါက်တာသန်းထွန်း၏ အိုးသမိုင်း
( ၃၃ ) ဒေါက်တာသန်းထွန်း၏ တတိယမျက်လုံး
( ၃၄ ) ခင်မောင်ရင်၏ ပေါ်ဦးသက် အလည်လာခြင်း
( ၃၅ ) အောင်မောင်း၏ ပညာရှင်များနှင့် တွေ့ဆုံခြင်း
( ၃၆ ) မောင်ထွန်းသူ၏ မျှော်တလင့်လင့်
( ၃၇ ) ပါရဂူ၏ တမ္ပဏ္ဏိ
( ၃၈ ) ဆရာ့ဆရာတို့၏ ထူးထူးခြားခြား အမှာများ
( ၃၉ ) ဂျွှဝင် မြန်မာကဗျာများ
( ၄၀ ) ဂျွှဝင် ဝတ္ထုတိုများ
( ၄၁ ) တင်မိုး၏ ကမ္ဘာရန်စစ်များ
( ၄၂ ) တက္ကသိုလ်မောင်မောင်ကြီး၏ စစ်ဘုရင် တိမူး

# မာ တိ ကာ


၁။ ဇော်ဇော်အောင်၏အမှာစာ

၂။ ပြတင်းပေါက်မှ ကြည့်သူ၏ ဝန်ခံချက် ၃

၃။ အာရှရှိနေဆန် ၁၁

၄။ ကျွန်တော်၏ ဆက်လက်သင်ယူခြင်းအကြောင်း ၂၁

၅။ ရယ်ရှင်ဖွယ် . . . ဟူသောစာအုပ် ၂၉

၆။ ကျောင်းကောင်း ၃၇

၇။ ရှာလွှမ်းချင်း ၄၉

၈။ နံနက်စာစက်ရုံ ၅၇

၉။ ရေလောဂျစ် ၆၇

၁၀။ စာအုပ်နှင့်တီဗွီ ၇၉

၁၁။ ကောဲစမိုပိုလီတန် ၈၇

၁၂။ မောင်တာ၏ ကန့်လန့်အတွေးများ ၉၇

၁၃။ လဘက်ရည်ဆိုင် ၁၀၇

၁၄။ ရွှေဝတ်ရည်မဂ္ဂဇင်းအင်တာဗျူး ၁၁၅

## ဇော်ဇော်အောင်၏ အမှာစာ

၁။ အစိမ်းရောင် ဖိုင်တွဲတစ်တွဲနှင့် စာမူတစ်ထပ်ကြီး ရောက်မလာခင်ကပင်၊ သူ့စာတွေကို ဖတ်ခဲ့ပါသည်။ အလေးထားရမည့်စာ၊ အလေးထားရမည့် သူ ဟု သဘောပေါက်ထား၏။ ယခု "ပြတင်းပေါက်မှ ကြည့်သူ၏ စိတ်ကူးများ"ကို ဖတ်ရ၏။ အမှာစာ ရေးဖို့ အကြောင်း သင့်လာပါသည်။ အမှာစာဆိုသောအရာမှာ ဘာတွေပါရမည်လဲ။ ပါတတ် သည်လဲ။ စာအုပ်ကို မိတ်ဆက်ပေးမည်။ ကောင်းကြောင်း ချီးကျူးမည်။ စာရေးသူ အကြောင်း ပြောမည်။ စာအုပ်အကြောင်းအရာကို သုံးသပ် ပြမည်။ တစ်ခါတစ်ရံ စာအကြောင်း၊ စာအုပ်အကြောင်းနှင့် စာရေးသူ အကြောင်းက နည်းနည်း၊ အမှာစာ ရေးသူက သူ့အကြောင်းတွေ လျှောက်ပြော၊ အကြွားအဝါတွေ ပါလိုပါ၊ မဆိုင်တာတွေ ပါလိုပါ၊ သည်လို အမှာစာ တွေလည်း တွေ့ရတတ်သည်။ ဖြစ်သင့်သည်ဟု ထင်သည်မှာ အမှာစာကြောင့် မူလစာအုပ်နှင့် စာရေးသူတို့ အရည်အသွေး ပိုတောက်ပ လာရမည်။ ပိုစိတ်ဝင်စားဖွယ် ဖြစ်လာရမည်။ ရုပ်လုံး ကြွလာရမည်။ အချို့ မှုန်ဝါးနေ သည်များ ရှင်းလင်းပေါ်လွင်လာရမည်။ ထိုသို့ ဖြစ်သင့်သည့်အတိုင်း ဖြစ်မဖြစ်တော့ မသိပါ။ သူ့စာအုပ်ကို ကျွန်တော် အမှာစာ ရေးလိုက်ပါပြီ။

၂။ ကိုတာ ကို သိခဲ့တာ သိပ်မကြာသေး။ တစ်နှစ်ကျော် လောက် သာ ရှိပေဦးမည်။ ကျွန်တော့်သူငယ်ချင်း ခင်မောင်ရင် ခေါ်လာ၍ မိတ်ဆက်ပေးသည်။ သူ ပြောချင်ရာကို အမြဲတမ်း ပြောချင်သလို ပြောချတတ်သော ခင်မောင်ရင်က - - -"ခပ်ကြောင်ကြောင် အထူးကု ဆရာဝန် - - -" ဟု ဆို၏။ ခင်မောင်ရင်၏ အထာကို ကျွန်တော် သိသည်။ သူက ခပ်ကြောင်ကြောင်ဟု ပြောသူတစ်ယောက်ကို ပေါ့တီးပေါ့ဆ သဘောထားမရကြောင်း ကျွန်တော် သိလိုက်သည်။ ပုံမှန် တွေး၊ ပုံမှန် စဉ်းစား၊ ပုံမှန် ပြောဆိုလုပ်ကိုင်၍ ဘဝကို ပုံမှန် နေထိုင်သွားတတ် ကြသော၊ "ပုံမှန်လူ" များထဲမှ ဘာမှ ထူးထူးခြားခြား မရနိုင်ဟု ကျွန်တော် ယူဆပါသည်။ ကိုတာသည် တွေးရိုးတွေးစဉ် သမားရိုးကျ လမ်းကြောင်း အတိုင်း တွေးသူတစ်ယောက် မဟုတ်ကြောင်း တစတစ သိလာရပါသည်။ ထို့ကြောင့် သူ့ကို ကျွန်တော် လေးစား၏။

၃။ ကျွန်တော်တို့ စာပေအနုပညာနယ်မှာ ( အထူးသဖြင့် ပို့စ်မော်ဒန် သမားများ ) ပြောလေ့ရှိသော စကားတစ်ခွန်း ရှိသည်။ **OFF - THE -- MAINSTREAM** ဆိုသော စကားဖြစ်၏။ ပင်မရေစီးကြောင်းကို ဖယ်ခွာ၍ ( သို့မဟုတ် ) မူလလမ်းကြောင်းမှ ခွဲထွက်၍ - - - ဟု အဓိပ္ပါယ် ရပါသည်။ အစဉ်အလာအတိုင်း ရှိခဲ့သော၊ အစဉ်အလာအတိုင်း လက်ခံကျင့်သုံးခဲ့သော၊ အစဉ်အလာအတိုင်း ဖန်တီးဆောင်ရွက်နေကြသော၊ စာပေ အနုပညာ စသည့် ယဉ်ကျေးမှု အခြင်းအရာများကို ရုတ်ချည်း ပြောင်းလဲ ဖြစ်ပေါ် စေခြင်း မျိုးဟု ယူဆရပါမည်။ **ABRUPT CHANGE** ဟု ခေါ်တတ် ကြပါသည်။ အခြေခံ အရင်းအမြစ်မှ စ၍ လုံးဝဥဿုံအဆက်ဖြတ် ပြောင်းလဲသွားခြင်းမျိုးဟုလည်း ဆိုနိုင်ပါသည်။ **RADICAL BREAK** ဟု ခေါ်ဝေတ် ကြပါသည်။ ယင်းတို့ကို "ပို့စ်မော်ဒန် စာပေအနုပညာများ"၏ အဓိကလက္ခဏာ/ ပင်မ တရားကိုယ်

များဟု ယူဆကြပါသည်။ ကျွန်တော်တို့မှာ - - -" လမ်းရိုးဟောင်းတွင်၊ ဆင့်ကာထွင်၊ သုတ်သင်ကာမှု၊ ရွှေ့ယှက်ကာရ"ဟူသော စကားတစ်ခွန်း ရှိခဲ့ပါသည်။ ပြောခဲ့တာများ၍ နားယဉ်နေပါပြီ။ ထိုစကားရပ်တွင် "လမ်းသစ်"ဟူသော သဘောရိပ်ခြည် မပါဝင်ပါ။ ဆင့်ကာ ထွင်ခြင်းမှုဖြင့်၊ သုတ်သင်ကာမှုဖြင့် "အသစ်"ရ မရ စဉ်းစားဖို့ လိုအပ်ပါသည်။ ဤကိစ္စနှင့် ပတ်သက်၍ ကိုတာက ဤသို့ ဆိုထားပါသည်။

> အဟောင်းမှ အသစ်သို့ ပြောင်းသောအခါ လမ်းရိုးဟောင်းတွင် ဆင့်ကာထွင်ခြင်းလည်း ရှိပါသည်။ တစ်ဖြောင့်တည်းဖြစ်သော လမ်းများတွင် (LINEAR AND CONTINUOUS) အဟောင်းပေါ်မှ တစ်ဆင့်တစ်ဆင့် ထွင်ခြင်းများ လုပ်ရန် ဖြစ်သော် လည်း တစ်ဖြောင့်တည်း မဖြစ်ဘဲ၊ တဆက်တည်း မဟုတ်သော ပြောင်းလဲမှုများတွင် အရာရာတိုင်းကို လမ်းအသစ်ဖြင့် ကြည့်ဖို့ လိုလျှင် လိုပါလိမ့်မည်။ ထိုသို့ ပြောင်းပြန် ဇောက်ထိုး ကြည့်ခြင်း (UPSIDE- DOWN THINKING) ကို တဆက်တည်း ကြည့်သူများ နေမြဲနေလိုသူများ လက်သင့်ခံရန် ဝန်လေးလေ့ ရှိကြပါသည်။ ကိုပါးနီးကပ်နှင့် ဂလီလီယိုမှာ ပြောင်းပြန် စဉ်းစားသူများ ဖြစ်ပါသည်။ မက်စ်နှင့် အိုင်စတိုင်းတို့သည်လည်း ထိုနည်းငှင်းပါပဲ။
>
> "မောင်တာ၏ ကန့်လန့်အတွေးများ "- - -မှ။

ဆက်လက်၍ ကိုတာက ယခုခေတ်/ကာလ "ဆိုရှယ်လစ်စနစ်မှ ဈေးကွက်စနစ်သို့ အပြောင်း"၊ နှစ်သုံးဆယ်လောက် အိပ်နေရာက နိုးထလာခြင်းကို တစ်ဖြောင့်တည်း/ LINEAR လား၊ တစ်ဖြောင့်တည်း မဟုတ်သော/ NONLINEAR အပြောင်းအလဲလားဟု မေးခွန်းထုတ်ပါသည်။ တစ်ဖြောင့်တည်း မဟုတ်သော အပြောင်းအလဲ ( ဝါ ) စဉ်းစားခြင်း လိုအပ်မည် မထင်ဘူးလားဟုလည်း ဆက်မေးပါသည်။ ဆက်လက်၍ ပြောင်းပြန် စဉ်းစားခြင်း၊ ဖေါက်ထွက် စဉ်းစားခြင်း စသည်တို့သည် နာမည်ကွဲသော်လည်း သဘောတစ်ခုတည်းပါ ဟု ဆိုထားပါသည်။ ( ၄င်းစာတန်း ~ ~ ~ ကြည့် )

အထက်တွင် ကျွန်တော် တင်ပြခဲ့သော OFF - THE - MAIN-STREAM/ ပင်မရေစီးမှ ခွဲထွက်ခြင်း အတွေးအခေါ် နှင့် တစ်သဘောတည်း ဖြစ်ပါသည်။ ကျွန်တော်က "ပို့စ်မော်ဒန် စာပေ အနုပညာဖန်တီး ဆောင်ရွက်မှုများအကြောင်း ပြောသည်။ ကိုတာ က လွှမ်းခြုံသော အထွေထွေ အတွေးအခေါ် လမ်းကြောင်း/ TREND ကို ပြောသည်။ ဖြန့်ထွက်တွေးခြင်း၊ ပြောင်းပြန်ဇောက်ထိုး စဉ်းစားခြင်း၊ ဖေါက်ထွက်ခြင်း၊ ခွဲထွက်ခြင်း၊ မူလလမ်းကြောင်းကို ဖယ်ခွာခြင်း၊ အခြားသောနည်းဖြင့် စဉ်းစားခြင်း ( ALTERNATIVE THINKING ) စသည်တို့သည် ယနေ့ "ပို့စ်မော်ဒန်ခေတ်၏ ကြောင်းတူသံကွဲ ပညတ်များ"သာ ဖြစ်သည်ဟု ယေဘုယျ မှတ်ယူထားသင့်ပါသည်။ ကိုတာ က ထိုသို့ဖေါက်ထွက် မစဉ်းစားချင်ဘူးလားဟု မေး၍၊ "နည်းနည်း စဉ်းစားပေးကြပါရန်" တင်ပြထားသည်။

၄။ နောက်တစ်ချက် သူ ဆက်တင်ပြသည်မှာ PARADIGM SHIFT အယူအဆ ဖြစ်သည်။ "ရှေးက ချထားတဲ့၊ ရှိနေတဲ့ စနစ်၊ ဘောင်၊

လမ်းညွှန်ချက် – – –”ဟု ဖွင့်ဆိုပြထားပါသည်။ သူပြောသော စနစ်၊ ဘောင်၊ လမ်းညွှန်ချက် ဆိုသည်တို့မှာ အခြေတကျ ဖြစ်နေသော၊ အခိုင်အမာ တည်ရှိနေသော **ESTABLISHMENT** ကြီးတစ်ခုလုံးဟု ကျွန်တော် နားလည်ပါသည်။ လက်ရှိ လူ့အဖွဲ့အစည်း၏ အထွေထွေသော၊ အထူးထူး အပြားပြားသော အတွေးအခေါ် အယူအဆများ၊ သတ်မှတ်ချက်များ၊ အခြင်းအရာများ နှုန်းစံများ ပေါင်းစုထားသည့် အဆောက်အအုံကြီး တစ်ခုလုံးကို ဆိုလိုပါလိမ့်မည်။ ထို အဆောက်အအုံကြီး တစ်ခုလုံး ပြောင်းရမည်ဟု ဆိုလိုဟန် ရှိပါသည်။ ကိုတာက စကားသုံးရိုးရိုးဖြင့် “လမ်းအိုကြီး” “အဟောင်းကြီး”ဟု သုံးပါသည်။ ထိုအဟောင်းကြီးထဲမှ ထွက်လိုသော ဆန္ဒနှင့် ထွက်ခြင်းအတွက် **စိတ်ရွှေ့မှု** ရှိသင့်ကြောင်း ဆက်ပြောပါသည်။ စိတ်ရွှေ့မှုရှိမှ အသစ်ကို ရမည်။ အကောင်း ထွက်ပေါ်လာမည်ဟု သူ ပြောထားပါသည်။ ( မဂ္ဂဇင်းတစ်စောင်နဲ့ အင်တာဗျူးအကြောင်း – – – ကြည့်ပါ။ ) “စိတ်ရွှေ့မှု”ဆိုသည်မှာ ကျွန်တော် တစ်နည်း နားလည်သည်က – – – စိတ်သေမသွားဖို့ – – – ဖြစ်သည်၊ အသစ်ကို ရှေ့ရှုသည်။ အကောင်းကို ရယူကြိုးပမ်းသည် ဆိုရာတွင် စိတ်က အမြဲအသစ် ဖြစ်နေရပါမည်။ ဆရာဇော်ဂျီက – – – **အသိသစ်စခန်း**၊ ပညာသစ် **စခန်း** ဆိုသော စကားများ သုံးခဲ့ဖူးပါသည်။ အသစ်ကို သွားချင်သည်၊ အသစ်တည်ဆောက်ချင်သည်ဟု ပါးစပ်က ပြောရုံနှင့်မရ၊ စိတ်ကပါ အမြဲတစေ သစ်နေရပါမည်။ စိတ်ရွှေ့မှုမှာ ဤသဘောပင် ဖြစ်ပါလိမ့်မည်။ ထိုသို့ အသိသစ်စခန်း ပညာသစ်စခန်းသို့ ရှေ့ရှုတက်လှမ်းရာတွင် – – – စိတ်ရွှေ့မှု – – – မရှိပါက၊ တဏှာသိုလ် မင်းမော်၏ ကဗျာတစ်ပုဒ်ထဲမှာလို ဖြစ်နေလိမ့်မည်ဟု သဘော ရပါသည်။ အဟောင်းထဲမှာ တရှန်းရှန်း နေမလား။ အသစ်ထဲမှာ မွေ့လျော် နေပျော် မလားဆိုသော မေးခွန်းကို ဖြေကြဖို့ အချိန်တန်ပြီဟု ကျွန်တော် မပြောချင်ပါ။

တကယ်တမ်း ထိုမေးခွန်းသည် အမြဲတမ်း မေးနေရမည့် မေးခွန်း ဖြစ်ပါသည်။ ကိုတာ ကတော့ "စဉ်းစားပေးကြပါ ခင်ဗျား"ဟု ယဉ်ယဉ်ကျေးကျေး ပြောထားပါသည်။

၅။ ကိုတာ ပြောပုံမှာ ယဉ်ကျေးပါသည်။ တစ်ခါတစ်ရံ နှိမ့်နှိမ့်ချချ ရိုးကျိုးစွာပင် ပြောသည်။ အပြောအဆို လိမ်မာသည်ဟု ဆိုရပါမည်။ သို့သော် သူပြောလိုရာကို ရောက်အောင် ခိုင်ခိုင်မာမာ ပြောသည်။ ပြတ်ပြတ်သားသား ပြောသည်ကို တွေ့ရ၏။ တစ်နေရာမှာ ဤသို့ ရေးထားသည်။

> အတိတ်က ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ထုံးစံ၊ အတွေးအခေါ်များနှင့် ခင်ဗျား ဆက်စပ် နေပါသည်။ သို့သော် အနာဂတ် ကတော့ ဝင်းလက်နေရပါမည်။ အနာဂတ်က သင့်အိပ်မက် အတိတ်ထက် ပိုနေရာ ယူရမည်ဟု ထင်ပါသည်။ အနာဂတ်က ပိုကြီးကျယ် သင့်ပါသည်။ အတိတ်ကို အဆက်ဖြတ်ရမည်ဟု မဆိုလိုပါ။ အတိတ်ကို နေရာပေးရမည် ဖြစ်သော် လည်း ထိုနေရာမှာ သိပ်အရေးမပါသော နေရာသာ ဖြစ်သင့်ပါသည်။

" ~ ~ ~ ကန့်လန့်အတွေးများ ~ ~ ~ မှ "

"သိပ်အရေးမပါသော နေရာ"ဆိုသော စကားရပ်ကို ဆင်ခြင် ကြည့်သင့်ပါသည်။

သူသည် "အနာဂတ်"ကို ဝင်းလက်စွာ မျှော်မှန်းသူ ဖြစ်၏။ သို့သော်

ဘာမှမလုပ်၊ ငုတ်တုတ်ထိုင်၍ စိတ်ကူးယဉ်အိပ်မက်ဖြင့် မျှော်မှန်းသူ မဟုတ်၊ အနာဂတ်အတွက် ကြိုတင်ပြင်ဆင်ဘို့ စိတ်အားသန်သူ ဖြစ်၏။ ထိုအချက်ကို "ကျောင်းကောင်း" "နံနက်စာ စက်ရုံ" "ကော့စမိုပိုလီတန်" "အာရှရိုနေဆန်" စာတန်းများမှာ ပေါ်လွင်ထင်ရှားစွာ တွေ့ရပါသည်။ စင်စစ်သူရေးသမျှစာ (ယခု စာအုပ်အပါအဝင်၊ ယခင်ထွက်ပြီး "ဖြန့်ထွက်တွေးခြင်း"နှင့် "ရယ်ရွှင်ဖွယ်"စာအုပ်) များတွင် သူ တဖွဖွ ပြောခဲ့သည်မှာ အနာဂတ်အတွက် ကြိုတင်ပြင်ဆင်ဖို့၊ အတွေးအခေါ် ဟောင်းတွေ၊ စဉ်းစားနည်း အဟောင်းတွေ ပြောင်းဘို့၊ နည်းသစ် လမ်းသစ်တွေ ရှာဖို့ စသည်တို့ချည်းသာ ဖြစ်ပါသည်။ စေတနာ၏ အသံများ၊ စေတနာ၏ ရနံ့များ၊ စေတနာ၏ အငွေ့အသက်များကို အသေအချာ တွေ့နေရပါသည်။ ကျွန်တော် အထူးသတိပြုမိလိုက်သော အချက်မှာ "ပညာရေး" အယူအဆများ ဖြစ်သည်။ အရင်းရှင်ခေတ်လွန် ၂၁ ရာစုနှစ်က လာနေပါပြီ။ ထိုခေတ်မှာ "ပညာသည် စီးပွားအရင်းအမြစ်၊ ပညာသည် တန်ခိုး"ဟု ဆိုထားပါသည်။ တော်ဖလာနှင့် ပီတာဒရပ်ကားတို့ကို ကိုးကား၍ သူ ဤသို့ ပြောသည်။

> ပထမလှိုင်း နိုင်ငံကနေ တတိယ လှိုင်းနိုင်ငံ ဖြစ်စေဖို့ မြေကြောရှုံ့တဲ့နည်းဟာ ပညာကလွဲလို့ အခြားဘာမှ မရှိဘူး။ အဲဒီတော့ ပညာတတ်အောင် လုပ်ပေါ့ဗျာ။

( မဂ္ဂဇင်းတစ်စောင်နှင့် အင်တာဗျူးခန်း ~ ကြည့် )

စကားကို ထိန်းထိန်းသိမ်းသိမ်း လိမ်လိမ်မာမာ ပြောတတ်သော ကိုတာသည် ဤနေရာတွင် "ဝစနာလင်္ကာရ"တွေ သုံးမနေတော့။ "ပညာကလွဲလို့ အခြားဘာမှ မရှိဘူး"ဟု ပြတ်ပြတ်တည့်တိုး ပြောသည်ကို သတိပြုမိပါသည်။

၆။ နောက်ထပ် သတိပြုမိသော အချက်တစ်ချက် ရှိသေးသည်။ ထိုအချက်မှာ "လူငယ်တွေအပေါ် သဘောထား" ဖြစ်၏။ "လက်ဖက်ရည် ဆိုင်" စာတန်းကို အလေးအနက် ဖတ်ကြည့်သင့်ပါသည်။ အထူးသဖြင့် လူငယ်တွေအပေါ်မှာ အမြင်မကြည်သော လူကြီးများ အလေးအနက် ဖတ်ကြည့်ဖို့ လိုအပ်ပါသည်။ (ဖတ် မဖတ်မှာ သူတို့ကိစ္စ ဖြစ်ပါသည်။) သို့သော် ဤစာတန်းတွင် ကိုတာ တင်ပြထားသော ကိစ္စသည် တစ်နိုင်ငံလုံး၏ ကိစ္စ၊ ကျွန်တော်တို့နိုင်ငံ၏ အနာဂတ်ကိစ္စ ဖြစ်သည်။ ကျွန်တော်တို့၏ အနာဂတ် ကိစ္စ ဖြစ်သည်။ ထိုကိစ္စကို သူ အလေးအနက် စဉ်းစား၍ တင်ပြထား၏။ မေးခွန်းတွေလည်း ဆင့်ကာဆင့်ကာ ထုတ်ထား၏။ "အရင်က လက်ဖက်ရည် ဆိုင် ထိုင်တဲ့လူတွေကို ကျွန်တော် အထင်သေးတတ်တယ်၊ ယခုတော့ အဲဒီလူတွေ ကြည့်ပြီး ဝမ်းနည်းနေတယ်...." ဟု သူစာကို အဆုံးသတ် ထားသည်။ ယနေ့နိုင်ငံ၏ ဝမ်းနည်းစရာ ဖြစ်ရပ်တစ်ခု၊ ကြေကွဲဖွယ်ရာ ဖြစ်ရပ် တစ်ခုဟု ကျွန်တော် ခံစားရပါသည်။ စင်စင် ထိုမျှမက၊ အလွန်ထိတ်လန့် တုန်လှုပ်ဖွယ်ရာဖြစ်ရပ်ဟုပင် ကျွန်တော် ခံစားရပါသည်။

> ဝင်းသိန်းတို့ဆိုင်က မန်ကျည်းပင်ကြီးအောက်က ကွပ်ပျစ်ပေါ်မှာတော့ လူငယ်တွေ လေကန် နေတတ် တယ်။ အိမ်မှာထက်တော့ ဒီက လွတ်လပ်တယ် ထင်ပါရဲ့။ လက်ဖက်ရည်ဆိုင်မှာပဲ သူ့နေရာရှိတယ် ထင်ပါရဲ့။ အရင်က လက်ဝဲ စာပေဖတ်သူလည်း အရင်က သူ့တန်ဖိုးတွေ ကျိုးပျက်သွားပြီ။ ဘာယုံရမှန်း မသိဘူး။ စာအုပ်အသစ်တွေလည်း မဖတ်ရဘူး၊ ထွက်လာတဲ့ စာအုပ်တွေကလည်း လဘော်သရေ

နိုင်တယ်။ သူ့အနာဂတ်ကိုမတွေ့ရတော့ဘူး။ နောက်နှစ်များမှာ သူဘာဖြစ်မယ်ဆိုတာ သူ မသိဘူး။ ဒီလိုပဲ သူနေသွားရမှာပဲလား။

"လက်ဖက်ရည်ဆိုင်..... မှ"

အာကာသထဲက နဂါးငွေတန်းရဲ့ ဟိုဘက်တစ်နေရာက BLACK HOLE တွင်းနက်ကြီးသည် ကျွန်တော်တို့နှင့် "အလင်းနှစ်" သန်းပေါင်းကုဋေကုဋာ ကွာပါလိမ့်မည်။ ကိုတာ ပြောသော တွင်းနက်ကြီး က ခင်များ အခုထိုင်နေသော လက်ဖက်ရည်ဆိုင်ကို အုပ်မိုးထားသည်။ စဉ်းစားကြဖို့ ကောင်းပါသည်။ (မစဉ်းစားချင်လည်း ရပါသည်။)

၇။ နောက်ဆုံးပြောဖို့ စကားအနည်းငယ်သာ ကျန်ပါတော့သည်။ ကိုတာ ကို ကျွန်တော် ပြောချင်သော စကားများ ဖြစ်၏။ သူ့ကို ပေးချင် အကြံများ ဟု ခေါ်ရပါမည်။ ကျွန်တော့်မှာ အကြံပေးပိုင်ခွင့်ရှိသည်ဟုလည်း ယူဆပါသည်။

သူလေးစားသော၊ ကျွန်တော်လည်း လေးစားသော ဆရာပါ (ပါရဂူ) က သူ့ကို ဤသို့ ပြောပါသည်။

"ကိုယ်ယုံကြည်တာ၊ ကိုယ်ကောင်းတယ် ထင်တာ လုပ်ကြတာပါပဲ၊ လူတွေကတော့ အမျိုးမျိုး ပြောမှာ ပေါ့ဗျာ"

"မဂ္ဂဇင်း အင်တာဗျူး . . . မှ"

ဆရာပါ၏ စကားက လူကြီး ဆန်သည်။ ပညာရှိ ဆန်သည်။ ကျွန်တော့်အဆင့်က ဆရာပါရဂူ၏အဆင့် မဟုတ်ပါ။ ထို့ကြောင့် တုံးတိတိ၊ ပညာရှိ မဆန်၊ လူကြီးမဆန် ဖြစ်ကောင်း ဖြစ်ပါလိမ့်မည်။

ကိုတာကို အကြံပေးလိုသည်မှာ... ခင်ဗျား တင်ပြတဲ့ "အတွေး အခေါ်"ကို ဘာမှ မပြောပဲ၊ တင်ပြပုံ နည်းပညာ ဆန်တယ်၊ အကျိုးရှိတဲ့ စာကို ရသပုံစံနဲ့ တင်ပြရင် ပိုကောင်းမယ်တို့၊ ဖြစ်ရပ်အကြောင်း တင်ပြမှုနဲ့ နည်းပညာဆန် တဲ့ ပုံစံတွေ ရောနေတယ်တို့၊ "ဖြန့်ထွက်တွေးခြင်း" ဆိုတာ အယူအဆ အသစ်ကို ဖေါ်ထုတ်ပေးတာ မဟုတ်ဘူးလို့ ဆိုတဲ့ ဗရိုးဗရား ဝေဖန်ချက်တွေ ထည့်ကို မစဉ်းစားနဲ့။ LATERAL THINKING ဆိုတဲ့ စာအုပ်လည်း မဖတ်ဖူးဘူး။ ခင်ဗျား ပြောတာလဲ သဘောမပေါက်ဘူး။ ဒါပေမယ့် ဝင်ဝင်ပြီး ပြောချင်တဲ့ လူတွေ ကျွန်တော်တို့ စာပေလောကမှာ အတော်များ နေပါတယ်။ အဲဒီလူတွေကို အရေးမထားနဲ့၊ ခင်ဗျား ယုံသလား၊ ကောင်းတယ် ထင်သလား။ ပြောချလိုက်။ ရေးချလိုက်။ ဘာသာစကားဆိုတာ "ဆက်သွယ်မှု" COMMUNICATION ပဲ။ ဘယ်လိုရေးရေး ရတယ်။ အရေးပုံစံတွေဟာ ဒီနေ့ အကုန်ရောနေတယ်။ အမျိုးအစား GENRES တွေရဲ့ နယ်နိမိတ်တွေ ကျိုးပျက်နေတယ်။ ခင်ဗျားရေးတဲ့ စာဟာ ရသ ပုံစံစာတန်း ဖြစ်ချင်ဖြစ်မယ်။ နည်းပညာဆန်တဲ့ တင်ပြပုံ ဖြစ်ချင်ဖြစ်မယ်။ ဆိုပါတော့... "ရွာလွမ်းချင်း"နဲ့ "ကျောင်းကောင်း" ကွဲပြားမယ်။ "နံနက်စာစက်ရုံ"နဲ့ "လက်ဖက်ရည်ဆိုင်" မတူဘူး။ ဒါပေမယ့် အဲဒါတွေအားလုံးဟာ ဘာသာ စကား MEDIUM ကို သုံးထားတဲ့ "စာသား" TEXT တွေ ဖြစ်တယ်။ "စာ" DISCOURSE တွေ ဖြစ်တယ်။ အတူတူပဲ ။ နယ်နိမိတ်များ ပျောက်ကွယ် ခြင်းကို " တစ်က ပြန်စ" ရှင်းနေရရင် ခင်ဗျား ပြောချင်တာတွေ ပြောဘို့ အချိန်ရတော့မှာ မဟုတ်ဘူး။ "ဦးထုပ်ခြောက်လုံး" ကို နားမလည်ရင် မလည်တဲ့လူ ဆက်ဖတ်။ နားလည်ပါလိမ့်မည်။ WATER LOGIC

"ရေလောဂျစ်" ကို နားမလည် ဘူးလား။ ဆက်ဖတ်။ နားလည်လာလိမ့်မယ်။ နားမလည်ဘူး၊ ဆက်မဖတ်ချင်ဘူး ဆိုရင်လဲ ဆက်မဖတ်နဲ့။ အခြေခံ လူ့အခွင့်အရေးပဲ မဟုတ်လား။ အရေးအကြီးဆုံးကတော့ ...( ဆရာပါလည်း ပြောခဲ့ပြီ) ယုံသလား၊ ကောင်းတယ် ထင်သလား။ ရေးချလိုက်ပါ။

နောက်ဆုံး ပြောချင်သည်မှာ ကိုတာ ကျန်းမာရေး ကောင်းအောင် နေပါ။ ခင်ဗျားမှာ ရေးစရာတွေ အများကြီး ရှိနေကြောင်း ကျွန်တော် သိနေသည်။

**ဇော်ဇော်အောင်**
**ဒီဇင်ဘာ၊ ၉၅**

# ပြတင်းပေါက်မှ ကြည့်သူ၏
# ဝန်ခံချက်



## ပြတင်းပေါက်မှ ကြည့်သူ၏ ဝန်ခံချက်

ပြတင်းပေါက်မှ လေများသည် လန်းဆန်းခြင်းကို သယ်ဆောင်လာသည်။ အနောက်တောင်ဆီမှ ရွာမည်ဟန်ပြုလျှင်မူ မိုးရနံ့ကို ရသည်။ အရှေဘက်မှ နေရောင် ဝင်လာလျှင်လည်း "နေလည်း ထွက်ပါပေါ့" လို့ သိရသည်။ ပြတင်းပေါက်မှ ကြည့်လို့ရသည်။ ပြတင်းပေါက်မှ သရက် ပင်အုပ်များကို လှမ်းမြင်သောအခါ သစ်တောယဉ်ကျေးမှုကို လွမ်းသလို ဖြစ်ရသည်။ ရွှေပြည်ကြီးမှ ကျွန်တော်သည် ပြတင်းပေါက်မှ လှမ်းမျှော် ကြည့်ရုံသာ တတ်နိုင်လေသည်တကား။

"ပြတင်းပေါက်မှ ကြည့်ခြင်း" ဟူသော စာတမ်း တစ်စောင်ကို ထိုသို့ ကျွန်တော် စတင် ရေးသားခဲ့ပါသည်။ ပြတင်းပေါက်မှ ကြည့်ခြင်း ဟူသော ခေါင်းစဉ်တပ်ခြင်းမှာ သရဲဘောကြောင်၍ ဖြစ်ပါသည်။ ပိုက်ဆံမရှိသော်လည်း ဘုရားပွဲတွင် ပျော်ရွှင်တတ်သော သူများ၊ မိုးလေဝသ မမှန်သော်လည်း သိပ်မတုန်လှုပ်တတ်သော တောင်သူများ၊ တော်တော် မှန်သော အမှန်ကိုသာ မျှော်လင့်တတ်သော ပညာတတ်များ၊ ထိုသို့သော သူများမှ ယူဇနာ တော်တော်များများ ကင်းဝေး၍ ငွေအကြောင်း ပြောနေကြသူများ၊ ည ကပွဲ တက်သူများ၊ ကျန်းမာရေးအတွက် ဂေါက်သီး ရိုက်သူများ အကြားတွင်

ကျွန်တော် ရောက်ရှိနေသည်ဟု ကိုယ့်ကိုယ်ကို သိ သိ နေသောကြောင့်လည်း ဖြစ်ပါသည်။ အံ့ဝင်ခွင်ကျတော့ ဖြစ်မှာမဟုတ်ဟု တွေးမိသောအခါ ခပ်တည်တည်ပင် ကျွန်တော်က ပြတင်းပေါက်မှ ကြည့်တာပဲဟု ကြိုကြို တင်တင် ကာကွယ်ခြင်းသာ ဖြစ်ပါသည်။

စာရေးတယ်ဆိုတာ ကိုဖိုးသိ လုပ်ရတာပဲဗျ ဟု တင်မောင်သန်း က ပြောဖူးသည်။ သူတော့ သူ ဘယ်လောက်ဖတ်သလဲ။ ကျွန်တော် မသိပါ၊ ကျွန်တော့်ကိုယ်ကျွန်တော် သိနေသည်မှာတော့ ကံကောင်း၍ စာအုပ်လေး တစ်အုပ်စ နှစ်အုပ်စ ဖတ်ခွင့်ရသည်မှအပ ဟုတ္တိပတ္တိ ကျွန်တော် သိပ်မသိပါ။

"ရွှေဝတ်ရည်" အယ်ဒီတာက ခင်ဗျားကလည်း အတွေးတွေ ပြောင်းရမယ်ချည်း ပြောနေတယ်၊ အတွေးပြောင်းပြီးတော့ ဘာလုပ်ရမှာတုန်း ဟုမေးဖူးပါသည်။ စာဖတ်ပေါ့ဗျဟု ဖြေခဲ့ပါသည်။ တတ်အောင် လုပ်ပေါ့ဗျ ဟု ပြန်ပြောခဲ့ပါသည်။ ဒီမေးခွန်းက ကျွန်တော် ဖြေစရာလား၊ ခင်ဗျား ဘာလုပ်ရမယ်ဆိုတာ ခင်ဗျား စိတ်ကူးပြောင်းပြီးလျှင် ခင်ဗျားဟာ ခင်ဗျား ရှာရမှာ ဟု ဘုမှတ်ခဲ့ပါသည်။

ပြောင်းလဲနေသော ဒွန္ဒယာကြီးမှာ ကိုယ့်ဟာကိုယ်ပင် ဘာလုပ်ရမှန်း မသိသော ကျွန်တော့်အဖြစ်ကို သူ သိရဲ့လား။ မိုးကောင်းကင်ကြီးမှာ ယခု ပြာလိုက် ယခု နီလိုက် ပြတင်းပေါက်မှ ကြည့်သောအခါ အမှောင်တိုက်များ ခပ်အုံ့အုံ့ ထိုရောအခါတွင် ခပ်ကုတ်ကုတ်နေမည်ဟု တွေးနေသော ကျွန်တော်သာ ဖြစ်သည်။

တစ်နေ့က ဒေါက်တာရဲမြင့်အား ဟိုက်ဇင်းဘတ်၏ မသေချာမှု နိယာမအား ရှင်းပြ ခိုင်းပါသည်။ "အလွယ်ဆုံး ဥပမာ ကတော့ ကြယ်ရောင် ပေါ့ဗျာ၊ ကြယ်ရောင် ကမ္ဘာကြီးကို ရောက်ဖို့ သို့မဟုတ် ခင်ဗျား ဆီကို ရောက်ဖို့ အလင်းနှစ်သန်းပေါင်းများစွာ လာရတယ်။ အဲဒီအလင်း ခင်ဗျားဆီ ရောက်လာတဲ့အခါမှာ ခင်ဗျားက ကြယ်ကို မြင်တယ်၊ ကြယ်ကို သိတယ်၊

ဒါပေမယ့် အဲဒီအချိန်မှာ ကြယ်က ရှိချင်မှ ရှိတော့မယ်၊ ခင်ဗျားသိတဲ့ ခင်ဗျား ရှိတယ်လို့ သိတဲ့ကြယ်က မရှိတော့ဘူး” တစ်ခြား ဥပမာတွေကို ရှင်းပြသော်လည်း ကျွန်တော် နားမလည်လှပါ။

ပီတာဒရပ်ကား၏ ကိုယ်ရေးအတ္ထုပ္ပတ္တိစာအုပ်ခေါင်းစဉ်ကို ကျွန်တော် ကြိုက်နေသည်မှာ ကြာပါပြီ။ နံဘေးမှ နေသော လူတစ်ယောက်၏ စွန့်စားခန်းများတဲ့။ သူလည်း ဇာတ်ခုံနံဘေးမှနေသော ဇာတ်ခုံပေါ် တက်မကသော လူတစ်ယောက် ဖြစ်မှာပေါ့။ ဘေးထိုင်၍ ကျွန်တော်လည်း ဘုပြောသည်။ “သို့သော် ဘေးကနေမှလည်း ကြည့်တတ်တာပါ။ ကြည့်တတ်ပြီး မလုပ်တတ်လည်း အလကားပါပဲ” ကျွန်တော်၏ လွန်ဆွဲသော အတွေးများ ဖြစ်ပါသည်။

ယခု ကျွန်တော် လုပ်နေသည်မှာတော့ အင်္ဂလိပ်စာကို ပိုချော အောင် ကြိုးစားသည်။ အရင် မအား၍ မသင်ခဲ့သော ကွန်ပျူတာကို ယခု သင်မှပဲဟု ဆုံးဖြတ်သည်။ စီမံခန့်ခွဲမှုသင်တန်း တက်အုံးမှပဲ ဟုလည်း တွေးနေသည်။ ဒွန္တယာကြီးမှာ တစ်ခုခုကတော့ လုပ်နေရမှာပါဘဲ၊ ကြိုးစားတာ ကတော့ ကြိုးစားနေရမှာပါပဲ။

အမေက ငါ့သားတွေ ကြိုးစားလိုက်ကြရတာ ဘာမှလည်း အရာမထင်ကြပါဘူးကွယ်ဟု တစ်ခါက ပြောဖူးပါသည်။ စာဖတ် ဝါသနာ ပါသော သားကြီးဩရသ ကျွန်တော်က ပညာပါရမီ ပါမှာပေါ့ အမေရ၊ ဥစ္စာပါရမီဆိုတာ မရှိ၊ အာဏာပါရမီ ဆိုတာလည်း မရှိပေမယ့် ပညာပါရမီ ကတော့ ရှိတယ်ဗျ၊ ဘုရားဟောတာပဲ၊ ဘုရားဟောဆိုလျှင် ကောင်းတယ် မဟုတ်လား၊ အမေ့သားတွေ ကောင်းတာလုပ်နေတာပေါ့ အမေရာ ဟု ပြန်ပြောခဲ့ပါသည်။ ခင်ဗျားတို့လည်း ကျွန်တော့်ကဲ့သို့ တစ်ယောက်ယောက် အား ပြန်ပြောတတ်ရန် ထိုစကားလေးအား လက်ဆင့်ကမ်းလိုက်ပါသည်။

"ကိုယ်ကောင်းတယ်ထင်တာ ကိုယ်လုပ်ကြရတာပါပဲ" ဟု ဆရာပါ (ပါရဂူ) က ပြောပါသည်။ ကောင်း မကောင်းတော့ ကိုယ့်ဟာကိုယ်လည်း ဆင်ခြင်၊ ပညာရှိနှင့်လည်းတိုင်ပင် ဒီလိုလုပ်ရမှာ ထင်ပါသည်။ ပြတင်းပေါက် ဖွင့်ထားရန်ကိုတော့ သင်လည်း သဘောတူမည် ထင်ပါသည်။ ကျွန်တော့်အခန်း ပြတင်းပေါက်မှ မိုးကောင်ကင်ကြီးကို လှမ်းကြည့်ရသည်မှာတော့ အရသာရှိလှသည်။ " အာကာခွင်တွင် လေလျှင်လွတ်လပ်" ရလျှင် ဘယ်လောက် ကောင်းမည်နည်း။ ငှက်ဖြူများ ပျံသွားလျှင် "ငှက်ဖြစ်ရလျှင်" အတော်ကောင်းမည်ဟု သဘောကျလေ့ ရှိပါသည်။ လေထဲမှာ ငြိမ့်နေတာပါ၊ တယ်လွတ်လပ်တာပဲ စသည်ဖြင့် တွေးတတ် ပါသည်။ ငှက်ဖြစ်သွားပြီး တောင်တန်းများ ဟိုဘက်၊ သမုဒ္ဒရာများ၏ ဟိုဘက် ရောက်သွား၊ ပန်းချီကားများ ကြည့်ပြီး ပြန်ရောက်သောအခါ၊ စာရေးဖို့ ဝမ်းစာရမှာ သေချာသည်။ ကောင်းတယ် မကောင်းတယ်လည်း အခန်းထဲမှာချည်း အောင်းနေတာထက်တော့ ပိုသိမှာဟု တွေးမိပါသည်။

ပြတင်းပေါက်က မျှော်ကြည့်မနေနဲ့တော့ဗျာ။ အပြင် ထွက်ခဲ့ပါလား ဟု ခေါ်ကြ၍ ကျွန်တော်က ခင်ဗျားတို့လိုပါပဲဗျာ။ စိတ်ကူးထဲက မထွက်နိုင်တာ တစ်ခုပါဟု ပြောလျှင် ရယ်ကြမှာ သေချာပါသည်။ နောက်ကျိနေသော မြစ်ရေများကို မကြိုက်ခြင်း၊ အမှောင်၏ ကြောက်မက် ဖွယ်ရာကို မနှစ်ခြိုက်ခြင်းတို့၌ ခင်ဗျားတို့နှင့် တူပါသည်။ ကိုစောညိန်း၏ သစ္စာကို ကြိုက်ခြင်း၊ ကိုသိန်းမောင်၏ စန္ဒယားသံ၊ တင်မိုး၏ ကဗျာ၊ အမေ၏ နမ်းဖတ်ချဉ်ကို နှစ်ခြိုက်ခြင်း၌လည်း မကွဲပြားကြပါဟု ကျွန်တော် တာဝန်ယူနိုင်ပါသည်။

ယူမိဟာရာ၏ သစ်တောယဉ်ကျေးမှုအကြောင်း ဖတ်ဖူးတာ ပြန်ပြောပါရစေ၊ နည်းနည်းလေးပဲ ပြောမှာပါ၊ နည်းနည်းလေးသာ သိ၍လည်း

ဖြစ်ပါသည်။ ဟို ရှေးရှေးအခါက စပါးယဉ်ကျေးမှု မပေါ်မီ သစ်တော ယဉ်ကျေးမှုဆိုတာ ရှိသတဲ့၊ အဲဒီတုန်းက လူတွေက ရေ မြေ တော တောင် သစ်ပင် မြက်ပင်တွေ အားလုံးဟာ အသက်ရှိတယ်လို့ ယူဆသတဲ့။ အဲဒါကြောင့် "အသက်ရှိတဲ့" အဲဒီ "သဘာဝ" ကို မဖျက်ဆီးဘူးတဲ့၊ လူရော သစ်ပင်ရော၊ အတူ ပျော်ပျော်ရွှင်ရွှင် နေကြသတဲ့၊ ယခု ပြောပြောနေတဲ့ ဂေဟ စံနစ်၊ "သစ်ပင်ကို တော်တော်ခုတ်ပါ တောပြုတ်လိမ့် နောက်နောင်..." တို့ ဘာတို့ ပြောစရာမလိုဘူးတဲ့။ ဒေးကား တို့လို မဟုတ်ဘူးတဲ့၊ ဒေးကားရဲ့ " ငါ တွေးတယ် ဒါကြောင့် ငါ ရှိတယ်" ဆိုတဲ့ အတွေးအခေါ်ကြောင့်၊ အနောက်တိုင်း ဒဿနရဲ့ ဆရာကြီး ဖြစ်တဲ့ အဲဒီဒေးကားရဲ့ "တွေးတတ်တဲ့ လူ" ကြောင့်၊ လူတွေဟာ သစ်ပင်တွေ (သဘာဝ)ကို ဂရုမစိုက်တော့ပဲ ထင်ရာစိုင်းတာတဲ့၊ သဘာဝကို ငါက ပြုပြင်မယ်လို့ စိတ်ကြီးဝင်တော့တာတဲ့၊ ငါနဲ့သဘာဝ သဟဇာတ ဖြစ်ရမယ်ဆိုတာ အခုတော့ အနောက်က လူတွေ ပြောနေကြပြီ။ သစ်တောယဉ်ကျေးမှုခေတ်က လူတွေဟာ အဖန်တလဲလဲ ဘဝ ပြန်လည်ဖြစ်ခြင်းကိုလည်း ယုံသတဲ့ "အဆုံးသတ်ခြင်း" ဆိုတာ အဖန်တလဲလဲ အသစ်ဖြစ်ခြင်းမှာ မရှိဘူး။ "အသက်ရှင်ခြင်း" က မသေဘူးတဲ့၊ "အချိန်" ဟာ ဖန်ဆင်းခြင်းနဲ့ စပြီး အသက်ဆုံးခြင်းနဲ့ အပြီးမသတ်ဘူး၊ ရှင်ခြင်း၊ သေခြင်း၊ ဘဝအသစ် ပြန်ဖြစ်ခြင်း စတဲ့ သဘာဝကြီးဟာ တစ်ခုတည်းပဲတဲ့။ သမိုင်းရဲ့ နိဂုံးမှာ သစ်တောယဉ်ကျေးမှုခေတ်က အတွေးအခေါ်တွေကို ယူမိဟာရာက အစားထိုးချင်နေသည်။

ကျွန်တော် ပြောချင်တာကတော့ အသက်ရှိတဲ့ သစ်ပင်ကို မဖျက်မှတော့ အသက်ရှိတဲ့ လူလည်း ကျွန်တော့်တော့ မဖျက်ပါဘူး။ ငါ တွေးတတ်တယ်ဆိုပြီးလည်း ဆရာသိပ်မလုပ်တော့ဘူး။ မသေတာ ကိုလည်း ကြိုက်တယ်၊ ပျော်ပျော်ရွှင်ရွှင် သင်္ဂဟ ဖြစ်ရတာလည်း ကောင်းတယ်လို့ ထင်တယ်။

ကျွန်တော့် ပြတင်းပေါက်နားက သရက်ပင်ကြီးမှာ စာကလေးတွေ၊ ဆက်ရက်တွေရော၊ ကျီးကန်တွေရော၊ ရှဉ့်ကလေးတွေရော ရှိကြတယ်။ ကျီးကန်းကလဲ မဲချိတ်နေတာပဲ၊ ရှဉ့်ကလေးတွေက အမြီးတစ်ထောင်ထောင်နဲ့ ပြေးနေကြတယ်။ သူတို့ကြည့်ရတာ ပျော်စရာ ကောင်းလိုက်တာ၊ ကျွန်တော်ဟာ အဲဒီသရက်ပင်လောက် ဒီလောကကြီးကို အကျိုးရှိစေသလားလို့ စဉ်းစားနေမိတယ်။ "ဝင်လာသသူ– ခပ်သိမ်းလူကို၊ ဆာပူငြိမ်းအောင် စီးပွားဆောင်သို့ လူ့ဘောင်ကောင်းကြွယ် လူကုံကယ်လည်း ထို့တူ လည်းကောင်း၊ ဖြစ်ရာရှောင်းသည်" ဆိုတဲ့ ငယ်ငယ်က ကန်တော် မင်းကျောင်း မေတ္တာစာကို ခဏခဏ သတိရတယ်။

# အာရှရိနေဆန်

Megatrends Asia က ဂျွန်နက်စ်ဘစ် ရေးပြီး
၁၉၉၅ ခုနှစ်က ထွက်တဲ့စာအုပ်ပါ။
အဲဒီအချိန်က
ငွေကြေး အကျပ်အတည်း အာရှမှာ မဖြစ်သေးပါ။
စာအုပ်ထွက်ပြီးလျှင် ပြီးချင်း ဖတ်ရလို့ ဒီဆောင်းပါးကို ရေးဖြစ်သော်လည်း
ယခု အာရှ အကျပ်အတည်းဖြစ်မှ "ပြတင်းပေါက် . . . " ကို ထုတ်ဖြစ်တော့
အခြေအနေက ပြောင်းသွားပြီ။

# အာရှရှိနေဆဲ

ဒီတစ်ခါ ကျွန်တော် ဖတ်ရတဲ့ စာအုပ်လေးအကြောင်း ပြောချင်ပါတယ်။ (**Megatrends Asia**) ဂျွန်နက်စ်ဘစ် ရေးတဲ့စာအုပ်ပါ။ ၁၉၉၅ က ထွက်ပါတယ်။ မနှစ်က ဂျပန် နိုမူရာ သုတေသနဌာနနဲ့ စီမံကိန်းနှင့် စီးပွားရေး တိုးတက်မှုဝန်ကြီးဌာန နှစ်ခုပေါင်းပြီး ရန်ကုန်မှာ စီးပွားရေး ဆွေးနွေးပွဲတစ်ခု လုပ်တော့ ဒီစာအုပ်ကို အကိုးအကားတစ်ခုအဖြစ် အသုံးပြုပါတယ်။

ကျွန်တော့်အနေနဲ့ ဒီစာအုပ်ဖတ်ရတဲ့အခါမှာ စိတ်ကူးရတာတွေ ရှိပါတယ်။ ငါတို့ ပြောင်းလဲနိုင်လျှင် ဆိုပြီး တက်ကြွတာတွေ ရှိပါတယ်။ အာရှက တိုးတက်တယ်တဲ့။ အာရှက ကမ္ဘာရဲ့ ဗဟိုချက်မ ပြန်ဖြစ်တော့မယ်တဲ့။ မြန်မာလည်း အာရှထဲကပဲ။ ငါတို့လည်း အာရှတိုက်သားပဲ ဆိုတဲ့ စိတ်နိုးမှုလေး (**Inspiration**) ရပါတယ်။

" ၁၉၉၀ ခုနှစ် မတိုင်မီနှစ်တွေမှာတော့ ဖြစ်ပေါ်တိုးတက်မှု အရာရာဟာ အနောက်ကို ဗဟိုပြုပြီး ဖြစ်ပေါ်ခဲ့ပါတယ်။ စည်းမျဉ်း စည်းကမ်းတွေကို အနောက်က ပြုလုပ်ပါတယ်။ ဂျပန်က သူ့စီးပွားရေး တိုးတက်ဖို့ လုပ်ဆောင်တော့ အနောက်နိုင်ငံသားတွေရဲ့ စည်းကမ်းဘောင်

ထဲက လုပ်ရတာပေါ့၊ ဒါပေမယ့် အခု အာရှသားတွေက သူ့စည်းကမ်းနဲ့သူ လုပ်ကြတော့မှာ ကစားပွဲရဲ့စည်းမျဉ်းကို အာရှသားတွေက ဆုံးဖြတ်တော့မှာပါ။"

"ဟောင်ကောင်အကြောင်း စဉ်းစားလျှင် အနောက်နိုင်ငံသားတွေက တရုတ်ပြည်ကြီးက ဥရောပကင်းမြို့တစ်မြို့ကို သိမ်းယူ လိုက်တယ်လို့ တွေးချင်ကြတယ်။ အမှန်က ဟောင်ကောင်ဟာ တရုတ်ပြည်ပါ။

ဒီဆယ်စုနှစ် အကုန်မှာ မကာအိုကို တရုတ်ပြည်က ပြန်ယူလိုက်လျှင် အာရှမှာ အနောက်လွှမ်းမိုးမှုရဲ့နောက်ဆုံး စာမျက်နှာ ကုန်သွားပြီ။ အနှစ် ၄၀၀ အတွင်းမှာ ပထမဆုံးအကြိမ် အာရှရဲ့မြေတစ်လက်မ၊ မကျန် အာရှသားတွေရဲ့လက်ထဲ ပြန်ရောက်လာပြီ။"

"အာရှရဲ့ခေတ်မီတိုးတက် ဖြစ်ထွန်းမှုကို အနောက်ဖြစ်အောင်လုပ်ခြင်း (**Westernization**) မယူဆကြပါနဲ့ အာရှရဲ့တိုးတက် ဖြစ်ထွန်းမှုဟာ အာရှနည်း၊ အာရှဟန်နဲ့ ဖြစ်မှာပါ။"

"အရှေ့က အနောက်ကို လိုအပ်တာထက် အများကြီး ပိုပြီး အနောက်က အရှေ့ကို လိုအပ်တယ်။"

"အိန္ဒိယကနေ ဂျပန်အထိ၊ မြောက်ဆိုဗီယက်ရုရှားကနေ တောင်အင်ဒိုနီးရှားထိ အာရှတိုက်ကြီးမှာ ကမ္ဘာ့လူဦးရေရဲ့ထက်ဝက်ကျော် မှီတင်းနေထိုင်ကြပါတယ်။ ငါးနှစ်အတွင်းမှာ ဒီအာရှသားတွေရဲ့ထက်ဝက်ကျော်ကျော်ဟာ လူသုံးကုန်ပစ္စည်းတွေ ဝယ်နိုင်ကြပါလိမ့်မယ်။ ရေခဲသေတ္တာ၊ တယ်လီဗီးရှင်း၊ အဝတ်လျှော်စက်၊ ကွန်ပျူတာ၊ အမွှေးနံ့သာ အစစအရာရာ ဝယ်ကြတော့မှာ။ သန်းတစ်ထောင်ရဲ့ထက်ဝက်ဟာ လူလတ်တန်းစားတွေ ဖြစ်လာကြတော့မယ်။ ဒီစားသုံးသူ ဈေးကွက်ကြီးဟာ အမေရိကနှင့်ဥရောပ နှစ်ခုပေါင်းလောက် ကြီးမားပါတယ်။ ဟောင်ကောင် ဘဏ်လုပ်ငန်းရှင် တစ်ယောက်က ဘယ်လိုပြောသလဲဆိုလျှင် "အာရှမှာ လူဦးရေသန်း

သုံးထောင် ရှိတယ်။ ထက်ဝက်လောက်က ၂၅ နှစ် အောက်တွေ၊ ဒီဈေးကွက် ကြီးက ကြီးလာအုံးမယ့်ဈေးကွက်" လို့ ပြောတယ်။ ဒီဈေးကွက်ကြီးရဲ့ ကျယ်ပြန့်လှတဲ့ အကျိုးသက်ရောက်မှုကို စဉ်းစားကြည့်ကြပေါ့။"

အဲဒီစာအုပ်မှာ အာရှမှာဖြစ်ပေါ်လာမယ့် အဓိကရ အပြောင်းအလဲ ရှစ်ခုကို ဖေါ်ပြထားပါတယ်။ အာရှမှာ အဲဒီအပြောင်းအလဲတွေ ဖြစ်တော့မယ်။ ဖြစ်နေပြီတဲ့။

၁။ နိုင်ငံများမှာ ကွန်ယက်များသို့ ပြောင်းလဲခြင်း (From Nation State → Network)

ဂျပန်ရဲ့ စီးပွားတိုးတက်မှုဟာ ထိပ်ဆုံးကို ရောက်နေပြီ။ အောက်ဆင်းဖို့ပဲ ရှိတော့တယ်။ ဂျပန်ရဲ့ အင်အားဟာ တရုတ်တွေရဲ့ ကွန်ယက် ဆက်သွယ်ပေါင်းစည်းမှုကို ယှဉ်နိုင်မယ် မထင်ဘူး။ အာရှမှာ အဆုံးအဖြတ် ပေးနေတာက တရုတ်ပြည်ကြီးနဲ့ ပင်လယ်ရပ်ခြား တရုတ်အမျိုးသားတွေ ဖြစ်နေပြီး တရုတ်ပြည်က ပစိဖိတ်ကမ်းခြေဒေသရဲ့ ဗဟိုချက် ဖြစ်နေပြီ၊ ဒါပေမယ့် တကယ်အရေးပါမှာက ပင်လယ်ရပ်ခြား တရုတ်အမျိုးသား ကွန်ယက် ဖြစ်ပါတယ်၊ တရုတ်ပြည်ကြီး မဟုတ်ပါ။

၂။ ထုတ်ကုန် အခြေပြုမှ စားသုံးမှုအခြေပြု စီးပွားရေးသို့ (From Export - led → Consumer - driven)

ထုတ်ကုန် တင်ပို့နိုင်မှု အပေါ်မှာ အာရှရဲ့ စီးပွားရေးကို တည်ဆောက်ခဲ့ကြပြီး ယခုအချိန်မှာတော့ စားသုံးမှုက တွန်းတင်တဲ့ စီးပွားရေး အခြေအနေတွေ ဖြစ်ထွန်းနေပြီ။ လူလတ်တန်းစားလည်း ပေါ်ပေါက်လာခဲ့ပြီ။ သက္ကရာဇ် ၂၀၀၀ မှာ လူလတ်တန်းစား သန်း ၅၀၀ခန့် ရှိလာတော့မယ်။

၃။ အနောက်လွှမ်းမိုးမှု လွှတ်မြောက်ပြီး အာရှဟန်၊ အာရှနည်းလမ်း ဖြစ်ထွန်းလာခြင်း(From Western Influence → The Asian Way)

၁၉၉၀ ပြည့်နှစ်တွေနဲ့ ၂၁ ရာစု အစပိုင်းတွေမှာ အာရှဟာ ခေတ်မီလာတော့မယ်။ စီးပွားရေးရာမှာလည်း အနောက်နိုင်ငံတွေက သူတို့ရဲ့လူမှုဖူလုံရေးစနစ်တွေကြောင့် တာဝန်တွေ ပိနေလိမ့်မယ်။ အာရှကတော့ အနောက်ရဲ့လူမှုဖူလုံရေးစနစ်ကို လက်ခံမှာ မဟုတ်ဘူး။ သူတို့နည်း၊ သူတို့ဟန်နဲ့ တခြားစနစ်ကို ရွေးကြလိမ့်မယ်။

၄။ ဗဟိုချုပ်ကိုင်မှုစနစ်မှ ဈေးကွက်စီးပွားရေး စနစ်သို့ (From Government - driven → Market - driven)

ဈေးကွက်က ချုပ်ကိုင်တဲ့ စီးပွားရေးစနစ်ဖြစ်လာပြီး အခွင့်အလမ်းတွေ၊ စီးပွားရေးတိုးတက်မှုတွေ နေရာအနှံ့ ဖြစ်လာတော့မယ်။ မကြုံစဖူး စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတွေကို အာရှနိုင်ငံအချင်းချင်း လက်တွဲလုပ်ဆောင်ကြလိမ့်မယ်။

၅။ ရွာများမှ မဟာမြို့ကြီးများသို့( From Villages→ Supercities)

တောရွာများမှ မြို့ကြီးများသို့ လူတွေ အမြောက်အမြား ရွှေ့ပြောင်း နေကြပါတယ်။ ဒီမြို့ပြဖြစ်ထွန်းမှုဟာ အာရှရဲ့အသွင်အပြင်ကို ပြောင်းလဲစေပါတယ်။ ယခင်က ကျေးလက်လူမှုအဖွဲ့အစည်းဟာ ကြိုးလ်တုဆက်သွယ်ရေးနဲ့ သတင်းအချက်အလက်တွေ လွှမ်းမိုးတဲ့ မြို့ပြအဖွဲ့အစည်း အဖြစ်ကို ကူးပြောင်းနေပြီ။

၆။ လူအသုံးပြုရတဲ့ ထုတ်လုပ်မှုမှ အဆင့်မြင့်နည်းပညာသုံး ထုတ်လုပ် ရေးသို့ (From Labour - intensive → High Technology)

လူအများအပြားအလုပ်လုပ်ကြရတဲ့ လယ်ယာစိုက်ပျိုးရေးနဲ့ ထုတ်လုပ်ရေးစနစ်တွေကနေပြီး အဆင့်မြင့်နည်းပညာသုံးရတဲ့ ထုတ်လုပ်မှုတွေဆီ ကူးပြောင်းတာကို ကျွန်တော်တို့ မြင်နေကြရပြီ။ ကွန်ပျူတာနဲ့ အဝေးပြောဆက်သွယ်ရေးစနစ်တွေ အမြောက်အမြား သုံးနေကြပြီ။

၇။ အမျိုးသမီးများ နေရာရလာခြင်း (From Male Dominance → Emergence of Women)

အာရှတစ်လွှားမှာ အမျိုးသမီး စွန့်ထွင်စီးပွားရေးသမားတွေကို တွေ့လာကြရတယ်။ တရုတ်ပြည်မှာဆိုရင် အမျိုးသမီး စီးပွားရေးသမားတွေက ၂၅ ရာနှုန်းလောက်ရှိတယ်။ မဲပေးနိုင်ကြပြီ။ ဝယ်ယူ စားသုံးသူတွေ ဖြစ်လာကြပြီ။ အလုပ်ခွင် အင်အားစုတွေ ဖြစ်လာကြပြီ။

၈။ အနောက်မှ အရှေ့သို့ (From West → East)

ကမ္ဘာကြီးမှာ အရှေ့က နေရာ မရှိရာဘူး။ ဒီနေ့တော့ အမှန်တရားတစ်ခုနဲ့ ရင်ဆိုင်ကြရတော့မယ်။ အရှေ့က နေဝန်း တက်လာနေပြီ။ အရှေ့က လူတွေအားလုံးနဲ့ အနောက်က လူတချို့ဟာ ကမ္ဘာဟာ အာရှဖြစ်မှုဆီ ရွေ့သွားနေတယ်လို့ သိနေကြပါပြီ။ လွှမ်းမိုးဖြစ်ထွန်းမှု ဗဟိုချက်ဟာ အနောက်မှ အရှေ့သို့ ရွှေ့ခဲ့ပါပြီ။ အာရှတိုက်ကြီးဟာ လွန်လေပြီးသော တစ်ချိန်က ကမ္ဘာရဲ့ဗဟိုချက်မ ဖြစ်ခဲ့ပြီး ယခုအခါမှာလည်း ဗဟိုချက်မ ပြန်ဖြစ်လာတော့မည်။

အာရှရဲ့အရေးပါမှုကိုတော့ လူတိုင်း လက်ခံကြပါတယ်။ CNN က တက်တာနာကလည်း ဒီလိုပဲ ပြောပါတယ်။ CNN ဆိုတာ ကျွန်တော်တို့

ကြည့်နေရတဲ့ တီဗွီပရိုဂရမ်တစ်ခုပါ။ သူက ဘယ်လို ပြောသလဲဆိုလျှင် "ကျွန်တော် ကမ္ဘာကြီးကို ကြည့်တဲ့အခါ ပစိဖိတ် ပင်လယ်ကြီးကို တွေ့တယ်။ ဒီပင်လယ်ကြီးရဲ့အနားသတ်နိုင်ငံတွေကို တွေ့တယ်။ ကမ္ဘာကြီးရဲ့လူဦးရေ သုံးပုံနှစ်ပုံ ဒီနိုင်ငံတွေမှာ နေတယ်။ အဲ . . . တရုတ်ပြည်ကြီး၊ ဒီကမ္ဘာမှာ လူလေးယောက်မှာ တစ်ယောက်က တရုတ်၊ တရုတ်ပြည်မှာ သန်းတစ်ထောင့် နှစ်ရာ ရှိတယ်။ နောက်ထပ် တရုတ် သန်းတစ်ရာလောက်က ကမ္ဘာ အနှံ့အပြားမှာ နေတယ်။ တရုတ်စားသောက်ဆိုင် မရှိတဲ့နိုင်ငံလို့ ကမ္ဘာပေါ်မှာ မရှိဘူး။ နောက် ဂျပန် သန်းတစ်ရာရှိတယ်။ အင်မတန် ချမ်းသာတယ်။"

ဒီစာအုပ်မှာ ဂျွန်နက်စ်ဘစ်က ပင်လယ်ရပ်ခြား တရုတ်အမျိုးသား များအကြောင်း တော်တော်များများ ပြောပါတယ်။ မနှစ်ကနဲ့ ဒီနှစ်မှာ ဒီအကြောင်း လူပြောသူပြော အတော်များပါတယ်။ ကျွန်တော် ဖတ်မိတာ တောင် သုံးအုပ်လောက် ရှိပါတယ်။

နယ်နိမိတ်မျဉ်းကြောင်း မရှိတဲ့ ပင်လယ်ရပ်ခြား တရုတ်အမျိုးသား တွေရဲ့ ပိုင်ဆိုင်မှုဟာ ကမ္ဘာမှာ တတိယအကြီးဆုံး။ စီးပွားရေးနိုင်ငံ တစ်နိုင်ငံအနေနဲ့ သတ်မှတ် ရေတွက်လျှင် အမေရိကန်နှင့် ဂျပန် ပြီးလျှင် သူပါပဲ။ ဂျပန်နှင့်ကိုရီးယားက လွဲလို့ အရှေ့အာရှက နိုင်ငံတိုင်းမှာ ကုန်သွယ်ရေးနှင့် စီးပွားရေးကို သူတို့က လွှမ်းမိုးထားတယ်။ သူတို့ပိုင်ဆိုင်မှုက သုံးထရီလီယံ လောက် ရှိတယ်။ ဟောင်ကောင်၊ ထိုင်ဝမ်နဲ့ စင်္ကာပူ၊ သုံးနိုင်ငံက တရုတ်တွေရဲ့အာရှနိုင်ငံတွေမှာ ရင်းနှီးမြှုပ်နှံမှုဟာ ဂျပန်ထက် များတယ်။ ယိုးဒယား၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နဲ့ ဗီယက်နမ်မှာလည်း သူတို့ပဲ။ တရုတ်ပြည်မကြီးရဲ့ရှစ်ဆယ်ရာနှုန်းသော ရင်းနှီးမြှုပ်နှံမှုဟာလဲ ပင်လယ်ရပ်ခြား တရုတ်တွေ။ သူတို့မှာ တိုင်းပြည် မရှိဘူး၊ နယ်နိမိတ် မရှိဘူး၊ အစိုးရ မရှိဘူး။ သူတို့မှာ ယှက်နွယ်နေတဲ့ ကွန်ယက်ပဲ ရှိတယ်။ အဲဒီ ကွန်ယက်ဟာ ၂၁ရာစုရဲ့အဖွဲ့အစည်း စံနမူနာပဲတဲ့။

၂၁ရာစုကို နဂါးရာစုလို့ ပြောသူက ပြောနေကြတယ်။ သမုတ်သူက သမုတ်နေကြတယ်။ ကျွန်တော်တို့ မြန်မာကော၊ ကျွန်တော်တို့ နေရာကော။

ကျွန်တော်ကတော့ ကျွန်တော်တို့တိုင်းပြည်ရဲ့ နေရာအခင်းအကျင်းကတော့ တကယ်တောင်းတာပဲလို့ တွေးပါတယ်။ တရုတ်ပြည်ကြီးနဲ့ အိန္ဒိယရဲ့ ဂိတ်ဝပေါ့။ ကျွန်တော်တို့တော်လို့၊ ကျွန်တော်တို့တက်လို့ကတော့ ကျွန်တော်တို့ဆီကပဲ ဖြတ်သွားကြရမှာပေါ့။

တိုးတက်ပြီးတဲ့ နိုင်ငံတွေက ကျွန်တော်တို့ဆီမှာ ရင်းနှီးမြှုပ်နှံ ပြီး၊ ထုတ်လုပ်ပြီး ဟိုဘက်၊ ဒီဘက် ပို့မှာပေါ့။

ကိုယ့်ဆီကအခြေအနေက ဟိုမှာ၊ ဒီမှာထက် ပိုကောင်းရင်ပေါ့ဗျာ။

ဒရပ်ကားကလည်း တရုတ်စီမံခန့်ခွဲပုံနည်းလမ်းကို ၂၁ရာစုမှာ လေ့လာကြရမယ် ထင်တယ်လို့ ပြောတယ်ဗျ။ ကျွန်တော် ဒီအကြောင်း တင်ပြနေတာက ကျွန်တော်တို့လည်း ပင်လယ်ရပ်ခြား တရုတ်တွေရဲ့ စီမံခန့်ခွဲမှုကို သင်ယူကြလျှင်၊ လေ့လာကြရလျှင် ကောင်းမယ် ထင်လို့ပါ။ ကောင်းမယ်၊ ကျွန်တော်တို့နဲ့ သင့်မယ်ဆိုတာလေးတွေ ယူဖို့ပါ။

# ကျွန်တော်၏ ဆက်လက်သင်ယူခြင်း
# အကြောင်း၊


K97

သင်ယူခြင်းဆိုမှတော့ အဖြေများကို သိခြင်း မဟုတ်ပါ။

စာရေးဆရာ ဖြစ်သော ထိုသူသည်

အားလုံးကောင်းသွားမှာပါ။ အားလုံးကောင်းသွားမှာပါ

ဟူ၍

ခဏ ခဏ ရေရွတ်တတ်သည်။

## ကျွန်တော်၏ ဆက်လက်သင်ယူခြင်း အကြောင်း

သင်ယူခြင်းသည် အဖြေများကို သိခြင်း မဟုတ်။

ထွန်းထက်အောင် ( ၁၂ နှစ် )

တစ်ရံရောအခါက ဆရာဝန်ကြီး တစ်ယောက်သည် ဆရာဝန် အလုပ် မလုပ်ပဲ စီးပွါးရေးသမား လုပ်ဖို့ အလုပ်မှ ထွက်လေသည်။ နမျော လိုက်တာဟု ပြောသူက ပြောချင်ကြသော်လည်း သူကိုယ်တိုင်မှ မနမျော လေတော့ ပြောသူမှာ မျက်ရည်စတွေနှင့် မဖြစ်နိုင်တော့ပါ။ မျက်ရည်စ တွေအစား တယ် ~ ချမ်းသာချင်တာကိုး ဟူ၍သာ ကဲ့ရဲ့ သဂြိုလ် စကားတင်း ဆိုဖို့သာ ကျန်တော့သည်။ သူ၏ဆရာဖြစ်သော ညွန်ကြားရေးမှူးချုပ် တစ်ယောက်က ငါ့အဖေက ကုန်သည်ပေမယ့် ငါကုန်သည် မလုပ်ဘူး၊ ကုန်သည်ဆိုတာ နည်းနည်းတော့ ညာရတယ်၊ ဒါကြောင့် ငါကုန်သည်မလုပ်၊ ငါဆရာဝန်ပဲ လုပ်တယ်။ မင်းက ဘာကြောင့် လုပ်သတုန်းဟု အသားလွတ် ဟောက်လေသည်။ ထိုသို့ အဟောက်ခံရသော ကုန်သည် လုပ်ဖို့ သင်ယူ နေသော ဆရာဝန်သည် ယခု စာရေးသူ ကျွန်တော် ဖြစ်သည်။

ရုံးခန်းကို ကန္တားလမ်းမှာ ဖွင့်ပါသည်။ ချက်ချင်းဖွင့်သည် မဟုတ်ပါ။ အလုပ်ထွက်ပြီး တစ်နှစ်ကျော်ကျော်ကြာမှ ဖွင့်ပါသည်။ ဆရာဝန်ဟူသည် လူအသေဖြစ်ဖြစ် လူအရှင်ဖြစ်ဖြစ် မိုက်မခွဲမီ သေသေချာချာ ခွဲခြမ်းစိတ်ဖြာ လေ့လာခြင်း ပြုလုပ်ပါသည်။ ကျွန်တော် လည်း ရုံးခန်းဌားခ ဘယ်ရွေ့ဘယ်မျှ စာရေးမ လခ ဘယ်ရွေ့ ဘယ်မျှ ငါ့ဝင်ငွေ ဘယ်ရွေ့ဘယ်မျှ သေသေချာချာ ခွဲခြမ်းစိတ်ဖြာပြီးမှ ရုံးကို ဖွင့်ပါသည်။ ဆေးကျောင်းမှ "ခွဲခြမ်းစိတ်ဖြာ ဉာဏ်စွမ်းရည်" သင်ယူခဲ့ပါသည်။ "အချက်အလက် မှတ်သားဉာဏ်ရည်" သင်ယူခဲ့ပါသည်။ ဘာသာမျိုးခြား စာစကားလည်း တတ်ပါသည်။ စီမံခန့်ခွဲမှု ဆိုင်ရာ ဘာဘာညာညာလည်း တစ်နှစ်ကျော်ကျော် ဆရာလွတ် ဖတ်ရှု ပြီးပါပြီ။ လက်နက်များ တပ်ဆင်ပြီးမှ စစ်ပွဲဆင်သူ ကျွန်တော် ဖြစ်သည်။

ထိုသူသည် အောက်ပါအတိုင်း စစ်ပွဲ၌ နှစ်ခါ သုံးခါ ကွဲလေသည်။ ခွဲခြမ်းစိတ်ဖြာတဲ့ ဉာဏ်ရည်၊ အချက်အလက် မှတ်သားနိုင်တဲ့ ဉာဏ်ရည်၊ သချာဉာဏ်ရည်၊ ထိုသုံးခုရှိလျှင် ဘယ်မာစတာ ဘယ်ပါရဂူဘွဲ့ မဆို ရနိုင်သည်ဟု သူသည် သိခဲ့သည်။ သူသည် စာလည်း အတော်ဖတ်သည်။ အောက်ပါအတိုင်း စာအုပ်တစ်အုပ် ဖတ်ဖူးသည်။

ဉ္ဂ – ဖွ ဟူသော အမည်ဖြင့် စာအုပ်တစ်အုပ်သည် ဘရာဇီးမှ ဆမ်ကို ဟူသော ကုမ္ပဏီအကြောင်း ရေးထားသည့် စာအုပ် ဖြစ်သည်။ ထိုကုမ္ပဏီ၏ ဥက္ကဋ္ဌဖြစ်သော ရီကာဒိုဆင်းမလား ဟူသော ပုဂ္ဂိုလ်၏ စီမံခန့်ခွဲမှု စနစ်အကြောင်း ရေးထားသောစာအုပ် ဖြစ်သည်။ ပျော့ပျောင်းသော အချိန် ( ဝါ ) ချုံ့၍ ချဲ့၍ ရသော အချိန်ကို ထိုကုမ္ပဏီတွင် ကျင့်သုံးသည်။ "အလုပ်ပြီးခြင်းသာ အဓိက အချိန်မှန်ခြင်းသည် သာမည"ဟု ဆိုနိုင်ပါသည်။ ဥက္ကဋ္ဌနေရာကိုလည်း အလှည့်ကျ တာဝန်ယူကြသည်။ ထို့ကြောင့် ဗျူရိုကရေစီမရှိ အားလုံး တာဝန်သိ။ ရီကာဒိုဆင်းမလားမှာ အတော်

နာမည်ကြီးသည်။ အိန္ဒိယသို့ လာ၍ ဟောပြောပွဲတစ်ခု လုပ်ရသည်ဟု ဖတ်လိုက်ရသည်။ ကျွန်တော်လည်း သူ့လို လိုက်လုပ်ကြည့်ရမလား။ လူဆိုတာ သူ့တာဝန် သူ အလိုလို သိလိမ့်မည်။

"သင် မတွေ့သော ခွင့်လွှတ်ခြင်း" ဟူသော စာတစ်ပုဒ်လည်း ဖတ်ဖူးသည်။ အောင်မြင်နေသူ လုပ်ငန်းရှင် အမေရိကန်တစ်ယောက်ကို ခင်ဗျားအောင်မြင်မှုရဲ့ လျှို့ဝှက်ချက်က ဘာတုန်းဗျဟု မေးသည်။ ခွင့်လွှတ်ခြင်း ဟူ၍ လေးလေးနက်နက် ပြန်ဖြေပါသည်။ ကျွန်တော်က သူတို့ကို အလုပ်ကြီးကြီး ပေးလိုက်တယ်။ တာဝန်ယူမှု ကြီးကြီးလဲ ပေးလိုက်တယ်၊ သူတို့အမှားလုပ်ကြတယ်၊ ကျွန်တော်က သူတို့ကို အမြဲစောင့်ကြည့် မနေနိုင်ဘူး၊ စောင့်လဲမကြည့်ချင်ဘူး၊ သူတို့အမှားက တစ်ခင့် သူတို့ သင်ယူကြတယ်၊ ကျွန်တော်က သူတို့အမှားကို ခွင့်လွှတ်တယ်၊ သူတို့ အမှား ထပ်မလုပ်ကြတော့ဘူး ဟူ၍ ရှင်းပြပါသည်။ အမှားလုပ်ခြင်းကို ခွင့်လွှတ်ခြင်း သိဝရီဖြစ်ပါသည်။ ခွင့်လွှတ်ခြင်းဖြင့် အောင်မြင်ခြင်း ပေါ်မြူလာ ဖြစ်ပါသည်။ သူများ မှားတာလုပ်လျှင်လည်း ခွင့်လွှတ်၊ မိမိအမှားလုပ်လည်း မိမိ ခွင့်လွှတ်ဖို့ လိုသည်။ ကိုယ့်အမှားကို ကိုယ်ခွင့်လွှတ်ဖို့ မစဉ်းစား၍ (ဝါ) မိမိအမှား လုပ်မိမည် စိုးရွံ့ ၍... ရွံ့တွန့်တွန့်... ဆုတ်တုတ်တုတ် ခံတန်တန် ဟန်လုပ်၍ နေသော သူသည် ကျွန်တော် ဖြစ်နေသည်။ သင်တို့ ဖြစ်နေသည်။

မှားယွင်းကြောင်း သက်သေမပြနိုင်သော သိဝရီ (ဝါ) မှန်ကန် ကြောင်း ထင်ထင်လင်းလင်းရှင်းနေသော သိဝရီသည် သာမည အသေးအဖွဲ သိဝရီ၊ အဟောင်းကို အဖန်တလဲလဲ ရွတ်ဆိုသော သိဝရီသာ ဖြစ်သည်ဟု ကားလ်ပေါ့ပါးက ငြင်းခုန်သည်။ ထို့ကြောင့် မှားနေသော ကျွန်တော်၏ သိဝရီသည် သာမညသိဝရီ မဟုတ်ပါ။ သေသေချာချာ စဉ်းစားစေလိုပါသည်။

ဉာဏ်ရည်အမျိုးမျိုး အကြောင်းလည်း ဖတ်မိပါသည်။ *ခွဲခြမ်းစိတ်ဖြာ၊ အဆင်အကွက်၊ ဂီတ၊ ကာယ၊ လက်တွေ့၊ အတွင်းစိတ်ကြည့်ခြင်းနှင့်၊ မိတ္တဗလ ဉာဏ်ရည်များဟု ဟိုးဝဒ်ဂါဒနာက ပြောပြပါသည်။ မန်နေဂျာ သို့မဟုတ် လူတွေကို စီမံခန့်ခွဲသူ သို့မဟုတ် လူတွေ စုထားသော အဖွဲ့ငယ်တစ်ခုကို ခေါင်းဆောင်ရသူသည် ကျွန်တော် ဖြစ်သည်။ လူတွေနှင့် ရောနှောတတ်၊ ပေါင်းသင်းတတ်သော ပညာ (ဝါ) မိတ္တဗလ စွမ်းရည် နည်းနည်းမှ မရှိသူမှာလည်း ကျွန်တော် ဖြစ်သည်။ စာရေးဆရာတို့တွင် ရှိအပ်သော အဇ္ဈတ္တကို ကြည့်တတ်သူမှာလည်း ကျွန်တော် ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်သည် စာရေးဆရာ ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်သည် မအောင်မြင်သော စီးပွားရေးသမား ဖြစ်ပါသည်။

ကိစ်က Negative Capability ဟူသော မသေချာသော၊ ရှုပ်ထွေးသော၊ သံသယများ ပြည့်နှက်နေသော အခြေအနေတွင် နေတတ်ထိုင်တတ် လုပ်တတ်ကိုင်တတ်သော အရည်အချင်း တစ်ရပ်အကြောင်း ပြောဖူးသည်။ စီးပွားရေးသမားသည် မရေရာသော အခြေအနေကို ရင်ဆိုင်ရလေ့ရှိသည်။ မပြည့်စုံသော ဒေတာများနှင့် ဆုံးဖြတ်တတ်ရသည်။ မသိကိန်းတွေကို ဖြေရှင်းရင်း သင်္ချာသင်ရတာပဲ ဖြစ်သည်။ အမှားတွေထဲမှ သင်ယူရတာ ဖြစ်သည်။ အောင်မြင်မှုမှ သင်ယူစရာသင်ခန်းစာများများ မရှိဟု ပြောနေကြသည်။ ဘဝသည် ရေးရမည့် စာအုပ်တစ်အုပ်သာ ဖြစ်သည်။ ခွဲခြမ်းစိတ်ဖြာနေသော ကျွန်တော်၌ "ရှုပ်ထွေးခြင်းတွင် လုပ်နိုင်စွမ်းရည်" မရှိ။ စာအုပ်ရေးရမည့်အစား စာရွက်ကိုသာ လှန်နေသည်။ ထို့ကြောင့် ထိုသူသည်

---

•Analytical, Pattern, Musical, Physical, Practical, Intrapersonal, Interpersonal Intelligence.

စာရေးဆရာသာဖြစ်၍ စာရေးဆရာဖြစ်သော ထိုသူသည် အားလုံး ကောင်းသွားမှာပါ အားလုံးကောင်းသွားမှာပါ ဟူ၍ ခဏခဏ ရေရွတ်တတ်သည်။ သင်ယူခြင်းသည် အဖြေကို မသိခြင်းသာ ဖြစ်သည်။ အားလုံးကောင်းသွားမှာပါဟု ယုံကြည်ခြင်းကြောင့် လည်းကောင်း၊ အဖြေကို လိုက်ရှာသော သင်ယူခြင်းကြောင့်လည်းကောင်း၊ ကစားပွဲ သုံးလေးပွဲ ရှုံးပြီးလျှင်တော့ နောက်ကစားပွဲများတွင် စာရေးဆရာသည် စီးပွားရေးသမား ဖြစ်သွားနိုင်ပါသည်။

မှတ်ချက်။ ။ဆရာပါကို မေးမြန်းတိုင်ပင်ပြီး၍ negative capability ဟူသော စကားလုံးကို အနေကန် စွမ်းရည်ဟူ၍ မြန်မာမှု ပြုချင်ပါသည်။ ကေန် မဟုတ်၊ အနေကန်။ ကေန် ဟူသော သဘောသည် ဤခေတ်တွင် မရှိ။ ထို့ကြောင့် အနေကန်စွမ်းရည်ကို သူသည် ရှိအောင် ကြိုးစားနေပါသည်။

အနေကန်စွမ်းရည်နှင့် သူများ အမှား၊ ကိုယ့်အမှား၊ မည်သည့် အမှားမဆို ခွင့်လွှတ်နိုင်ခြင်း စွမ်းရည် နှစ်မျိုးသည် "ရှေ့သို့ သွားခြင်း" တွင် အရေးကြီးလှသော အရည်အသွေး နှစ်မျိုးဟူ၍ သူက ဘဝင်ကျထား ပါသည်။ ထို့ကြောင့် တင်ပြလိုက်ပါသည်။



ရယ်စွင်ဖွယ် . . . ဟာသစာအုပ်

ကျွန်မ ရှင့်ကို ယူရမယ်ဆိုလျှင် ရှင့်ကော်ဖီထဲကို အဆိပ်ခတ်မယ်။
ငါ မင်းကို ယူရမယ်ဆိုလျှင် ဒီကော်ဖီကို သောက်လိုက်မယ်။

(ဝင်စတန်ချာချီနှင့် လေဒီ အက်စကွစ်)

ရယ်ရွှင်ဖွယ်သည် ကျွန်ုပ်တော် ဓမ္မယားတော်းခြင်း ဖြစ်ပါသည်။
"ပန်းနဲ့ လိပ်ပြာ၊ အမျှား မကြားသာတဲ့ စကားထော" ဖြစ်ပါသည်။

## "ရယ်ရှင်ဖွယ် . . . ဟူသော စာအုပ်"

မိုးမှောင်နေခိုက်တွင် နေရောင်ပြက်စေရန်အတွက် ကျွန်တော်၏ တိုက်ပုံအကျီ အိတ်ထဲမှ "ရယ်ရှင်ဖွယ်" ကို ကျွဲချ လိုက်ပါသည်။


ပြောပြချင်သော စကားလုံး အချို့ထွက်ပေါ် မလာနိုင်သောအခါ စန္ဒရားကို ကျွန်တော် တီးပြလိုက်ပါသည်။

ငယ်ငယ်က အင်္ဂလိပ်စကား ကျက်မှတ်ရသောအခါ ကာရန်နံ့ဘောနှင့် ကျက်မှတ်ခဲ့ရပါသည်။ [၁]သေနတ် ဂန်း သီလရင်နန်း ရယ်ရှင်ဖွယ်ဖန်းဟူ၍ ကျွန်တော့် ဦးကြီးတစ်ယောက်က သင်ခဲ့ပါသည်။ သေနတ် . . . ဂန်း၊ [၂]သီလရင် . . . နန်း၊ [၃]ရယ်ရှင်ဖွယ် . . . ဖန်း။ ဘဝမှာ ရယ်စရာ ပျော်စရာ မကောင်းလျှင် ဘာလုပ်ဖို့တုန်း။ စိတ်ရှုပ်တတ်သော နဖူးကြောတင်းတတ်သော ကျွန်တော့်အဖို့ လက်ရန်းများကို ဆန့်တန်း၍ ဟေး ~ ဟေး ဟု အော်ဟစ်သောအခါ နဖူးကြောများ လျော့သွားသည်မှာ သေချာပါသည်။ ဆရာတီတီက စိတ်ရှုပ်လျှင် အသက်ဖြည်းဖြည်းရှူ၊ ပြီးလျှင် အသက်ဖြည်းဖြည်း ပြန်ထုတ်ဟူ၍ ပြောပါသည်။ ရီလိုက်ရခြင်းကတော့ ပို၍ကောင်းပါသည်။

ဖြန့်ထွက်တွေးခြင်းဟူ၍ "စိတ်ကို ဆန်သော" သင်ကြားမှု များကို ဖတ်ရသောအခါ "ဟာသ"ကလည်း တွေးပုံတွေးနည်းကို တစ်မျိုး ပြောင်းတာ ဟူသော သင်ကြားချက်ကို ဖတ်ရပါသည်။ ဆရာဇော်ဂျီ ကြိုက်သော ဟာသတစ်ပုဒ်ကို နမူနာပြပါရစေ၊ ဂျာအေး သူ့အမေရိုက် အကြောင်း ဖြစ်ပါသည်။ မြန်မာကဗျာမှာ အချီအချရှိရာ အချခက်ပါသတဲ့။ ဂျာအေး သူ့အမေရိုက်ကို ဆိုကြည့်ပါလား။ ဂျာအေးကို ချ၍ မဖြစ်၊ သူ့အမေလည်း မကောင်း။ မောင်မိုက်မှာ မလွယ်၊ ကိုလူပျိုကိုလည်း မသင့်၊ ထရံပေါက် ... တွဲလွဲ... မုန့်လုံး ... ကြာကလပ် ...။ ဘယ်ဟာမှ ချ၍ မဖြစ် ...။

ဆရာဇော်ဂျီက သူ့တပည့်များအား ငါတို့လူမျိုးများ တယ် ... ဟာသဓာတ်ခံ ရှိကြတယ်။ ငါ့အိမ်မှာကွာ အမယ်ကြီးနဲ့ သမီးတွေပဲ ရှိတယ်။ ပြောချင်လွန်းလို့ မင်းတို့ကို စောင့်နေရတာဟု ပြောရင်း ရီပါသတဲ့

စိတ်ဟူသည် ပုံသဏ္ဍာန်ဖေါ်သော ကိရိယာ ဖြစ်ပါသည်။ ပုံသဏ္ဍာန်ပေါ်ရန်၊ အဆင်အကွက်ဖြစ်ရန်မှာ အချက်အလက် များကို သညာယဏ္ဍန်းမှာ တင်၍ ယက်ရသည်။ ဟာသဟူသည် အဆင်ပြောင်းခြင်း ဖြစ်သည်။ အကွက်ဆန်းခြင်း ဖြစ်သည်။ အောက်ပါ ပုံကို ကြည့်မလား။




ပုံ(၁)


ပုံမှန် မြားပြထားသော လားရာအတိုင်း တသမတ်တည်း သွားနေရာမှ နံဘေးသို့ ဖြတ်တက်သော ထိုမှတစ်ဖန် မူလနကို အတွေးလမ်းကြောင်းသို့ ပြန်ရောက်သော တွေးခြင်းမျိုးမှ ရယ်စရာဟာသကို ရပါသတဲ့။ သိလရင် ... နမ်းဟူ၍ နငယ်နှင့် မသတ်ပဲ မ သတ် လုပ်ကြည့်ပါလား။

ကျွန်တော် ရယ်စရာကို စိတ်ဝင်စားခြင်းမှာ မိုးမှောင်မှောင်တွင် နေရောင်ဝင်းစေရန် အတွက်သာ မဟုတ်ပါ။ နဖူးကြောလျှော့ ဆေးဘမ်း ပရုပ်ဆီအဖြစ် သုံးရန် အတွက်သာ မဟုတ်ပါ။ ဒီတစ်ခုတည်း ဒီတစ်ခုတည်း ချည်း စဉ်းစားမနေကြပဲ တခြားတစ်နည်း ဖန်ဆင်းစေလိုခြင်း အတွက်လည်း ဖြစ်ပါသည်။ ရယ်သောသူသည် အသက်ရှည်၍ ခင်ဗျားတို့ သက်တော်ရာကျော် ရှည်စေရန် ကျွန်တော်၏ စာအုပ်ကို "ရယ်ရွှင်ဖွယ် . . ." ဟူ၍ အမည်တပ်ပါသည်။

သို့သော် ထိုစာအုပ် ကြော်ငြာကို ဖတ်ရသော စာဖတ်သူ တစ်ယောက်က ကျွန်တော့်ထံ တယ်လီဖုန်း ဆက်ပါသည်။ သတင်းစာထဲမှာ ကြော်ငြာ ဖတ်ရသည်။ "စွန်လွှတ်ပါ၊ ကိုယ့်ကိုယ်ကို စွန်ဟူ၍ သဘောထားလိုက်။ လက်ရုံးများကို ဆန့်တန်း။ ဝူးဝါး အော်ဟစ်" ဘာတွေတုန်းဗျ ဟူ၍ မေးပါသည်။ ရယ်စရာပါဗျာဟု ကျွန်တော်က ပြန်ဖြေသောအခါ ဒါလား . . . ရယ်လဲ မရယ်ရဘူးဟု ခပ်ငေါက်ငေါက် ပြော၍ ဖုန်းချသွားသည်။ အတော် ရယ်ရပါသည်။


ပြက်လုံးအကြောင်း ဆက်ပြောပါမည်။ ဦးနောက်နှင့် အာရုံကြောအဖွဲ့ .အစည်းသည် ဆိုခဲ့ပြီးသည့်အတိုင်း အချက်အလက်များကို သညာယက္ကန်း၌တင်၍ ယက်ပြီး အကွက်ဖော်ခြင်း အလုပ်ကို လုပ်ပါသည်။ ယက်နေကြ အဆင်ကိုသာ ယက္ကန်းခတ်လေ့ ရှိပါသည်။ ပုံသဏ္ဍာန်ဖော်ပြီး လမ်းကြောင်းအတိုင်း ယုံယုံကြည်ကြည် လျှောက်လေ့ ရှိပါသည်။ ထို့ကြောင့် စိတ်က သိထားသည်ကိုသာ မျက်စိက မြင်သည် သို့မဟုတ် သူစွဲမြဲထားသည့်

အတိုင်းသာ သူ သိသည်။ သွားနေကြ လမ်းကြောင်းအတိုင်း သွားသော စိတ်သည် နောက်ဖေး သို့မဟုတ် ဘေးလမ်းကြောင်းတစ်ခု အပေါ်မှာ ဘယ်လို သဘောထားပါသနည်း။ ခဏရပ်ပြီး စဉ်းစားနေခြင်းမှာ စိတ်၏ လုပ်ရိုးလုပ်စဉ် အလုပ် မဟုတ်ပါ။ အာရုံများသည် လွှမ်းမိုးသော လမ်းကြောင်းအတိုင်းသာ လိုက်သော သဘောရှိသောကြောင့် နံဘေး လမ်းကြောင်းကို မေ့လိုက်ပြီး ပင်မ သွားနေကြချည်း အတိုင်းသာ သွားလေ့ လိုက်လေ့ ရှိပါသည်။




ပုံ (၂)

ဘေးပေါက်မှ တစ်ခါတစ်ခါ ဝင်လာတတ်သော သတင်း အချက်အလက်များကတော့ အောက်ပါပုံအတိုင်း မူလလမ်းကြောင်း မကြီး အတွင်းသို့ ရောက်လေသည်။




ရပ်၍ မစဉ်းစား။


ပုံ (၃)

ဟာသ သို့မဟုတ် တီထွင်ဖန်ဆင်းခြင်းသည် စိတ်က အဆင်ဆန်းယက်ခြင်း ဖြစ်ပါသည်။ သွားနေကျအတိုင်း မသွားခြင်း ဖြစ်သည်။ ပြက်လုံးတစ်ခု ပြောရာတွင် ပထမ သွားနေကျ လမ်းကြောင်းအတိုင်း လိုက်သွားသည်။ ရုတ်တရက် ဘေးသို့ ချော်သွားသည်။ ချက်ချင်းပင် ကိုယ်သွားရမည့် လမ်းကြောင်းကို ကျွန်တော်တို့ မြင်သည်။


ကျွန်မ ရှင့်ကို ယူရမယ်ဆိုလျှင် ရှင့် ကော်ဖီထဲကို အဆိပ်ခတ်မယ်။
ငါ မင့်ကို ယူရမယ်ဆိုလျှင် ဒီကော်ဖီကို သောက်လိုက်မယ်။

( ဝင်စတန်ချာချီနှင့် လေဒီ အက်စကွစ် )

အဝတ်တင်တဲ့စင်က နိမ့်နေတော့ ခေါင်းနဲ့ ခဏ ခဏ တိုက်တယ်။
မြင့်နေလို့ တိုက်မိတာပါ။ ဒီထက် နိမ့်သွားအောင် နိမ့်လိုက်လျှင် မတိုက်မိတော့ဘူး။




ဟာသ



ဖြန့်ထွက်တွေးခြင်း
တီထွင်ဖန်ဆင်းခြင်း

ပုံ (၄)

ဟာသ သို့မဟုတ် ရယ်ရွှင်ဖွယ်နှင့် ဖြန်ထွက်တွေးခြင်းမှာ ဘေးသို့ ထွက်၍ တွေးခြင်းတွင် အတူတူ ဖြစ်ပါသည်။

သူများက သင့်ကို ဟားကြပြီဆိုလျှင် သင်သည် ဉာဏ်ကျယ်ကြီး ဖြစ်ဖို့ မဝေးတော့ပါ။ ကစ်တီဟောက် ပင်လယ် ကမ်းခြေက ရိုက်ညီနောင်၊ မီးသီးတွေနဲ့ အယ်ဒီဆင်၊ စီအင်အင်က တက်တာနာတို့ကို တွေးကြည့်လျှင် သူတို့ကို ဟားခဲ့ကြသူတွေမှာ လူပြိန်းများ ဖြစ်သွား၍ ဟာသကို ဖြစ်စေခဲ့သော (ဝါ) ပြက်လုံးထုတ်ခဲ့သော သူတို့သည်ဘဲ ပညာရှိကြီးများ ဖြစ်သွားသည်။

စတီဖင်ဟော့ကင်းသည် ဟာသဓာတ် အတော်ရှိသည်။ စတီဖင် ဟော့ကင်းသည် မျက်မှောက်ခေတ်၏ အတော်ဆုံး ရူပဗေဒ ပညာရှိ ဖြစ်သည်။ ထို့ကြောင့် ပညာရှိဖြစ်လိုလျှင် ဟာသဓာတ် ရှိအောင် ပြက်လုံး ထုတ်တတ် အောင် လုပ်ရမည်။ ရယ်ရွှင်ဖွယ် ရေးသော ကျွန်တော်သည် ပညာရှိ ဖြစ်သွားသည်ဟု ယူဆရန် မလိုအပ်ကြောင်း ရှင်းပြရန် လိုမည်ဟု မထင်ပါ။

ပြောပြချင်သော စကားလုံးများ မပြောနိုင်သောအခါ ကျွန်တော်က စန္ဒရားကို တီးပြရပါသည်။ ရယ်ရယ်မောမော ပြောသော အခါ စကားလုံးများ ရောရောရှုပ်ရှုပ် သူတို့နားထဲ ဝင်ရောက် သွားနိုင်ပါသည်။ "ပန်းနဲ့လိပ်ပြာ၊ အများ မကြားသာတဲ့ စကားထာ တစ်ဖြာလှပေလိမ့်" ကြည်အေးကဗျာလို ဖြစ်ပါသည်။ စကားထာ မလှသည်မှာတော့ ကျွန်တော် ညံ့၍သာ ဖြစ်ပါ လိမ့်မည်။

ရယ်ရွှင်ဖွယ်သည် ကျွန်တော် စန္ဒရားတီးခြင်းလည်း ဖြစ်သည်။

---

၁ သေနတ် = Gun (ဂန်း)

၂ သီလရှင် = nun (နန်း)

၃ ရယ်ရွှင်ဖွယ် = fun (ဖန်း)

၄ ဖန်ဆင်းခြင်း = Creativity

၅ The brain can only see what it is prepared to see.

6 သညာ = Perception

# ကျောင်းကောင်း

## ကျောင်းကောင်း

မုဆိုးရာသီ ကုန်ခဲ့ပြီမို့
၂၁ ရာစု အဝင်ဝမှာ
လေးနဲ့မြား မလိုပါ။

( ရှီမွန်ပီရက် )

အစာအာဟာရအတွက် သားကောင် ရှာဖွေရတဲ့ခေတ် ကုန်သွားပါပြီ။ မုဆိုးခေတ်တုန်းကတော့ အစာအတွက် တောလိုက်ရတယ်။ သားကောင်နဲ့ သတ်ပုတ်ရတယ်။ လူအချင်းချင်းလည်း သတ်ပုတ်ရတယ်။ အင်အားသုံးမှ ဝေစုများများ ရမယ်။ ယခုခေတ်ကတော့ တောလိုက်မြေပြင်မဟုတ်၊ ယခုခေတ်က နည်းပညာရင်ပြင်၊ မုဆိုးတွေ နေရစ်ခဲ့။ မတိုးတက်တဲ့သူတွေ ဒီခေတ်မှာ နေရာရချင်လျှင် ရှေးကျတဲ့ အတွေးတွေကိုပယ်၊ ခေတ်နောက်ကျတဲ့ စစ်ပွဲတွေကိုဖယ်၊ "ပညာရေး နောက်ကျမှု" ကို ဖယ်ရမယ်တဲ့။ အဲသလို နိုဘယ်ဆု ရတဲ့ အစ္စရေးဝန်ကြီးချုပ် ရှီမွန်ပီရက်က ပြောပါတယ်။ မုဆိုးခေတ် မဟုတ်တော့ဘူး။ လေးနဲ့မြား မလိုတော့ပါ။

ကျနော်တို့ ကျောင်းကောင်းတွေသာ လိုပါတယ်။ ဘယ်လိုကျောင်းကို ကျောင်းကောင်းလို့ ခေါ်ရမလဲ။ ဂုရုကြီး ပီတာဒရပ်ကား ပြောတာကို ဝေငှပါရစေ။

* ကွန်ပျူတာတွေနဲ့ ဂြိုလ်တုဆက်သွယ်ရေးက စာသင်ကျောင်းခန်းမထဲကို ဝင်ရောက်လာတော့မယ်။ ကျနော်တို့ စာသင်ကြားတဲ့ပုံစံပြောင်းတော့မှာ ဧကန်ဖြစ်ပါတယ်။ ကျောင်းတွေဟာ အရင်က လူအင်အား သုံးတယ်။ ယခု ငွေအင်အား(Capital - intensive) လည်း သုံးရမယ်။ ကွန်ပျူတာနဲ့ ခေတ်မီ ဆက်သွယ်ရေးစနစ် သုံးရမယ်။
* ငယ်ရွယ်သူသာ စာသင်တဲ့ ခေတ်က ကြီးသူငယ်သူ အရွယ်မဟူ သင်ယူနေတဲ့ ကျောင်းတွေ ဖြစ်ဖို့လိုမယ်။
* သင်ကြားတဲ့ သင်ယူတဲ့နည်းပညာ ပြောင်းရုံသာ မဟုတ်။ အနှစ်အသားနဲ့ ကျောင်းရဲ့ ရည်မှန်းချက်ကလည်း ပြောင်းရမယ်။

တရုပ်နဲ့ မူစလင်၊ ဂျပန်နဲ့ အနောက်နိုင်ငံတွေ ကျောင်းတွေနဲ့ ပညာရေးကို ဘယ်လိုအပြောင်းအလဲ လုပ်ခဲ့တယ်ဆိုတာ နည်းနည်းလေး ပြောပါ့မယ်။ ပထမဆုံး သင်ကြားရေး "နည်းနာ"ပေါ်မှာ အပြောင်းအလဲ လုပ်ခဲ့တယ်။ သက္ကရာဇ် ၁၅၅၀ နောက်ပိုင်းမှာ အနောက်က သူတို့ကျောင်းတွေကို "ပုံနှိပ်စာအုပ် (Printed book)အသုံးချပြီး ပြောင်းလဲခဲ့တယ်။

တရုပ်နဲ့ မူစလင် (အော်တိုမန်အင်ပါယာ)က "ပုံနှိပ်စာအုပ်"ကို သူတို့ကျောင်းတွေမှာ မသုံးခဲ့ဘူး။ သက္ကရာဇ် ၁၅၀၀ မှာ တရုပ်တွေနဲ့ မူစလင်တွေလည်း ပုံနှိပ်အတတ် တတ်နေပြီ။ ဒါပေမယ့် မူစလင်တွေက နှုတ်နဲ့ ပို့ချတယ်။ ထပ်ခါတလဲလဲ ရွတ်ဆိုတာကိုဘဲ သင်ကြားနည်းနိသသရည်းအနေနဲ့ သုံးတယ်။ တရုပ်တွေက ပုံနှိပ်စာအုပ်အစား Calligraphy ပန်းချီဟန်ရေးခြင်းကိုပဲ သုံးတယ်။ သက္ကရာဇ် ၁၅၀၀ မတိုင်မီက တရုပ်နဲ့

အော်တိုမန်အင်ပါယာတွေဟာ မဟာအင်အားကြီးနိုင်ငံတွေ။ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ သိပ္ပံ၊ ယဉ်ကျေးမှု ဘက်ပေါင်းစုံမှာ ကမ္ဘာကို ကြီးစိုးထားတယ်။ အဲဒီနောက်မှာ မကြီးစိုးနိုင်တော့ဘူး။ သူတို့ရပ်တန့်သွားတယ်။ အနောက်က ကျောင်းတွေကို "တိုးတက်စေရာ. . .ကွန်သာယာ" တွေ အနေနဲ့ ရှုမြင်တယ်။ အဲဒါကြောင့် ယဉ်ကျေးမှု၊ အနုပညာ၊ စာပေ၊ သိပ္ပံ၊ စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေးမှာ အနောက်က တိုးတက်လာတယ်။ တရုပ်နဲ့ မူစလင်တွေကတော့ ကျောင်းကို "တိုးတက်မှုမှာ အတားအဆီးပမာ" ရှုမြင်တယ်။ ဒါကြောင့် နောက်ဆုတ်သွားတယ်။

ဂျပန်တွေကတော့ ဂျပန်ထုံးစံ ရသမျှ ယူတယ်။ ပြီးတော့ ဂျပန်လုပ်ပစ်လိုက်တယ် (Japanize)။ ဂျပန်ရဲ့ ဘန်ဂျင် ကျောင်းတွေမှာ "ပုံနှိပ်စာအုပ်"ကိုလည်း အသုံးချတယ်။ Calligraphy ကရတဲ့ "စုတ်ကမ်းနဲ့ အလှပညာ"ကိုလည်း ယူတယ်၊ ဂျပန်တွေက တရုပ်တွေ ပစ်ပယ်သလို "စာအုပ်" ကို မပစ်ပယ်ဘူး။ တရုပ်တွေက ပညာတတ်ဆိုတာ လူတစ်စု၊ ထိပ်ပိုင်းတစ်စု သာမည်မဟုတ်ဘူးလို့ ယူဆပြီး လူအများစု မဟုတ်အောင် လုပ်စဉ်မှာ ဂျပန်ဘန်ဂျင်က "အများစုတတ်" (Universal Literey)ဖို့ ရည်ရွယ်လုပ်ဆောင်တယ်။ ၁၉ ရာစုနှင့် မီဂျီခေတ်မှာ နိုင်ငံကို ပြောင်းလဲအောင် လုပ်ကြတဲ့ ဂျပန်တွေဟာ ဘန်ဂျင်ကျောင်းထွက်တွေ ဒါမှမဟုတ် ဘန်ဂျင် ကျောင်းထွက်တွေရဲ့ တပည့်တွေ။

ကျောင်းတွေကို "သင်ကြားနည်းနာ နိသသရည်း"ပေါ်မှာ ပြောင်းလဲရုံတင်မကဘူး၊ "အတွင်းအနှစ်သာရ"လည်း ပြောင်းလဲရမတဲ့။ ပညာသင်ကြားရေးရဲ့ သဘောထား၊ တန်ဖိုး၊ ဦးတည်ချက်ကလည်း ပြောင်းရမယ်။ ကွန်ပျူတာတွေ ဘာတွေ သုံးသော်လည်း သဘောထား မပြောင်းလျှင် မဖြစ်ပါ။ ထိုအတူ ကွန်ပျူတာစသည်ဖြင့် သုံးပြီး "သင်ကြား နည်းနာ" ပြောင်းလဲ မှုလည်း အမှီလိုက်နိုင်မှာ. . .။

ချက်လူမျိုး ဂျွန်အေမို့စ် ကွန်မီနီယပ်ကို "ခေတ်သစ်ကျောင်းတွေရဲ့ ဖခင်" လို့ ပြောကြတယ်။ သူက "ပုံနှိပ်စာအုပ်"ကို သင်ကြားခြင်းနှင့် သင်ယူခြင်းရဲ့ ထိရောက်တဲ့ လက်နက်အဖြစ် စတင် အသုံးချခဲ့တယ်၊ သင်ရိုး (Curriculum )ကိုဗဟိုပြုဖို့လုပ်ခဲ့တယ်၊ "ပြဋ္ဌာန်းစာအုပ်" (Text book)ကို တီထွင်ခဲ့တယ်။ သူ့ရည်ရွယ်ချက်ကလည်း လူတိုင်း စာတတ်ဖို့။ နှစ်ပေါင်း ၃၀၀ လောက်က ကွန်မီနီယပ်ပြောခဲ့တဲ့ "ကျောင်းသားတွေအတွက် လိုအပ်ချက်"နဲ့ ၂၁ ရာစု ပညာအဖွဲ့အစည်းက "လိုအပ်ချက်"မှာ အပြောင်းအလဲ အများကြီးရှိမှာ ဓမ္မတာပါ။

## ကျောင်းကောင်း ဖြစ်ဖို့ လိုအပ်ချက်များ

(၁) ကျောင်းတွေက လူတိုင်းစာတတ်ဖို့ လုပ်ပေးနိုင်ရမယ်။ "စာတတ်ခြင်း" ဆိုတာ အရေး၊ အဖတ်၊ အတွက် မကပါ။ အရေး၊ အဖတ်၊ အတွက် အပြင် သင်္ချာနှင့် သိပ္ပံ၏ အခြေခံ အချက်များ နည်းပညာ၏ ဒိုင်းနမစ်များနှင့် အခြားဘာသာစကား တစ်ခုခု တတ်မြောက်တာကိုသာ စာတတ်တာလို့ ခေါ်တယ်။

(၂) တစ်သက်လုံး သင်ယူဖို့ လိုအပ်တယ်ဆိုတဲ့ စိတ်ကူးမျိုး မွေးမြူပေးလိုက်ရမယ်။ သင်ယူဖို့ ပျော်မွေ့စေရမယ်။

(၃) ဖွင့်ထားတဲ့ကျောင်း(Open System)မျိုးဖြစ်ရမယ်၊ အခြေအနေကြောင့် ကျောင်းမတက်လိုက်ရတဲ့ လူတွေလည်း ကျောင်းတက်နိုင်ရမယ်။ အထက်တန်းပညာတတ်ပြီးတဲ့ လူတွေလည်း ထပ်သင်ဖို့ ကျောင်းတက်နိုင်ရမယ်။

(၄) ပညာဆိုတာ "အနှစ်သာရ" အနေနှင့်သာမဟုတ် "ထုတ်လုပ်မှု အစဉ်"မှာ ပါဝင်တဲ့ အရာဖြစ်တယ်ဆိုတာကို ရှင်းလင်းသိမြင်

စေရမယ်။ (ဂျာမန်တွေက ပညာအတွက် ပညာရှာဆိုတာကို Wissen လို့ ခေါ်ပြီး ပညာကို အသုံးချဖို့ ကြိုးစားတာကို Konnen လို့ခေါ်တယ်။)

(၅) ပညာသင်ကြားခြင်းကို ကျောင်းတွေကသာ လက်ဝါးကြီး အုပ်ထားဖို့ မဟုတ်။ အလုပ်ရုံတွေ၊ အဖွဲ့ အစည်း တွေကလည်း ပညာသင်ယူတဲ့နေရာတွေ ဖြစ်သွားဖို့ လိုအပ်တယ်။ ကျောင်းတွေနဲ့ ထိုအဖွဲ့ အစည်းများ လက်တွဲလုပ်ရပါမယ်။

## စာတတ်တယ်ဆိုတာ...

အရေး၊ အဖတ်၊ အတွက် အပြင် ဘာသာစကား၊ သိပ္ပံပညာ၊ ကွန်ပျူတာတတ်မှ စာတတ်တယ်လို့ ခေါ်ပါတယ်။ အဲဒီ အခြေခံ အုတ်မြစ်များရှိမှ "အလုပ်လုပ်နိုင်" သော သူများ၊ "လိုအပ်သော လက်နက် ကရိယာတပ်ဆင်ထားသော" သူများ ဖြစ်လာနိုင်သောကြောင့် ဖြစ်ပါတယ်။ ကျောင်းများ၏ အဓိက ရည်မှန်းချက်မှာ ထိုအုတ်မြစ်များ ကျောင်းသားများတွင် ခိုင်မာသွားဖို့ လုပ်ဆောင်ရန်ပါ။

ထိုအုတ်မြစ်များရရန် ကွန်ပျူတာများသုံးလျှင် ပိုမြန်ဆန်နိုင်မည် ဖြစ်ပါသည်။ သင်ယူခြင်း (Learning)သီဝရီများ ရှိနေပါပြီ။ သင်ကြားခြင်း (Teaching)နှင့် သင်ယူခြင်းသည် ဒင်္ဂါးပြားတစ်ပြား၏ ခေါင်းနှင့်ပန်း မဟုတ်ပါ၊ မတူပါ။ အချို့ဘာသာရပ်များကို သင်ယူလျှင် ပိုလွယ်ကူပါသည်။ မူလတန်းကျောင်းမှ အရေး၊ အဖတ်၊ အတွက်များ၊ အထက်တန်းကျောင်း များမှ အချို့ ဘာသာရပ်များ၊ ဥပမာ ~ သမိုင်းအချက်အလက်၊ ဇီဝဗေဒ၊ အင်ဂျင်နီယာပညာရပ် အချို့ကို ကွန်ပျူတာ ပရိုဂရမ်တစ်ခုနှင့် သင်ယူလျှင် ပိုလွယ်ပါသည်။ ဆရာက အာပေါက်အောင် သင်စရာ မလိုပါ။ ဆရာက

နံဘေးမှ ညွှန်းကြားအားပေး ဆွေးနွေးရုံသာ လုပ်ပါ။ ဆရာဆိုသည်မှာ ခေါင်းဆောင်ဖြစ်သွား၊ ပညာအရင်းအမြစ် (Resource) ဖြစ်သွား၍ ထပ်ခါတလဲလဲ ရှေ့မှ အော်ပြောနေသူများ၊ အဖြေလွှာ စစ်နေသူများ၊ နှုတ်တိုက် ရွတ်ချပေးသူများ အဖြစ်မှ ပြောင်းလဲသွားနိုင်ပါသည်။ သို့သော် ထိုသို့သော ကွန်ပျူတာပရိုဂရမ်များ တပ်ဆင်နိုင်ရန် ငွေကြေးရှိရပါမည်။

## အမြဲသင်ယူခြင်း ( Learning to Learn )

ပညာတတ်ဆိုတာ "အမြဲသင်ယူတတ်ဖို့ သင်ကြားပြီးတဲ့သူ"လို့ အဓိပ္ပါယ် ဖွင့်ဆိုချက်တစ်ခု ရှိပါသည်။ အမြဲပြောင်းလဲနေသော ကမ္ဘာကြီးမှာ ပညာရပ်တွေကလည်း အမြဲပြောင်းလဲနေ၍ အမြဲသင်ယူနေဖို့ လိုအပ်သော အခါ ကျောင်းများက အမြဲသင်ယူတတ်သောသူများ ဖြစ်အောင် လုပ်ပေးဖို့ လိုအပ်ပါသတဲ့။ ကျွန်တော်တို့ ကျောင်းတွေက စူးစမ်းတတ်သော စာဖတ် ဝါသနာပါသော "စာသင်ခြင်းသည် ဘွဲ့ယူခြင်း၌ ကုန်ဆုံးပြီ" ဟု မမှတ်ယူသော ကျောင်းသားများ မွေးထုတ်နိုင်ပါသလား။

ကျွန်တော့်အမေက "မင်းဟာကကွယ်။ သင်တန်းတွေချည်း တက်နေရတာ၊ မဆုံးနိုင်တော့ဘူးလား" ဟု မေးတတ်ပါသည်။ အမေ့အမြင်၌ ဘွဲ့တစ်ခု နှစ်ခု ရပြီးလျှင် ပညာသင်ကြားခြင်းသည် ထိုနေရာ၌ နိဂုံးကမ္ပတ် အပြီးသတ်ပါသည်။ ထိုအမြင်သည် ဤခေတ်ကြီးနှင့် လျော်ကန်ပါရဲ့လား။

အမြဲတစေ သင်ယူခြင်း၌ မွေလျော်ရန် မည်သို့လုပ်ရမည်နည်း။ ဂျပန်တွေ၏ "စာမေးပွဲငရဲ"မှာ သင်လိုစိတ်ကို ပျောက်ဆုံးသွားစေသည်။ အမေရိကန်မှ လစ်ဘရယ် အနုပညာကောလိပ်တွေမှာမူ စာသင်ခြင်း၌ ကျောင်းသားတွေ ပျော်သည်။ သို့သော် စည်းကမ်းမရှိသော ပျော်ရွှင်ခြင်း

သက်သက်။ "စည်းကမ်းရှိရှိ သင်ယူခြင်း၌ မွေလျော်ခြင်း"ကို ရရှိရန် လိုအပ်သည်။ သင်လိုစိတ် မီးလျှံကလည်း တောက်တောက်ပပ စည်းကမ်းကလနား လေးလည်းရှိ။ မည်သို့ လုပ်မည်နည်း။

စာသင်ကျောင်းတွေက မလုပ်နိုင်ခဲ့သော်လည်း အနုပညာကျောင်းတွေ၊ အားကစား ပညာသင်ကျောင်းတွေက လုပ်ခဲ့နိုင်ပါသည်။ ထူးချွန်အောင်မြင်သော စန္ဒယားဆရာသည် စန္ဒယားတီး အမြဲကျင့်သည်။ နေ့နေ့ညည ရာသီမသိ။ အောင်မြင်သော ဂေါက်သမားသည် ဂေါက်အမြဲကျင့်သည်။ နေ့နေ့ညည ရာသီမသိ။ အောင်မြင်ခြင်းသည် စွဲလန်းစေလို့ ဖြစ်သည်။ အောင်မြင်သောသူသည် သူထူးချွန်သော အရာ၌ ပို၍ကောင်းအောင် ကြိုးစားလေ့ရှိသည်။ အောင်မြင်ခြင်းကို "အားသာချက်" အပေါ်မှ ပွားများယူရသည်။ နှစ်ပေါင်းများစွာ အနုပညာဆရာများ၊ အားကစားနည်းပြများက တပည့်၏ အားသာချက်ကိုရှာ ထိုအရာ၌ အာရုံစိုက်၊ ထပ်ခါတလဲလဲ လေ့ကျင့်ခိုင်းပြီး အောင်မြင်သော သူများ မွေး...ခဲ့ဟူးပြီ။

စာသင်ကျောင်းများမှ ဆရာများကကော။ ဆရာ၊ ဆရာမများမှာတော့ သူတို့၏တာဝန်မှာ "အားနည်းချက်"များကို လျော့အောင်၊ နည်းအောင် လုပ်ရန်သာဟူ၍ ယူဆထားဟန်ရှိသည်။ ကျောင်းသားများ၏ "အားသာချက်" များ၌ အာရုံမစိုက်နိုင်၊ သူတို့လုပ်သည်မှာ "လေးစား ဖွယ်ရာ သာမန်ရလဒ်" ( Respectable mediocrity ) သာ ဖြစ်သည်။ လေးစားဖွယ်ရာ သာမန်ရလဒ် ဆိုသည်ကို ရှင်းရန် လိုမည်ဟု ယူဆသဖြင့် ရှင်းပြပါဦးမည်။ ကျောင်းဆရာတွေမှာ သချ်ာညံ့သူကို မညံ့ရန် တာဝန် ရှိသည်။ အင်္ဂလိပ်စာ လပတ်စာမေးပွဲ ကျလျှင် နောက်တစ်ပတ်မှာ မကျအောင်လုပ်ရန် တာဝန် ရှိသည်။ ဆယ်တန်းစာမေးပွဲ အအောင်များ စေရန် လုပ်ရမည်။ ဆယ်တန်းစာမေးပွဲ အကျနည်းစေရန် လုပ်ရမည်။ တော်သည်ဆိုသော ကျောင်းသားမှာ ထိုထိုစာမေးပွဲများနှင့် လိုက်လျော ညီထွေ ဖြေတတ်သူများ

ဖြစ်သည်။ ပိုရေး၍ မရ။ ပြဋ္ဌာန်းစာအုပ်နှင့် မညီလျှင် အမှတ်လျော့နည်း၍ ဆရာများက "မောင်မောင် မင်း မြန်မာ စာစီစာကုံးရေးတာ စိတ်ကူး သိပ်ကောင်းတယ်။ ပိုကောင်းအောင် ရသစာပေ နိဒါန်းဖတ်၊ လေ့တာစ်စင်းနှင့် သိချင်းသည်ဖတ်၊ စာစီစာကုံး အများကြီးရေး"ဟု ပြောမည့်အစား အမှတ်ပေး စည်းမျဉ်းနှင့်အညီ လိုက်လျောစွာ ရေးတတ်အောင်သာ ပြောရ သည်။ "မြမြ၊ မင်းပုံဆွဲတာ တော်တယ်။ အတန်းထဲက ကျောင်းသားပုံတွေ အကုန်ဆွဲ ပါလား"ဟု ပုံဆွဲမှု ပိုတော်အောင် ပြောမပေး နိုင်ပါ။ မောင်မောင်နှင့် မြမြတို့ အရေး၊ အဖတ်၊ အတွက် တတ်ဖို့ အခြေခံ အုတ်မြစ်များ ရဖို့သာ ဆရာများခမျာ အာရုံစိုက်နေပါသည်။ ထို့ကြောင့် "အားသာချက်" များကို လျစ်လျူပြု၍ ကျောင်းသားများ၏ "အားနည်းချက်" များကိုသာ အာရုံစိုက်ရပါသည်။ ရလဒ်မှာ "လေးစားဖွယ်ရာသာမန်" များ မွေးထုတ်ခြင်း ဖြစ်ပါသည်။ အားသာချက်များ (Strength)၌ အလေး ဂရုထား၍ သင်ကြားလျှင် မည်သို့ ဖြစ်မည်နည်း။ ပိုကောင်းမလား။

## ပွင့်နေသောကျောင်း

ကျောင်းဟူသည်မှာ ငယ်သူကိုသာ သင်ဖို့မဟုတ်၊ ကြီးသူများ သင်ကြားလိုလျှင်လည်း သင်ကြားနိုင်ရန် တံခါးဖွင့်ထားသင့်ပါသည်။ သာမန် အားဖြင့် မတတ်သူသာ သင်ရမည်ဟု ထင်ရသော်လည်း တတ်ပြီးသောသူများ လည်း ထပ်ခါထပ်ခါ သင်ယူရန် လိုပါသည်။ အထက်တန်းပညာ သင်ယူပြီး သူများက ကျောင်းပိုတက်ဖို့ လိုအပ်ပါသည်။ ဆေးလောကမှာ ဘွဲ့ရပြီး၊ ဘွဲ့လွန်များ မကြာခဏ သင်တန်းများ၊ ဉာဏ်သစ်လောင်းခြင်းများ၊ အလုပ်ရုံ ဆွေးနွေးပွဲများ တက်ကြရပါသည်။ အရွယ်မရွေး ပညာပေးနိုင်သော ကျောင်းများအဖြစ် "ပွင့်သောစနစ်" ရှိလျှင် ကောင်းသည်။

## ကျောင်းနှင့်အလုပ် ဆက်စပ်ခြင်း


ဂျာမနီ၌ ကျောင်းနှင့်အလုပ်ကိုဆက်စပ်သော "appnenticeship စနစ်" ရှိသည်။ ကျောင်း၌ ပညာသင်နိုင်သကဲ့သို့ အလုပ်၌လည်း သင်နိုင် သည်။ ကျောင်းပညာကို အလုပ်ရုံ၌ ဆက်သင်သည်။ အလုပ်ရုံ၊ စက်ရုံက လိုအပ်သမျှကို ကျောင်းကသိ၍ ကျောင်း၌ဖြည့်သည်။ နှစ်ဖက်စလုံး၌ အဆင်ပြေသွားသည်။

## ပညာစက်ရုံ(Knowledge Factory)

အရင်းရှင်ခေတ်လွန် ၂၁ ရာစု၌ "ပညာ"သည် စီးပွား အရင်း အမြစ်၊ ပညာသည် တန်ခိုး၊ ထိုအခါ ပညာကို ထုတ်လုပ်သော ကျောင်းသည် ပညာစက်ရုံ၊ ထိုစက်ရုံများကို ကောင်းစွာ တည်ဆောက်ကြမလား။ ကောင်းစွာ ဆောက်လုပ်အပ်သော ကျောင်းကောင်းများ ရှိသောအရပ်၌ လေသည်အေး၍ ပန်းရနံ့သည် မွှေး၍ ဘေးဘယာသည် ဝေး၍ . . . အကြင်အရပ်၌ လူအပေါင်းသည် ချမ်းမြေ့ပျော်ရွှင် ကြမည် ကေန်တည်း။

စာကိုး Accountable School ( New Realities )

မှတ်ချက် ။ ဘန်ဂျင်ဆိုသည်မှာ Humanist လူ့ဘဝနှင့် သက်ဆိုင်သော ကျောင်း ဟူ၍ ယူရမည်။



# ရွာလွမ်းချင်း

စာကြည့်တိုက်မှ အသိဟူသော အရာတစ်ခုကို ရသော်လည်း ထိုအသိက ရွာသားများအား ပျော်စရာ လုပ်ပေးနိုင်ပါသလား။ အငြိမ့်ကတော့ ပျော်အောင် လုပ်ပေးနိုင်သည်။ ဆင်ခြင်တုံတရားမှအပ ဖြစ်သော လောကကြီး ကိုးရိုးကားယား ဖြစ်သောအခါ ထမင်းကြမ်းနှင့် ထန်းလျက်ခဲနှင့် နံနက်ခင်းတွင် မျှောချပစ်၍ ရမှန်း အမေက သင်လိုက်ပါသည်။

## ရှာလွမ်းချင်း

သူက တစ်ပြိုပဲ တန်တယ်။ တစ်ပြိုထက်ကျော်သွားလျှင် စတုတ် တိုက်ခံလိုက်ရတာပဲဟူ၍ ကျွန်တော့်ကို ကျွန်တော့်ဦးလေး တစ်ယောက် က သတိမှတ်ထားပါသည်။ ထိုသို့ စတုတ် တိုက်ခံရသော ခုလိုအချိန်မျိုးတွင် ကျွန်တော့်၌ ရှာပြန်ချင်စိတ် ပေါ်လာလေသည်။ ဒီဇင်ဘာဆိုတော့ နည်းနည်းတော့ အေးလိမ့်မည်။ ထန်းပင်မြစ် မီးဖုတ်စားရမှာ သေချာသည်။ ဆားလင်းမုန့်ပေါင်းကိုတော့ ကျွန်တော့်တပည့် ထဘီအနီဝတ် ဆရာမလေး က သူ့လမ်းဘေးဆိုင်လေးကို ကျွန်တော် သွားလျှင် ဆရာ စားနော် ဟူ၍ ဝမ်းသာအားရ အတင်း ကျွေးလိမ့်မည်။

"ကံဖန်လျှင် ပြန်လည်ပြေးချင်လိမ့်၊ ခရီးနှာရီ နှစ်ဆယ့်လေး သာပဲ"ဟူသော ကြည်အေးကဗျာက အလိုအလျောက် စိတ်ကူးထဲ ရောက်လာ သည်။ ပြန်လည်ပြေးချင်လိမ့် ပြန်လည်ပြေးချင်နေပါသည်။ ကံဖန်သော ကြောင့် တောမှ မြို့ရောက်ခဲ့သည်။ ငယ်ကသူငယ်ချင်း အောင်တိုး တစ်နေ့က ကျွန်တော့် ရုံးခန်းလာသောအခါ ကျွန်တော်နှင့် သူ ခရီးနှာရီ နှစ်ဆယ့်လေး မက ကွာသွားကြောင်း သူရော ကျွန်တော်ရော သိသည်။ သူ့မိန်းမ၏ ရွှေလက်ကောက်များကို ကြည့်၍ "ရှာအလှူ မဟုတ်ဘူးဗျ"ဟု ပြောသော

အခါ ရယ်နေသည်။ "မင်းက ကျောင်းဆရာ ဆိုတော့ ကလေး တွေကို စကားကြီးဆယ်ခွန်းအကြောင်း သေသေချာချာ ပြောကွာ"ဟု ပြောသော အခါလည်း မူလတန်းဆရာ သူငယ်ချင်းက "ငါကတော့ ရိုးသားဖို့ – ကြိုးစားဖို့" ပြောရတာပဲကွဟူ၍ ပြောရှာသည်။ သူက စကားပြောတတ်ဖို့ အရေးကြီး ကြောင်း မသိရှာ။ ငယ်ငယ်က မုံရွာမြို့ကြီးမှ အပြန် "ခေါက်ဆွဲကြော် တစ်လုံး" ဘဘကြီး ဦးချစ်စဖို့ ဝယ်ခဲ့ရသည်ကို သတိရ၍ သူငယ်ချင်းအား ခေါက်ဆွဲကြော် ကျွေးလိုက်သည်။ ကျွန်တော့် ဖြန့်ထွက် တွေးခြင်းစာအုပ် လက်ဆောင် ပေးသောအခါ ဖြန့်စရာ မရှိပါဘူးကွာ ထွက်စရာလဲ မရှိပါဘူးဟု ပြောသည်။ "ရင်ရှင်ဖွယ်" စာအုပ်ကိုတော့ ရယ်ရလျှင် ကောင်းတာပေါ့ကွာ ဟူ၍ ပြောသည်။

စစ်ကိုင်း ဆင်များရှင်ဘုရားအနီးမှ "မန္တလေးစားပွဲရုံ"ဟူသော ဆိုင်ခပ်သေးသေးလေးရှေ့ ကားဖြတ်မောင်းသောအခါ ထိုဆိုင်က အစိမ်းကြော်၊ တောက်တောက်ကြော်၊ ကုန်းဘောင်ကြီးကြော်များကို သတိရသည်။ အမြီးအဖြစ် ပဲသီးချဉ်ခွက်ကလေးချပေးသော မျက်မှန်နှင့် ဆိုင်ရှင်ကို သတိရသည်။ ယခင်က ရွာမှ မန္တလေးအသွား ညရှစ်နာရီခန့်တွင် သူ့ဆိုင်မှာ ဝင်စားဖြစ်သောအခါ ဘီယာတစ်ဘူး သောက်လေ့ရှိသည်။ အသက်ကြီးလျှင် အဲလိုဆိုင်လေးဖွင့်ပြီး ကြွကြွပါဗျာ၊ ဘာစားကြမလဲဗျာ စသည်ဖြင့် မေးရင်း ဘီယာတစ်ဘူးလောက် သောက်နေရလျှင်လည်း ဘဝဟာ နေပျော်တာပါပဲလို့ တွေးသည်မှာ အနည်းဆုံး ငါးခါ ခြောက်ခါ ရှိပါပြီ။

သိပ်မကြီးပွါးချင်ကြောင်း ကြီးပွါးချင်စိတ်က ရံဖန်ရံခါမှာမှ မျက်စိလည် လမ်းမှားလာတတ်ကြောင်း ကိုယ့်ဟာကိုယ် သိသိလာသော် လည်း ရွာပြန်၍ ဖုန်ထူထူထဲမှာ မနေချင်ပါ။ အမေရှိတာပဲကွယ်၊ အမေနဲ့ နေပေါ့ဟု အသက်လေးဆယ်ကျော် သားကြီး၏ ခေါင်းကို လက်နှင့် သပ်ပြီး

အမေက ပြောသော်လည်း အဲယားကွန်းမှ မရှိဘဲဟု ပြန်ပြောလေ့ ရှိပါသည်။

ကားသည် ညောင်ပင်ဝန်း – မြင်းမူ – ချောင်းဦးကျော်၍ ခင်မွန် ရောက်လာသောအခါ ဖြည်းဖြည်းမောင်းဟူ၍ ဒရိုင်ဘာကို ပြောရသည်။ ရွာသာအေးဇရပ်ကို ကျော်လျှင် အောက်ကျောင်းနှင့် ရွှေမြင်တင်ကျောင်းကို မြင်ရပြီ၊ "ကိုယ်ပြန်လာပြီ – ချိုထံတျာသီ ... ငှက်ကလေးတွေ စိုးစီစိုးစီ"ဟူ၍ ရင်ခုန်သံနှင့် သီချင်းကို ညည်းသည်။ ကျွန်တော့်အဒေါ် စိန်စိန်၏ ဆေးခင်း ထိုကားလမ်းနံဘေးမှာ ရှိသည်။ အရင်က ဆေးခင်းနေရာမှာ ယခု ကျေးရွာ ထင်းစိုက်ခင်း ရောက်နေသည်။ ထင်းလည်း မရ၊ ဆေးလည်း မရပါ။ အဖေ့ဂူလည်း ထိုနေရာနှင့် မနီးမဝေးမှာ ရှိသည်။

တံတားကို ဖြတ်၍ ထနောင်းပင်နားက "မုံရွေး"ဟူသော ရွှေရောင် ဆိုင်းဘုတ် အနီးတွင် ကားကို ရွာဘက်သို့ ချိုးချလိုက်ရသည်။ ရွှေရောင် ဆိုင်းဘုတ်ကို ဖုန်ခါမည့်သူ မရှိပါ။ လှည်းလမ်းကြောင်း တစ်လျှောက် ဖုန်လုံးကြီးတွေကလည်း အရင်ကလိုပါ၊ အနီးရွာသည် ကျွန်တော့် ချက်မြှုပ်ရွာ ဖြစ်ပါသည်။

ရွာကို မြို့လုပ်တော့မယ်တဲ့ ဟူ၍ ဒေါ်ဒေါ်က ပြောသောအခါ ကျွန်တော့်မျက်ခုံးများပင် နဖူးအလည်ထိ ရောက်သွားခဲ့ပါသည်။ မြို့ပြ ဖြစ်ခြင်းဆိုတာ တွန်းရွှေ့ရတာလား။ သူ့ဟာသူ ပြောင်းသွားတာလား ကျွန်တော် နားမလည်ပါ။ ဖုန်လုံးကိုပင် ကျွန်တော်တို့ မပြောင်းနိုင်ပါ။ ရေတွင်းတွေကလည်း ရေတွေ ခန်းသကွယ့်ဟု ကျွန်တော့်ကြီးဒေါ်ကြီးက ပြောပြန်ပါသည်။ ရွှေမြင်တင်တောင်မှာ သစ်တောပြန်ဖြစ်လျှင် ရေတွင်းတွေ ရေပြည့်မှာပါဘဲ၊ ပတ်ိရှုပ ဒေသပါဗျာဟု ပြောရသည်။ အမေကတော့ သားကြီး ဩရသ စားရန် အကြော် သွားဝယ်သည်။ ကျွန်တော့်နှမက အိမ်ဆိုင်ကလေး၌ ဈေးရောင်းသည်။ ကျွန်တော့်ညီက တောင်သူ လုပ်သည်။ ဘဝဟူသည် သားကြီးလာမှ လှုပ်လှုပ်ရှားရှားဖြစ်သောအရာ ဖြစ်သည်။

အညာဆောင်း၏ ချမ်းအေးခြင်းကို ချည်စောင်ကြမ်းနှင့် နွေးစေသည်မှာ အစဉ်အလာတစ်ခုဖြစ်၍ အမေတို့က ထိုအစဉ်အလာ မပျက်ပါ။ ကျွန်တော့် အဒေါ်တစ်ယောက်ဖြစ်သော အောင်အောင်က ပြောင်းဖူးပြုတ်များ ယူလာသည်မှာလည်း ထုံးစံအတိုင်း ဖြစ်သည်။ သမုဒ္ဒရာများ၏ ဟိုမှာဘက်၊ တောင်တန်းများ၏ တစ်ဘက်တွင် ဒီဇင်ဘာ ကုန်လွန်သောအခါ ရာစုနှစ်များ အပြောင်းအလဲ ပွဲကြီး လုပ်မည်ကို ထုံးဟောင်းမပျက်သော ကျွန်တော့် အဒေါ်များ မသိပါ။

ရွှေမြင်တင်ဘုရားပွဲမှာ ပွဲမပါနိုင်တော့ပါ၊ ကျွန်တော့်အလှူ လုပ်စဉ်က မန္တလေးအငြိမ့် ကြည့်ရသည်ကိုသာ စမြုံ့ပြန်နေကြသည်။ ကိုတာကြီး ပွဲပြပါအုံးဗျ ဟု မောင်လှိုင်က ပြောသည်။ ထိုစဉ်က ရွာသား တွေပျော်နေကြပုံကို ဗီဒီယို ရိုက်ထားသည်။ ဆင်ခြင်တုံတရား ရှိရမည်ဟု ယူဆသော ကျွန်တော်က ပွဲပြရန် ကနဦး၌ သဘောမတူ၊ ရွာ မီးသတ်အဖွဲ့ လှူတာကမှ၊ ကျေးရွာ စာကြည့်တိုက်ကို လှူတာကမှ ပိုအကျိုးရှိမည်ဟု ဆင်ခြေပေးသော်လည်း ထိုဆင်ခြေများယွင်းကြောင်း ပျော်နေသော ရွာသားများက သက်သေပြသည်။ အငြိမ့်သည် လူအပေါင်းကို ပျော်ရွှင် စေကြောင်း (ဝါ) အပူတစ်ချို့ကို မေ့လျော့စေကြောင်း ထိုရောအခါ၌ ကျွန်တော် သိရသည်။ စာကြည့်တိုက်မှ အသိဟူသော အရာတစ်ခုကို ရသော်လည်း ထိုအသိက ရွာသားများအား ပျော်စရာ လုပ်ပေးနိုင်ပါသလား။ အငြိမ့်ကတော့ ပျော်အောင် လုပ်ပေးနိုင်သည်။ ဆင်ခြင်တုံတရားမှအပ ဖြစ်သော လောကကြီး ကိုးရိုးကားယား ဖြစ်သောအခါ ထမင်းကြမ်းနှင့် ထန်းလျက်ခဲနှင့် နံနက်ခင်းတွင် မျှောချပစ်၍ ရမှန်း အမေက သင်လိုက် ပါသည်။

မြို့တွင် ဘီယာသောက်သော ကျွန်တော်သည် ရွာတွင် ထန်းရည် မသောက်ပါ၊ ကြက်တက်ရွက်သုတ် ကိုသာစား၍ ကင်ပွန်းရွက်ချဉ်ရေကိုသာ

သောက်ခဲ့ပါသည်။ ဒေါ်ဒေါ်နှင့် အမေအား စာမူခလေးများ ကန်တော့ခဲ့ရာ ငါ့တူက စာရေးဆရာတော့ ဖြစ်သွားပြီဟု ကန်ကူလက်လှည့်လည်းဖြစ်သော ကြီးဒေါ်ကြီးက အောင်အောင်မြင်မြင် ကျူးရင့်ပါလေသည်။ ကျွန်တော့် အဒေါ် မှတ်ချက်ကို ရိုးရိုးပြန်ပြောခြင်းသာဖြစ်ပါ၍ ခွင့်လွှတ်ကြပါ ခင်ဗျာ။ "ကံဖန်လျှင် ပြန်လည်ပြေးချင်လိမ့်..... မျက်ရည်ပါးပြင်နွေးရင် ဖြင့်၊ ချစ်သူကို အပြစ်မယူကြေးပါရှင့်၊ ကြည်အေး၏ကဗျာကိုသာ ထပ်တလဲလဲ ရွတ်ဆို ပါမည်။ စာရေးဆရာ ဖြစ်ပြီဟု ကြွားဝင့်သော ကျွန်တော့်ကို အပြစ်မယူ ကြပါရန်။

တောင်သူလုပ်နေသော ကျွန်တော့်ညီကို ကြည့်၍ ဝမ်းသာရမလား၊ ဝမ်းနည်းရမလား ဟု တွေးနေမိပါသည်။ သူသည် သူ့စိုက်ခင်းမှ ရသော ခရမ်းချဉ်သီးများကို ကြည့်ကာ ကျေနပ်နေသည်။

"ထမင်းကို လက်ဖြင့် မစားတာကြာပြီဖြစ်၍ ကျွန်တော့်၏ လက်များကို ကျွန်တော် မယုံကြည်တော့ပါ။ အရာရာကို ယုံကြည်သော သူသည် ငြိမ်းချမ်း၏၊ မြူအိုးများ မီးဖုတ်နေစဉ် ပြောင်းဖူးနှတိုကိုပါ မီးဖုတ်၍ သူသည် ငြိမ်းချမ်းစွာ စားသုံးနေ၏။ နေ့အသစ်များ ပေါ်လာသည့်အခါတိုင်း တင်ကူးစီမံထားသည့်အတိုင်း ဆောင်ရွက်မည်ဟု ကြံစည်ခြင်းများ သူ့၌ မရှိသည်မှာလည်း မှန်၏။ ဘဝဆိုတာ တိုးတက်သလား၊ ဆုတ်ယုတ်သလား ဟု သူ မစဉ်းစားသည်မှာလည်း မှန်၏" ထိုသို့ တောင်သူလုပ်နေသော ညီကို ကြည့်ရင်း မြင့်သန်း၏ စာသားများကို ကျွန်တော် သတိရနေသည်မှာလည်း မှန်ပါသည်။

နှစ်ဆန်းတစ်ရက် ဒါမှမဟုတ် ကဆုန်လပြည့်နေ့ ဆရာ ကန်တော့ပွဲ လုပ်တဲ့အခါ ငယ်ကသူငယ်ချင်းတွေ ပြန်တွေ့ရမှာ ဖြစ်လေသည်။ ဘဝဆိုတာ ပစ်ချခံရတာဖြစ်သလား၊ ရွေးချယ်ခဲ့တာလား၊ ကျွန်တော်က

စဉ်းစားနေသော်လည်း ထမင်းမှန်မှန် စားရတာသာ အရေးကြီးတာပါဟု မောင်လှိုင်က ပြောမှာ သေချာသည်။ မင်းစာက အင်္ဂလိပ်စာလုံးတွေ ပါတော့ ငါတို့ မဖတ်တတ်ဘူး ဟု ပြောသောအခါ အဲဒီစကားလုံးများ လျှော့နည်းအောင် ကြိုးစားမှာပါ သူငယ်ချင်းဟု ငယ်က သူငယ်ချင်းကို နှစ်သိမ့်ခဲ့ရသည်။ သူကတော့ ဒီ့ဒီလိုနေကြတာပါပဲဟု ခပ်ပြုံးပြုံးသာပြော၍ မိုးကောင်းအောင် အမည်ပေးထားသလား မသိသော သူ၏ မိုးကောင်းရပ်သို့ ထွက်သွားသည်။ ရွာမှာ မိုးရွာလျှင်လည်း ရွာပါစေတော့။

# နံနက်တာစက်ရုံ

# နံနက်စာ စက်ရုံ

ကျွန်တော့်အား တောမှာ မွေး၍ ကျွန်တော်သည် တောသား ဖြစ်သောကြောင့် တောသားပီပီ ကျွန်တော်၏ နံနက်စာမှာ ထမင်းကြော်နှင့် ဘယာကြော် ဖြစ်ပါသည်။ သို့သော် ... ယခု ရေးမည့် "နံနက်စာ စက်ရုံ"က နံနက်စာမှာမူ ဘိုစားသည့် နံနက်စာ ဖြစ်ပါသည်။ ကြက်ဥ တစ်ဝက်ပြုတ်၊ ပေါင်မုန့်မီးကင်တို့နှင့် ကော်ဖီကြမ်း ဆိုကြပါစို့။ ဘိုတို့၏ ကော်ဖီမှာ သကြား၊ နို့ စသည်ကို ကိုယ်လိုသလို ထည့်ဖျော်ရသော ကော်ဖီကြမ်း ဖြစ်ပါသည်။ ကျွန်တော်တို့လို ဖျော်ပြီး အဆင့်သင့်ရသော ရှယ် မဟုတ်ပါ။ စီမံခန့်ခွဲမှု အကြောင်း အရိပ်အမြွက် သဘောပေါက်ရန် နမူနာပြချင်သောကြောင့် ဤ "နံနက်စာ စက်ရုံ"ကို ရေးပါသည်။ ကွန်ပျူတာတိုင်းတွင် ပါဝင်သော မိုက်ကရို ပရိုဆက်ဆာလုပ်သော "အင်တဲ"ဟု ခေါ်သော ကုမ္ပဏီကြီး တစ်ခုရှိပါသည်။ မိုက်ကရို ပရိုဆက်ဆာ ထုတ်လုပ်မှုတွင် ကမ္ဘာတွင် နံပါတ်တစ် ကုမ္ပဏီ ဖြစ်ပါသည်။ ဤစာတမ်းမှာ ထိုကုမ္ပဏီ၏ အကြီးအကဲ အင်ဒီဂရိုဗ်၏ "ထိရောက်သော စီမံခန့်ခွဲမှု" စာအုပ်မှုကို ကိုးကားပါသည်။

ကျွန်တော်က မိမိကိုယ်မိမိ စားပွဲထိုး ဖြစ်သည်ဟု သဘောထား လိုက်ပါသည်။ ကိုယ့်ထံလာသော နံနက်စာ ဘိုစာစားမည့် သူများ အပြည့်အဝ

ကျေနပ်စေရန် ဘယ်လိုလုပ်မလဲဟု တွေးကြည့်ပါသည်။ ကြက်ဥပြုတ်၊ ထောပတ်သုတ် ပေါင်မုန့်မီးကင်၊ ကော်ဖီ၊ ထိုသုံးခုကို ကျွန်တော်က ပြင်ပေးရမည်။ ဆိုင်သို့ နံနက်စာစား ကြွရောက်လာသော ပုဂ္ဂိုလ်ကြီးက သုံးမိနစ် ပြုတ်ထားသော ကြက်ဥ၊ ပူနွေးနေသော ပေါင်မုန့် မီးကင်၊ အငွေ့ တထောင်းထောင်း ထနေသော ကော်ဖီကို သူစားပွဲမှာ ထိုင်ပြီးလျှင် ပြီးချင်း ရချင်လိမ့်မည်။ "ပူနွေးနေသော" များကို ချက်ချင်းရဖို့မှာ လက်တွေ့တွင် မဖြစ်နိုင်ပါ။ အသင့်ပြုတ်ပြီး၊ အသင့်မီးကင်ပြီး၊ စောစောက လုပ်ထားလျှင် ပူနွေးနေသော ပေါင်မုန့် အငွေ့ထနေသော ကော်ဖီ မရနိုင်ပါ။ ထိုပုဂ္ဂိုလ်ကြီးများ ငါးမိနစ် ဆယ်မိနစ်စောင့်ရလျှင်မှ ကျေနပ်နိုင်ပါလိမ့်မည်။ ယင်းထက် ကျော်လျှင်တော့ ဤဆိုင်ကို ကျေနပ်မည် မဟုတ်ပါ။ ကျွန်တော်က စားပွဲမှ မီးဖိုချောင်သို့ လျှောက်ရဦးမည်။ ကြက်ဥပြုတ်မည်။ မီးကင်စက်( တိုစ့်တာ) တွင် ပေါင်မုန့် မီးကင်ရမည်။ ကော်ဖီပန်းကန်သို့ နှပ်ထားသော ကော်ဖီကို လောင်းထည့်ရမည်။ လင်ပန်းတွင် ထည့်ရမည်။ ပြန်လာ၍ ဖောက်သည်ကြီး စောင့်နေသော စားပွဲပေါ်မှာ တင်ရမည်။ အောက်ပါပုံစံ အတိုင်း ထင်ပါရဲ့။

ပုံ ( ၁ )

အော်ဒါလက်ခံ ဖေါက်သည်

ကြက်ဥယူ | ကြက်ဥပြုတ် | ပြင်ဆင်

| ပေါင်မုန့်ယူ | မီးကင် | စစ်ဆေး မြင်ဆင်


| ကော်ဖီ ပန်းကန်လုံး | စစ်ဆေး ပြင်ဆင်

တွင်ထည့်

"အပြစ် လုံးဝမရှိသော အကောင်းဆုံး နံနက်စာ"ကို ဖောက်သည်ထံ အချိန်မီ အရောက်ပို့နိုင်ရန် ကြက်ဥပြုတ်က အရေးအကြီးဆုံးဟု ကျွန်တော် တွေးပါသည်။ ကြက်ဥပြုတ်ကို လူတွေက ချေးများကြပါသည်။ အကျက် လွန်လို့ မကျက်လို့ စသည်ဖြင့် ဖြစ်ပါသည်။ ကျွန်တော်၏ အကောင်းဆုံး နံနက်စာတွင် အရေးအကြီးဆုံးနှင့် အချိန်အယူဆုံးမှာ ကြက်ဥပြုတ် ဖြစ်ပါသည်။ အကောင်းဆုံး ဖြစ်ချင်တော့ ဘယ်ဟာက အရေးအကြီးဆုံး လဲဟု ကျွန်တော် စဉ်းစားထားမှ တန်ကာကျပါလိမ့်မည်။

စက်ရုံက ကုန်ပစ္စည်း ထုတ်လုပ်သလိုပါဘဲ၊ အမှာစာ လက်ခံပြီး ဖောက်သည်ဆီ ကိုယ့်ထွက်ကုန် အပ်တာပါဘဲ၊ အမှာစာ လက်ခံချိန် ကနေ ကိုယ့်ပစ္စည်းအပ်တဲ့ အချိန်ကလည်း သူနဲ့ကိုယ်နဲ့ သဘောတူထားတဲ့ အချိန်မှာ အပ်နိုင်ရမှာ၊ အရည်အသွေး မှီ မမှီ စစ်ရတယ်။ ပြင်ဆင် ရတယ်။ သယ်ပို့ရတယ်။ အရည်အသွေး မှီဖို့ရာမှာ ဘယ်အချက်က အရေးကြီးဆုံး လဲလို့ တွက်ရတယ်။ အမှာစာ မရဘဲနဲ့ ကြိုလုပ်ထားလို့ ကလည်း မဖြစ်ဘူး။ ဖောက်သည် မလာလျှင် အလကား ဖြစ်ကုန်မှာပေါ့။

ပုံ(၂)



စက်ရုံတစ်ရုံမှ ကုန်ထုတ်တာလဲ ကြက်ဥပြုတ်နှင့် ပေါင်မုန့်မီးကင်တာပါပဲ။ ပုံ(၁)နဲ့ ပုံ(၂)ကို ယှဉ်ကြည့်ပါလား။ စက်ရုံမှာ အရည်အသွေးစစ်တာတော့ နေရာ ၃ နေရာမှာ စစ်ပါသည်။ ကုန်ကြမ်းဝယ်တော့ တစ်ခါစစ် ထုတ်လုပ်မှုအစဉ်တွင်စစ် (Inprocess inspection) ထွက်လာသော ပစ္စည်းကို ဖိုင်နယ်စစ်။ အရည်အသွေးက ယခု အပြိုင်အဆိုင် ခေတ်ကြီးမှာ အလွန်အရေးကြီး၍ ဖြစ်ပါသည်။ ကျနော် အကောင်းဆုံးမနက်စာတွင် အရည်အသွေး စစ်ဆေးခြင်းကိုတော့ မျက်စိနှင့်သာ လုပ်ပါသည်။ (Visual check)။ စက်ရုံထုတ်လုပ်မှုမှာတော့ ထုတ်ကုန်ကို လိုက်၍ စက်ကြီးများနှင့် အရည်အသွေး စစ်လျှင် စစ်ပါလိမ့်မည်။

မနက်စာ စက်ရုံမှာ အမြဲတန်း ချောမောချင်မှ ချောမောနေပါလိမ့်မည်။ ပုံ(၁)သီဝရီအရဆိုလျှင် ပေါင်မုန့်မီးကင်ရန် မည်သူမျှ စောင့်ရန် မလို။ ကြက်ဥပြုတ်ရန်လည်း စောင့်ရန်မလို ဖြစ်ပါသည်။ သို့သော် လက်တွေ့လူ့ဘဝမှာ အမြဲအဆင်ပြေလေ့ မရှိပါ။ ပေါင်မုန့်မီးကင်စက် (Toaster) မလုံလောက်ဘူး ဆိုပါစို့၊ ဖောက်သည် ပြိုင်ကျသဖြင့် ထိုနေရာတွင် တန်းစီရသည် ဆိုပါစို့။ ကြက်ဥပြုတ်သည် သုံးမိနစ်ပြုတ် မဟုတ်တော့ဘဲ ခြောက်မိနစ်ပြုတ် ဖြစ်သွားလိမ့်မည်။ ထိုအခါတွင် တစ်ဆို့တတ်သာ ပုလင်းလည်ပင်း (bottle neck)မှာ ကြက်ဥပြုတ်ခြင်း မဟုတ်ဘဲ ပေါင်မုန့်မီးကင်ခြင်း ဖြစ်ပေလိမ့်မည်။ အောက်ပါအတိုင်း ပြောင်းလဲ၍ ပုံစံဆွဲရမည်။

အမှာ ဖောက်သည်

ပေါင်မုန့်ယူ | မီးကင်ရန်အလှည့်စောင့် | မီးကင် | စစ်ဆေး

ကြက်ဥယူ | ပြုတ် | စစ်ဆေး

ကော်ဖီလောင်းထည့် | စစ်ဆေး

အနည်းငယ်ပိုရှုပ်အောင် စဉ်းစားကြည့်ကြဦးမလား။ ပေါင်မုန့်မီးကင်ရန် သင်က စောင့်နေဆဲ ကြက်ဥပြုတ်ဖို့ အချိန် ရောက်သည် ဆိုပါစို့။ ခင်ဗျားက စားပွဲထိုးမဟုတ်ဘဲ မန်နေဂျာဆိုလျှင်တော့– စပယ်ရှယ်လစ်တွေ ငှားပြီး ဖြေရှင်းလိုက်ရုံပါဘဲ။ ကြက်ဥပြုတ်သူ တစ်ယောက် ပေါင်မုန့်မီးကင်သူတစ်ယောက် စသည်ဖြင့် လူထပ်ခန့်လိုက် ရမည်။ အဲ..အကုန်အကျ (overhead expense) တော်တော်များ သွားမည်။ သိပ်ဟန်သော ဖြေရှင်းနည်း ဟုတ်ချင်မှ ဟုတ်မည်။

ခင်ဗျားက ပေါင်မုန့်မီးကင်စက်တွင် စောင့်နေဆဲ ခင်ဗျား သူငယ်ချင်း စားပွဲထိုးတစ်ယောက်ကို ကြက်ဥပြုတ်ပေးပါလားဟု ပြောလျှင်လည်း ရနိုင်ပါသည်။ သို့သော် ကိုယ်လုပ်သလောက်တော့ စိတ်မချရ။


ပေါင်မုန့်မီးကင်စက်အသစ်တစ်လုံး ထပ်ဝယ်လိုက်မည်။ စက်ဘိုးအရင်းအနှီး (Capital equiptment) ငွေကုန်ပြန်ပြီ။

ပေါင်မုန့်တွေကို အဆင်သင့် မီးကင်ထားပြီး အလိုရှိလျှင် ရအောင် သိုမှီးထားမည် (Inventory) လူမလာလို့ ပိုနေလျှင် ဘယ်လိုလုပ်မလဲ။ အလဟဿဖြစ်ကုန်မလား။ အလေအလွင့်ဖြစ်မှု (waste) တွေ များနေလျှင်လည်း စရိတ်တက်တာဘဲ။

စက်ရယ် လူရယ် သိုလှောင်ထားတာရယ်ကို ညှိလိုက်လျှင်တော့ "အကောင်းဆုံး နံနက်စာ" ရနိုင်ပါသေးသည်။ အချိန်ကိုက် (delivery time) ဖောက်သည်ကြီးများ ကျေနပ်အောင်လည်း ပေးနိုင်ပါသည်။

စရိတ်နှင့် ထိရောက်မှု (cost-effective) စဉ်းစားလျှင်တော့ စက်တိုးမည်လား လူတိုးမည်လား လှောင်ထားမည်လား ဘယ်ဟာက အကောင်းဆုံးလဲ၊ ဘယ်ဟာက စိတ်ချရလဲ၊ ဈေးနှုန်းလုပ်ခ စသည်များကို စဉ်းစားရန် လိုအပ်လာပါသည်။

ခင်ဗျားဆိုင်က နာမည်ကြီးပြီး လူအများကြီး အမြဲတန်း ကျတတ်တယ် ဆိုရင်တော့ "သုံးမိနစ် ကြက်ဥပြုတ်စက်" သုံးနိုင်ပါသေးသည်။



( အလိုအလျောက် ကြက်ဥပြုတ်စက် - သုံးမိနစ် အမြဲတမ်း ပြုတ်သည်)

လူမသုံးဘဲ စက်များသုံး၍ အလိုအလျောက် ထုတ်လုပ်မှု (automation ) စနစ် သုံးခြင်း ဖြစ်ပါသည်။ သို့သော် အလို အလျောက် စက် သုံးခြင်းမှာ အမြဲတန်း သုံးမိနစ်ပြုတ်သာ ထွက်နေ၍ တဲချို့ ဖောက်သည်က ငါးမိနစ်ပြုတ် လိုချင်လျှင် ပြဿနာ ဖြစ်နိုင်ပါသည်။ ပြီးလျှင် စက်ကို ထိန်းသိမ်းရဦးမည်။ စက်စရိတ်အပြင် ထိန်းသိမ်းစရိတ် ရှိသည်။ အရေးအကြီးဆုံးမှာ အလိုအလျောက်စက်သုံး ထုတ်လုပ်မှုသည် flexibility ပြောင်းလွယ် ပြင်လွယ် မရှိတတ်ခြင်း ဖြစ်ပါသည်။

စားပွဲထိုး၏ ယဉ်ကျေးပျူငှာခြင်း သွက်သွက်လက်လက်ရှိခြင်းများကလည်း "နံနက်စာစက်ရုံ" တွင် အရေးကြီးလှပါသည်။ စားပွဲထိုး များအား လေ့ကျင့် သင်ကြားရမည်။ "သာ- အကောင်းဆုံး နံနက်စာ" ဟူ၍လည်း ကြော်ငြာ (Advertising) လုပ်ရဦးမည်။ ကော်ဖီမှုန့် ကောင်းကောင်း ကုန်ကြမ်းကောင်းကောင်း ဈေးမှန် ပုံမှန် သွင်းသောသူလည်း ရှိရမည်။ ဆိုင်အခင်းအကျင်း နေရာထိုင်ခင်းကလည်း သပ်သပ်ရပ်ရပ် သန့်သန့် ရှင်းရှင်းတော့ ရှိရမည်။ အပြင်အဆင် (Packing ) ကောင်းမှ လူသုံးသောခေတ် ဖြစ်နေပြီ။

မှတ်ချက်။ ။"ဖေါက်သည် စိတ်ကျေနပ်မှု" အရေးကြီးကို ကျနော်တို့ တကယ်အာရုံပြုကြဖို့ လိုအပ်နေပြီ ဖြစ်ပါသည်။ စားသောက်ဆိုင်များတွင် စက်ံပူမှ လာဖွင့်သော ဆိုင်များ အောင်မြင်ကြ ပါသည်။ ကျနော်တို့ မြန်မာတွေက အသေးစိတ် စဉ်းစားကြပါသလား။ ကျနော်တို့ စီမံခန့်ခွဲမှု ကျမ်းများ ဖတ်ကြ လေ့လာကြမှ တော်ပါမည်။ တကယ်တမ်းကျတော့ ကြက်ဥပြုတ်နှင့် ပေါင်မုန့်မီးကင်ကိုပဲ ဖေါက်သည် ကျေနပ်အောင် လုပ်ဖို့ လွယ်ရဲ့လား။

စာကိုး...Breakfast factory ( High output Managment )


K97

# ရေလောဂျစ်

ကျောက်တုံးတစ်ခုကို မျက်နှာပြင်ညီတစ်ခုပေါ် တင်ထား၊ လျှင် ကျောက်တုံး သည် ထိုနေရာ၌ "ရှိ"သည်။ ရေကို တင်လျှင် ရေက ကျယ်ပြန့်သွားသည်။ ထိုနေရာမှ "စီး"သည်။

ကျောက်တုံးသည် ပတ်ဝန်းကျင် အခြေအနေကို ဂရုမပြု၊ အခြေအနေ လိုက်၍ မပြောင်းလဲ။ ရေကတော့ ထည့်သော ခွက်၏ ပုံသဏ္ဌာန်နှင့် လိုက်လျောညီထွေ နေသည်။

ရေလောဂျစ်သည် ပတ်ဝန်းကျင် အခြေအနေ (Context) ၏ အရေးပါမှုကို အာရုံပြုပါသည်။

# ရေလောဂျစ်

ကျွန်တော် ရေးထားသော အတွေးအခေါ် အလုံးစုံကို အားလုံး မှန်ကန်သည်ဟု ယူဆရန် မလိုပါ။

(စတီဖင်ဟောကင်း)

(၁) ကျွန်တော့် ဤစာတမ်းကို အထက်ပါ စတီဖင်ဟောကင်း၏ စကားနှင့် စချင်ပါသည်။ စတီဖင်ဟောကင်းမှာ အများသိကြသည့် အတိုင်း ဤရာစုနှစ်၏ အတော်ဆုံးသိဝရီ ရူပဗေဒပညာရှင် ဖြစ်ပါသည်။ တစ်ညနေ ကန်တော်ကြီးစောင်း ထမင်းဆိုင်တစ်ဆိုင်၌ အော်ပီကျယ်နှင့် ဇော်မောင် သိုးနှစ်ကောင်နှင့် တွေ့ပါသည်။ "အဲ..ခင်များရဲ့ဖြန့်ထွက် တွေးခြင်းကြောင့် ဒုက္ခရောက်တဲ့ လူ ၄ယောက်တော့ တွေ့ နေပြီ။ လူတွေ တောင်တောင်အီအီ စဉ်းစားကြပြီး ကိုးလိုကန့်လန့် ဖြစ်နေတယ်" ဟူ၍ သိုးတစ်ကောင်က အဘိယာစကာ ပြုပါသည်။ ထိုသို့ အဘိယာစကာပြုခြင်းမှာ ခင်ခင်မင်မင် နောက်ပြောင်ခြင်းသဘော ဖြစ်ပါသည်။ စင်စစ်အားဖြင့်လည်း ပြောင်းပြန်တွေး၊ ကန့်လန့်တွေး၊ အခု လုပ်တာတွေ ဟုတ်ချင်မှ ဟုတ်မှာ ဟူ၍တွေး၊ တခြား ဘာလုပ်ရမလဲဟူ၍ တွေး၊ ဘယ်ဟာက ပို၍ကောင်းမလဲဟုတွေး၊

ထိုနယ်ဤနယ် တွေးခြင်းကြောင့် (၀၁) ဖြန့်ထွက်တွေးခြင်းကြောင့် မရှင်းလင်းမှု၊ မသေချာမှုများ ဖြစ်နိုင်ပါသည်။ သို့သော် ဤဒွန္ဒယာကြီးမှာ မသေချာမှု၊ မရေရာမှုက ဆန်းနေပါသလား၊ အနတ္တ အစိုးမရဟု ခွတ်လေ့ရှိသည့် ဗုဒ္ဓဘာသာ မြန်မာလူမျိုးများအတွက် မရေရာမှုဆိုတာ ဘာဆန်းပါသလဲ။

မရေမရာဆိုလျှင် ဘယ်ကောင်းမလဲဟု ခင်ဗျား တွေးမလား၊ မသိပါ။ ကျနော်အနေဖြင့် တွေးမိသည်မှာတော့ ဘယ်အရာမှ မရေရာပါကလား ဟု သိလျှင် ကောင်းပါသည်။ မသေချာပါကလားဟု ဘဝင်ကျလျှင် ကိုယ့်ကိုယ်ကို အလွန်အကျွံတော့ အထင်မကြီးနိုင်တော့ပါ။ "ငါလုပ်သမျှ အမှန်" ဟု ဘဝင်မြင့်မှု လျော့ပါးနိုင်ပါသည်။ "ငါလည်း မှန်ချင်မှ မှန်မှာဘဲ၊ သူများလည်း မှန်နိုင်တာဘဲ" စိတ်ထားကလေးသည် ဘယ်ဟာမှ မသေချာဘူး ဟူသော တွေးမှုမှ ပေါ်နိုင်ပါသည်။ ကျွန်တော် ဆွေးနွေးနေသော မသေချာမှုများသည် စိတ်–စေတသိတ်–ရုပ်–နိဗ္ဗာန်များဟူသော ပရမတ္ထသစ္စာများမှ အပ ဟူ၍ငှင်း၊ အမြဲတမ်း မှန်ကန်နေသော ကောင်းမြတ်သော တရားများဖြစ်သော မလိမ်ညာခြင်း ၊ ကြိုးစားခြင်း၊ ရိုးသားခြင်း၊ အလှအပ မြတ်နိုးခြင်း၊ အများစု ကောင်းစားစေလိုခြင်းစသော တရားများမှအပ ဟူ၍ငှင်း စဉ်းစားတော်မူကြပါ။

(၂) ဖြန့်ထွက်တွေးခြင်းအားဖြင့် အတွေး ရှင်းရှင်းလင်းလင်း မရှိသောအခါ (တစ်ခါတစ်ရံ၌မူ ထိုသို့တွေးခြင်းကြောင့် ပို၍ ရှင်းလင်းခြင်း လည်း ဖြစ်နိုင်ပါလိမ့်မည်။) "ကျွန်တော် ဘာလုပ်ရမလဲ" ဟူသော မေးခွန်းများ ပေါ်ပေါက်လာနိုင်ပါသည်။

ရှင်းရှင်းလင်းလင်း မရှိသောကြောင့်လည်းကောင်း၊ ရှုပ်ထွေးနေသော ကြောင့်လည်းကောင်း၊ ပြောင်းလဲနေသောကြောင့်လည်းကောင်း၊ ထိုအကြောင်း များကြောင့် သင်သည် အမြဲ စာဖတ်နေရမည်။ အမြဲမေးမြန်း နေရမည်။ တတ်နိုင်သမျှ တွေးဖို့ အချိန်ယူရပါမည်။ မသေချာခြင်းထဲတွင်

သင့်တင့်စွာ နေနိုင်ရန်နည်းမှာ ဘာသာရေးမဟုတ်သော နည်းလမ်းအနေဖြင့် အမြဲသင်ယူခြင်းနည်း တစ်နည်းသာရှိသည်ဟု ထင်ပါသည်။

(၃) ကျောက်ခဲကျောက်ဆောင်ကဲ့သို့ တသမတ်တည်း တွေးခြင်း (Rock Logic) ကြောင့် ဘယ်လောက် ဒုက္ခရောက်နေကြ သလဲလို့ စဉ်းစား မိလျှင် ဝမ်းနည်းဖို့ အလွန်ကောင်းပါတယ် ဟု ပါမောက္ခ ဟိုက်ဇင်းဘက်က ဒီဘိုနိုးသို့ ပေးစာတစ်စောင်တွင် ရေးသည်။ ဟိုက်ဇင်းဘက်သည် မသေချာမှု နိယာမကို တွေးတောသော နိုဘယ်ဆုရှင် ရူပဗေဒပညာရှင် ဖြစ်သည်။

ဤဒွန္ဒယာကြီးတွင် တစ်ခါတစ်ရံ သင်သည် ရေကဲ့သို့ တွေးရမည် ဟု ဒီဘိုနိုးက (water logic) ဆိုသည်။

ကျောက်ဆောင်ကျောက်သားက မာသည်။ မပြောင်းလဲတတ်၊ အလျော့အတင်း မရှိ ပုံသဏ္ဌာန်က အတိအကျ။ ရေက မမာ။ ပြောင်းလဲ တတ်သည်၊ ပုံသဏ္ဌာန် မတိကျ။

ကျောက်တုံးနှင့် ပစ်ခတ်၍ ရသည်။ ကျောက်တုံးကို တစ်ခုခုနှင့် တိုက်ခိုက်လျှင် ကျောက်တုံးက မာမာကျောကျော ပြန်ခုခံသည်။ ရေကို တိုက်ခိုက်လျှင် ရေက မခုခံ၊ သို့သော် တိုက်ခိုက်သူကို ဝန်းရံလိုက်မည်။ မြှုပ်နှစ်လိုက်မည်။

ကျောက်တုံးတစ်ခုကို မျက်နှာပြင်ညီတစ်ခုပေါ် တင်ထားလျှင် ကျောက်တုံးသည် ထိုနေရာ၌ "ရှိ" သည် ၊ရေကို တင်လျှင် ရေက ကျယ်ပြန့် သွားသည်။ ထိုနေရာမှ "စီး" သည်။

ကျောက်တုံးသည် ပတ်ဝန်းကျင် အခြေအနေကို ဂရုမပြု၊ အခြေအနေလိုက်၍ မပြောင်းလဲ။ ရေသည် ထည့်သောခွက်၏ ပုံသဏ္ဌာန်နှင့် လိုက်လျောညီထွေ နေ၏။

ရေလော့ဂျစ်သည် (contex) ပတ်ဝန်းကျင် အခြေအနေ၏ အရေးပါမှုကို အာရုံပြုပါသည်။

ကျောက်ခဲတစ်ခဲကို ဖန်ခွက်ထဲသို့ထည့်လျှင် ဖန်ခွက်ထဲ၌ ကျောက်ခဲ ရှိသည်။ ဖန်ခွက်အပြင်သို့ ထုတ်လျှင် ဖန်ခွက်အပြင်၌ ကျောက်ခဲ ရှိသည်။ ရေကို ဖန်ခွက်ထဲသို့ ထည့်လျှင် ဖန်ခွက်ထဲ၌ ရေရှိသည်။ ဖန်ခွက်ထဲမှ ရေထက်ဝက်သာထုတ်လျှင် ရေသည် ဖန်ခွက်ထဲ၌လည်း ရှိသည်။ ဖန်ခွက် အပြင်၌လည်း ရှိသည်။ နေရာနှစ်ခုစလုံး၌ ရေရှိနိုင်သည်။ ကျောက်ခဲသည် ဖန်ခွက်အတွင်း(သို့)အပြင် တစ်နေရာ တည်း၌သာ ရှိသည်။

ကျောက်ခဲတစ်ခုသို့ နောက်ကျောက်ခဲတစ်ခု ပေါင်းလျှင် ကျောက်ခဲနှစ်ခု ရသည်။ ရေကို ရေထပ်ပေါင်းလျှင် ရေနှစ်ခု မရ။ ရေတစ်ခုသာ ရသည်။ ရေလောဂျစ်သည် "စီးသော" "ရွေးရှုသော" "သို့"(to)သဘော ဖြစ်သည်။ ကျောက်တုံးလောဂျစ်သည် "ငြိမ်သော" "ရှိ" (is)သဘော ဖြစ်သည်။

မြစ်သည် ပင်လယ်သို့ စီးဆင်းသည်။

ဒယ်အိုးထဲမှ ကြက်ဥသည် ကြက်ဥကြော်အဖြစ်သို့ ပြောင်းသွားမည်။


လိမ့်ကျသည့်ကြက်ဥသည် ကြက်ဥကွဲအစများသို့ ပြောင်းလဲ သွားမည်။

ရုပ်ရှင်ဒါရိုက်တာကြီးသည် လိမ့်ကျသော ကြက်ဥရိုက်ချက်မှ ပြုံကျသော မှျော်စင်ရိုက်ချက်သို့ ကူးပြောင်းလိုက်သည်။

ကြက်ဥကြော်၊ ကြက်ဥကွဲ၊ လိမ့်ကျသော ကြက်ဥများသည် ကြက်ဥသာ ဖြစ်သည်။

ရေကဲ့သို့ တွေးခြင်း(water logic)ကို ရုံဖန်ရံခါ၌ သုံးကြပါကနှယ်ဟု ကျွန်တော် ဖတ်မိသမျှကို ဝေငှပါသည်။

(၄) တိပစ်ခြင်း၊ ခွဲခြမ်းခြင်း၊ ပေါင်းစပ်ခြင်းများ လုပ်ကြပါရန်



(၅) အစီအစဉ် ပြောင်းပစ်ခြင်း လုပ်ကြပါရန်



အထက်ပါ အတုံး (၃) တုံးကို အစီအစဉ်ပြောင်း၊ နေရာပြောင်း ဟိုလှည့်ဒီလှည့် လုပ်၍ ဒီဇိုင်း ၃ မျိုး ရနိုင်ပါသည်။



______ ။ ______



ဤပုံတွင် ဆက်တိုက်စီခြင်းမှ သင့်လျော်သလို ပြောင်း၍ စီခြင်းဖြင့် သင်မမျှော်မှန်းသော ပုံတစ်ခု ရသွားသည်။

အောက်ပါ ပုံပြင်များကို ဖတ်ရှုကြပါရန်။ ပုံပြင်များ၊ အမြင်များနှင့် ဝေဖန်ချက်များကို စဉ်းစားကြပါရန်၊

ပုံပြင်(၁) တိရစ္ဆာန်ရုံမှ ကျားပေါက်စတစ်ကောင် လွတ်ထွက်သွား၍ တောင်ကုန်းတစ်ခုတွင် ရောက်နေသည်။

တောင်ကုန်းပတ်လည်တွင် ခြံစည်းရိုးတော့ ရှိသည်။ ကျားကို ပြန်ဖမ်းယူရန် အတော်ခက်သည်။ သတ်လည်း မသတ်ချင်။ မြန်မာအလင်း သတင်းစာတွင် ထိုသတင်း ပါလာသည်။

အမြင် (က) ကျားလှောင်ရုံမှ ဝန်ထမ်း...... သူတော့ ဒုက္ခရောက်ပြီ။ ကျားက လူတွေ ကိုက်လျှင် ပြဿနာပဲ၊ သေနတ်နှင့် ပစ်ရမလား။ ကျား ကတော့ ပေါက်စလေးပါ။ ဖမ်း၍ ရနိုင်လျှင် ပိုကောင်းသည်။ မောင်လှ အစာကျွေးတုန်းက တံခါးမပိတ်လို့ ထွက်ပြေးတာလား၊ ဒီကောင်လည်း ပြဿနာ တက်မည်။

(ခ) ဂျာနယ်များ...လိုက်၍ ဓာတ်ပုံ ရိုက်ရမည်။ အနားကပ်လို့ ရချင်မှ ရမည်။ တယ်လီနှင့် ဆွဲရမည် ထင်သည်။ လူ မကိုက်လျှင်တော့ ကောင်းမည်။ အဲဒီအနား ကလေးမသွားဖို့ ကျား ရောက်နေသော နေရာကို တိတိကျကျ ရေးရမည် ကျား ရောက်နေတာ တိရစ္ဆာန်ရုံရဲ့ အရှေ့ မြောက်က တောင်ကုန်း ကလေး။ တောင်ကုန်းပုံ ဓာတ်ပုံ ရိုက်ရမည်။

(ဂ) ကျားကလေး....လှောင်ချိုင့်ထဲမှာ မနေရဘဲ အပြင်မှာ နေရ၍ ထူးထူးဆန်းဆန်း ခံစားသည်။ နည်းနည်းတော့ ဆာသည်။ ဘာလုပ်ရပါလိမ့်။

ဝေဖန်ချက်။ ။မည်သည့်ပုံပြင် မည်သည့်အချက်အလက်မဆို ကိုယ့်အမြင်နှင့် ကိုယ်၊ ကိုယ်သန်ရာသန်ရာ ဖြစ်သည်မှာ ဓမ္မတာ။

______ ။ ______

ပုံပြင်(၂) ခေတ်နောက်ကျသော နိုင်ငံမှ စာ မရေးတတ် မဖတ်တတ်သော ဆင်းရဲသော လယ်သမားများသက်တောင့်သက်သာ မနေနိုင်ကြ။ လယ်ကွင်းထဲမှာ အင်မတိအင်မတန် ပင်ပန်းကြီးစွာ လုပ်နိုင်မှ မငတ်ရုံသာ စားရရှာသည်။

အမြင်. . . . "သက်တောင့်သက်သာ" ရှိသည် ဆိုသည်မှာ နေထိုင် နေကျအလေ့အကျင့်ပေါ် တည်နေတာပါ။ ခင်ဗျားနဲ့ နှိုင်းတော့ သက်တောင့်သက်သာ မရှိဘူးပေါ့၊ သူ့ဟာနဲ့သူတော့ဟုတ်နေတာဗျ၊ သူက လျှပ်စစ်မီး မရှိတာလည်း မသိဘူး။ ဘယ်တုန်းကမှ မရှိဘူးလို့၊ ကားမရှိတာလည်း မသိဘူး။ ဘယ်တုန်းကမှ မရှိဘူးလို့။

အရေးအဖတ် မတတ်တော့ ပြင်ပကမ္ဘာကြီးက ပြောင်းလဲမှုတွေ တိုးတက်မှုတွေ မသိရတော့ စိတ်ဓာတ် မကျတော့ဘူး။ စာရေးစာဖတ် တတ်တာ သိတာဟာ လူတွေကို မရောင့်ရဲအောင် လုပ်တယ် စာမတတ်တော့ ဘာဖြစ်လဲ။

လယ်ထဲမှာ လုပ်ရတာ ပင်ပန်းတယ် ဟုတ်လား၊ မပင်ပန်းပါဘူး။ ကျုပ်တို့က အကျင့်ဖြစ်နေပြီ။ ကျုပ်အပင်က အသီးဖြစ်တာ ကျုပ် မြင်ရတယ် ကျုပ်စိုက်တာ ကျုပ် စားရတယ်။ ကျုပ်တို့က ဘယ်သူ့မှ မမှီခိုဘူး။

ဝေဖန်ချက်။ ။ဆန်နှင့် ငပိရှိလျှင် နေ၍ရသည်ဟု စဉ်းစားလျှင်လည်း ဖြစ်ပါသည်။ မဟုတ်သေးဘူးဟု စဉ်းစားလျှင်မူ ငြင်းခုံကြတော့မည် ဖြစ်ပါသည်။ ငြင်းခုံခြင်းမှ ထွက်ပေါက် ရှာနိုင်ပါသည်။

———————— ။ ————————

ပုံပြင်(၃) ဆံပင်ရှည် ထားကြ၊ အင်္ကျီ အကြောင်အကျား ဝတ်ကြတယ်၊ မိန်းမလား ယောကျ်ားလား ခွဲလို့မရ၊ ကျားကျားလျားလျား မရှိ။ မိန်းမလျာလို။

အမြင်...; *ဆံပင်ရှည်ထားတာဟာ သတ္တိရှိတာ။ အများနဲ့မတူ တမူ ကွဲပြား ရဲတာ။
ရှေးခေတ်တုန်းက ယောကျ်ားကြီးတွေ ဆံပင်ရှည် ထားကြတာ ရောင်ထုံးတောင် ထုံးကြရတယ်။ ရောင်ထုံးနဲ့ ထိုးကွင်းနဲ့ ယောကျ်ားပီပီ။
*အကြောင်းအကျား ဆိုတာကတော့ ကိုယ့်အကြိုက်နဲ့ ကိုယ်၊ ကိုယ်အရောင်ခံစားမှုနဲ့ ကိုယ်ပေါ့ဗျာ။
*မိန်းမနဲ့ယောကျ်ား အသွင်အပြင် ကွဲပြားဖို့ လိုအပ်သလား၊ နည်းနည်းတူနေတော့ ရှုပ်သလိုလိုတော့ ဖြစ်တာပေါ့၊ မိန်းမတွေ ယောကျ်ားနဲ့ တန်းတူ အခွင့်အရေး ရသွားတာပေါ့လို့ တွေးလိုက်ပါလား။

ဝေဖန်ချက်။ ။ကောင်းတယ် မကောင်းဘူး၊ မှန်တယ် မမှန်ဘူး ဟု ဆုံးဖြတ်ရန် ခက်သည်ဟု ပြောလိုရင်းသာ ဖြစ်ပါသည်။

နိဂုံး......*မသေချာမှု နိယာမ၊ *ဝရုန်းသုန်းကား သီဝရီ၊ *မရေမရာ လောဂျစ် စသည်များကို ဖတ်မိသောအခါ မတိကျနိုင်ခြင်း သို့မဟုတ် အဖြေအများကြီး ရှိနိုင်ခြင်းမှာ ဓမ္မတာဟူ၍ တွေးမိပြီးလျှင် ကျွန်တော်တော့ စိတ်လွတ်လွတ်လပ်လပ် ဖြစ်ပါသည်။ တဆက်တည်း အမြဲသင်ယူနေမှ ဖြစ်မည်ဟု တွေးနေပါသည်။ ထို့အပြင် ကျောက်တုံးနှင့် နှိုင်းယှဉ်လျှင် ကျွန်တော်က ရေ ဖြစ်လိုပါသည်။ လွတ်လပ်ခြင်း (ဝါ) သင့်တော်ရာသို့ သွားနိုင်ခြင်းကြောင့် ဖြစ်ပါသည်။ ကျွန်တော်က စီးဆင်းနေချင်ပါသည်။ ရပ်မနေချင်ပါ။

---

* Law of Uncertainty

*Chaos Theory

*Fuzzy Logic



# စာအုပ်နှင့် တီဗွီ

တီဗွီ မီဒီယာက ပုံရိပ် နှစ်ထပ်မြင်အောင် လုပ်နိုင်သည်။ ယခု မြင်ရတာ အစစ်အမှန်လား၊ အစစ်အမှန် မဟုတ်ဘူး လား။ ဖြစ်နေသလား၊ ဖြစ်မနေဘူးလား။ တီဗွီပေါ် က ဘောလုံးစနီးယား ဟာ အစစ်လား။ ဒိုင်ယာနာ၏ အသုဘ မြင်းလှည်းနောက်မှာ ကျွန်တော် ရောက်နေသလား၊ မရောက်နေဘူးလား။ မြင်ကွင်းကတော့ အတူတူ ဖြစ်မှာပဲ၊ အတူတူဖြစ်သည် ဆိုလျှင် ကိုယ်ကိုယ်တိုင် ရောက်သလိုပေါ့။ ကိုယ်ကိုယ်တိုင် ရောက်သလို ဆိုလျှင် ကိုယ်တိုင် အတွေ့အကြုံနဲ့ သိပ်မကွာ ဘူးပေါ့။ အာကာသယာဉ် လပေါ် ရောက်တော့ ယာဉ်ပေါ် က အမေရိကန်လည်း လပေါ် မှာ၊ ခင်ဗျားလည်း အဲဒီမှာပဲ။ ကိုလံဘတ်စ် ကမ္ဘာသစ် တွေ့တုန်းက အတွေ့အကြုံကတော့ ကိုလံဘတ်စ် တစ်ယောက်ပဲ ရတယ်။ အခု နည်းပညာအရ ခင်ဗျား မရောက်ဘဲနဲ့၊ ခင်ဗျား ရောက်တယ်။

## စာအုပ်နှင့်တီဗွီ

တစ်နေ့က ဖလမ်းမှာ တာဝန်ကျနေသော ကျွန်တော့်သူငယ်ချင်း သမားတော်ကြီး ကျွန်တော့်စာအုပ်ဆိုင်ကို ရောက်လာသည်။ ဖလမ်းမှာ စာအုပ်အရောင်းဆိုင် တစ်ဆိုင်မှ မရှိကြောင်း၊ အငှားဆိုင်လည်း မရှိကြောင်း၊ ခင်ဗျားတို့ဟာ မဟုတ်သေးပါဘူးဗျာ။ စာအုပ်ဆိုင်လေးမှ မရှိဘူးလို့ ပြောသောအခါလည်း၊ ဘယ်သူကမှ စာအုပ်ဆိုင် မရှိတာကို ရေးကြီး ခွင့်ကျယ် ဟု သဘောမထားကြောင်း။ တီဗွီကလည်း သိုင်းကားတွေသာ လာနေ ကြောင်း ပြောပြီး ဖလမ်း ကျတော့လည်း "မီဒီယာက သိပ်ကျဉ်းတယ်ဗျာ" ဟု ညည်းလေသည်။

ကျွန်တော်ကလည်း အိမ်မှာ ကျွန်တော့်သား အငယ်ကောင်နှင့် တီဗွီနေရာ လုရသည့်အကြောင်း ပြန်ပြောလေသည်။ စလောင်းလေး ဘာလေးရှိသော ကျွန်တော့်အိမ်မှာတော့ ကာတွန်းကွန်ယက် ကြည့်ကြ သည်။ စကူဘီဒူးတို့၊ တွမ်နှင့်ဂျယ်ရီတို့ကိုသာ ကြည့်နေသော သားအငယ် သာထက်အောင်သည် စာတော့ သိပ်မဖတ်ချင်၊ စီအင်အင် ကြည့်ချင်သော အဖေကြီးနှင့် နေရာလုရကြောင်း၊ ကလေးတွေမှာ "စိမ့်ဝင်တတ်သော ဦးနှောက်" ရှိသည်ဆိုသည့် သီဝရီ မှန်လျှင်မှန်နေမည် ဖြစ်ကြောင်း

အဲဘယ်ကြောင့်ဆိုသော် သာထက်အောင်၏ အင်္ဂလိပ်အသံထွက်မှာ ဘိုဆန်နေကြောင်း၊ ခက်သည်မှာ မြန်မာစာကျတော့ အားနည်းကြောင်း၊ ကလေးသီချင်းဂီတ မရှိသလောက်ဖြစ်သော ထူးဆန်းသော မြန်မာ့ ဂီတလောက၏ အံ့သြဖွယ် အဖြစ်သနစ်ကြောင့် မြန်မာဂီတသံကိုတော့ ထိုကလေး နားမထောင်တတ်ကြောင်း ဆရာတင်မိုးတို့၊ ကိုသိန်းမောင်တို့အား မြန်မာ ကလေးသီချင်းခွေလုပ်မှဖြစ်မည်ဟု တိုက်တွန်းရကြောင်း၊ တောရောက်တောင်ရောက် ပြန်ဆွေးနွေးလေသည်။ "မြန်မာဆိုတော့ မြန်မာအသံလေး နားထောင်တတ်လျှင် ကောင်းမပေါ့ဗျာ။ သူတို့ . ကာတွန်းကားတွေက အရုပ်တွေက ကောင်း၊ အသံတွေက ကြည်၊ အရောင်တွေက အားရှိတော့ အင်း...သူတို့ မီဒီယာက အင်အားရှိတော့ လွှမ်းမိုးတော့တာပေါ့ဗျာ" ဟူ၍ သမားတော်ကြီးက ကောက်ချက်ချလေသည်။

ကျွန်တော်က"စီအင်အင်ကို သင်လွတ်အောင် မပြေးနိုင်" ဟူသော စာတမ်းလေးတစ်ခု ဖတ်ဖူးကြောင်း၊ ဘဂ္ဂဒက်မြို့တံခါးဝသို့ ရောက်နေသော မီဒီယာမောင်ဂွတ်များ ဟူသော ဆောင်းပါးလေးတစ်ခုလည်း ဖတ်ရကြောင်း၊ မီဒီယာက လွှမ်းမိုးချုပ်ကိုင်သော သဘောရှိသော်လည်း ကိုယ်က ကိုယ်ခံအားနည်းသောနေရာ ကိုယ်က ဆင်ခြင်တုံတရား မရှိသောနေရာတွေ၌သာ ဆိုးဆိုးရွားရွားဖြစ်ကြောင်း ပြန်ပြောဖြစ်သည်။ မီဒီယာနည်းပညာ၏ သက်ရောက်မှုများကို အောက်ပါအတိုင်း ဆွေးနွေးဖြစ်ပါသည်။

———— ။ ————

မီဒီယာနည်းပညာက "အချိန်နှင့် နေရာ" ကို တစ်သားတည်း တစ်ထပ်တည်း ကျအောင် လုပ်နိုင်သည်။

(၁) ဟိုမှာ ရှိသောအရာသည် ဒီမှာ ရှိသည်။ ဥရောပဖလား ဘောလုံးပွဲသည် ဥရောပမှာ ရှိသလို ခင့်ဗျားစည့်ခန်းထဲမှာလည်း ရှိသည်။

(၂) အရင်က ဖြစ်ခဲ့/ရှိခဲ့သော အရာသည် ယခု တီဗွီဖန်သားပြင်မှာ ဖြစ်နေ/ရှိနေသည်။ (တီဗွီရိုက်ထားလျှင်) နည်းပညာက အချိန်နှင့် နေရာ၏ ခြားနားချက်များကို ဖျက်ပစ်လိုက်သည်။

(၃) "အတွေ့အကြုံ" ဆိုသည့်ကိစ္စ၏ အဓိပ္ပာယ် သတ်မှတ်ချက်က ဘာလဲ။ မီဒီယာ သီအိုရီသမားတစ်ယောက်က "တီဗွီ အတွေ့ အကြုံက အတွေ့ အကြုံအမှန်"ဟု ပြောသည်။ ဂျာကာတာက မြန်မာ ဘောလုံးသင်း ရှုံးတာကို တီဗွီပေါ်က ပုံရိပ်တွေကြည့်ပြီး သိတယ်။ အဲဒီ တီဗွီ အတွေ့ အကြုံဟာ အမှန်ပဲ။

——— ။ ———

တီဗွီမီဒီယာက "ပုံရိပ် နှစ်ထပ်မြင်အောင် (Diplopia) လည်း လုပ်နိုင်သည်။ ယခု မြင်ရတာ အစစ်အမှန်လား၊ အစစ်အမှန် မဟုတ်ဘူး လား။ ဖြစ်နေသလား။ ဖြစ်မနေဘူးလား။ တီဗွီပေါ်က ဘောစနီယားဟာ အစစ်လား၊ ဒိုင်ယာနာ၏ အသုဘမြင်းလှည်းနောက်မှာ ကျွန်တော် ရောက်နေသလား၊ မရောက်နေဘူးလား၊ မြင်ကွင်းကတော့ အတူတူ ဖြစ်မှာပဲ၊ အတူတူ ဖြစ်သည်ဆိုလျှင် ကိုယ်ကိုယ်တိုင် ရောက်သလိုပေါ့။ ကိုယ်ကိုယ်တိုင် ရောက်သလိုဆိုလျှင် ကိုယ်တိုင်အတွေ့ အကြုံနဲ့ သိပ်မကွာဘူးပေါ့။ အာကာသယာဉ်ပေါ် လရောက်တော့ ယာဉ်ပေါ်က အမေရိကန်လည်း လပေါ်မှာ၊ ခင်ဗျားလည်း အဲဒီမှာဘဲ။ ကိုလံဘတ်စ် ကမ္ဘာသစ်တွေ့တုန်းက အတွေ့အကြုံကတော့ ကိုလံဘတ်စ် တစ်ယောက်ပဲ ရတယ်။ အခုနည်းပညာ အရ ခင်ဗျား မရောက်ဘဲနဲ့။ ခင်ဗျား ရောက်တယ်။

——— ။ ———

မီဒီယာက မြင်ကွင်းကို ကျဉ်းအောင်လည်း လုပ်သည် (Myopia)၊ ကျနော်က စာရေးဆရာကြီး လင်းယုန်မောင်မောင်နှင့် ငြင်းခုန်ကြည့်သည်။ "မာသာထရီစာနဲ့ ဒိုင်ယာနာ သေတာ ရက် နည်းနည်းသာ ကွာခြားတယ်၊ မာသာထရီစာက အင်မတန်ကြီးကျယ်တဲ့ မေတ္တာရှင်၊ တစ်သက်ပတ်လုံး လူမမာ၊ လူဆင်းရဲ၊ လူ့နင်းပြားတွေကို ဖေးမ ကုသနေတာ။ သူ့မြင်ကွင်း ကိုတော့ ပုံမှန်အတိုင်းတောင် သတင်းဌာနတွေက နေရာ မပေးကြဘူး။ လုပ်ဆောင်မှု သာမာန်မျှဖြစ်တဲ့ တစ်ခါတစ်ရံ အလေနတော အပျော်အပါး တောင်လိုက်တဲ့ ဒိုင်ယာနာရဲ့မြင်ကွင်းကိုတော့ ကြီးကျယ်အောင် ခမ်းနား အောင် ပြတယ်။ ဘာဖြစ်လို့ ဒီလိုလုပ်ကြသလဲ၊" မာသာထရီစာရဲ့ မြင်ကွင်းကို ကျဉ်းအောင်လုပ်၍ ဒိုင်ယာနာရဲ့မြင်ကွင်းကိုတော့ ကျယ်အောင် လုပ်ကြသည်။

စီအင်အင်နှင့် ဘီဘီစီတို့က ၂၄ နာရီ တရစပ် ရှိသမျှအချိန်တွေကို ပြည့်အောင် ဖြည့်သည်။ တီဗွီ–မီဒီယိုက လေယာဉ်ပေါ် အဝေးပြေးကား၊ ကျောင်းကအပြန်၊ စလောင်းရှိလျှင် တစ်ညလုံးမပြတ်။ မီဒီယာတွေက လူတွေ အမြဲ တစ်ခုခု ခံစားချင်အောင် လုပ်သည်။ ယားကျိကျိဖြစ်အောင် လုပ်သည်။ လူ့ဘဝက အမြဲတမ်း ပြဇာတ်ဆန်နေသည် မဟုတ်သော်လည်း ဇာတ်ဆန် အောင် လုပ်သည်။ မီဒီယာတွေက သာမြင်ညောင်ည အပေါ်စား။ ခပ်ညံ့ညံ့။ ထူးဆန်းထွေလာများ အစွန်းရောက် ပြကွက်များနှင့် အချိန်တွေကို ဖြည့်လိုက် သည်။ အဘယ့်ကြောင့်ဆိုသော် အကောင်းအမွန်များ၊ မြင့်မြတ်ခြင်းများနှင့် လူတို့၏ ၂၄ နာရီများကို အပြည့် မဖြည့်နိုင်သောကြောင့်တည်း။

———— ॥ ————

လူတွေ၏အတွေ့အကြုံကို လက်ဆင့်ကမ်းသော နည်းများရှိရာ ပထမမှာ အပြော၊ ၄င်းနောက် အရေး ဖြစ်လေသည်။ အရေးသည်

အတွေ့အကြုံ ဟူသော ကိစ္စရပ်ကို ကြီးကျယ်စွာ ပြောင်းလဲ သွားစေသည်။ အရေး (ဝါ) စာအုပ်သည် အတွေ့အကြုံကို ကျယ်ပြန့်အောင် လုပ်နိုင်သည်။ အတ္တုပတ္တိ စာပေသည် ပုဂ္ဂိုလ်တစ်ဦး၏ အတွေ့ကြုံကို ဖတ်သူ ဝေနေယျများ ရအောင်၊ မျှပေးသည်။ ကျယ်ပြန့်အောင် လုပ်သည်။ ပြည်သူချစ်သော အနုပညာသည် များထဲက မြို့မငြိမ်းကို တွေ့ဖူးပါသလား၊ တိုက်ရိုက် အတွေ့အကြုံတော့ မဟုတ်ဘူးပေါ့။ တိုက်ရိုက် အတွေ့အကြုံ ( Direct Experience ) မဟုတ်သောကြောင့် စာအုပ်ထဲက မြို့မငြိမ်းဟာ အမှန် မဟုတ်ဘူးလား၊ သေသူနှင့် တိုက်ရိုက် မတွေ့ရသော်လည်း ယင်း၏ သေတမ်းစာသည် အစစ်အမှန် ဖြစ်သည်။ စာအုပ်နှင့် တီဗွီက အတွေ့အကြုံ တို ကျယ်ပြန့်အောင် လုပ်ကြပုံချင်း တူသော်လည်း ကွာခြားချက်တစ်ခု ကြီးကြီးမားမား ရှိနေသည်။ စာအုပ်နှင့် တီဗွီ သတင်းအချက်အလက် (တီဗွီဆိုရာတွင် အင်တာနက် စသည်များ ပါဝင်သည်) ကွာခြားချက်မှာ "အချိန်" ဖြစ်သည်။ တီဗွီက သတင်း အချက်အလက်မှာ အချိန်မရသော အတွေ့အကြုံ အစိတ်အမွှာများသာ ဖြစ်သည်။ လက်ငင်းဖြစ်မှု (Recent-ness) ဟူသော ဂုဏ်သတ္တိ ရှိသည်။ လက်ငင်းဖြစ်သော အချက်အလက်များကို သတင်းဌာနများက ဂြိုဟ်တုမှ တစ်ဆင့် သင့်ဆီကို ပစ်ထည့်လိုက်သည်။ ယင်းတို့သည် အကယ်စင်စစ် ပညာဗဟုသုတ မဟုတ်။ ပညာဗဟုသုတ ဟူသည် စီစစ်ရသည်။ ဖွဲ့စည်းရသည်၊ တည်ဆောက်ရသည်၊ မမှန်သည်များကို စကာချရသည်။ ဂြိုဟ်တုမှ အမြဲတန်း ပစ်ပေါက်နေသည်များမှာ မှန် မမှန်၊ မစီစစ်ရသေးသော အချက်အလက် များသာ ဖြစ်သည်။ ထို့ကြောင့် သတင်းတွေ လျှံ၊ သတင်းတွေ ပေါက်ကွဲ၊ သင်သည် သတင်းထဲတွင် မြုပ်သွားသည်။ သတင်းတွေက ပညာဗဟုသုတကို ချောင်ထဲသို့ ပို့ပစ်သည်။ စာအုပ်တွေကတော့ စီစစ်ပြီးပြီ။ ဆက်စပ် ပြီးပြီ။ ဖွဲ့စည်းပြီးပြီ၊ တည်ဆောက် ပြီးပြီ။ လက်ငင်းဖြစ်မှု ဂုဏ်သတ္တိအစား တာရှည်ခံခြင်းဟူသော ပို၍

ကောင်းသော ဂုဏ်ဒြပ်နှင့် အစားထိုးလိုက်ပြီးပြီ။ ဒေဝတာနေရာ၌ ပညာ၊ မြူတိစ ဗျင်းတောင်းများအစား အဓိပ္ပာယ်ရှိ မဟုသုတများ အစားထိုးလိုက်ပြီ။ သတင်းက အချိန်၏ စမ်းသပ်မှုကို မခံ၊ မနေ့က သတင်းစာ ယနေ့ ဘယ်သူ ဖတ်ချင်သလဲ၊ လွန်ခဲ့သော နှစ်ရက်က တီဗွီ သတင်းကို ယနေ့ ဘယ်သူ ကြည့်ချင်မလဲ။ စာအုပ်က အချိန်၏ စမ်းသပ်မှုကို ကြံ့ကြံ့ခံသည်။ တီဗွီ၏ဆေးမှာ (ဝါ) သတင်းပေါက်ကွဲမှုဘေး၏ ဆေးမှာ စာအုပ် ဖြစ်သည်။ စာအုပ်သည် သတင်းပေါက်ကွဲမှုဘေးမှ လွတ်ကင်းရာ ဖြစ်သည်။

—————— ။ ——————

တီဗွီကြည့်သော ကျွန်တော့်သားများအား စာဖတ်ဝါသနာပါဖို့ ကြိုးပမ်းရဦးမည်။ သတင်းပေါက်ကွဲပြီး သတင်း အစအန၊ မဟုတ် ကဟုတ်ကများ ကျနော့်သားများဆီသို့ လွင့်လာသည်ကို စာအုပ်ကောင်းများနှင့် ကာလိုက်မည်။ ယခု ထုတ်သော ဂျာနယ်အများစုကို စာအုပ်စာရင်း သွင်းရမည်လား၊ စာရင်းသွင်းရန် မသင့်ဟု ယူဆ၍ ဂျာနယ်များ၏ ပစ်ပေါက်ခြင်းကိုလည်း စာအုပ်ထီးနှင့်သာ ကာလိုက်ပါမည်။ တီဗွီတွေ အင်တာနက်တွေ ဘယ်လိုရှိရှိ စာအုပ် ထီးရိပ်ကိုတော့ ခိုရဦးမည်။ စာအုပ်ကောင်းများကတော့ နေရာယူဦးမည် ဖြစ်ပါသတည်း။

တကို- History of the Image. (At Century's End)

# ကော့စမိုပိုလီတန်

ပြောင်းလာတဲ့ လူတွေက အရင် အဲဒီမှာ ရှိနှင့်ပြီး ကနဦး ယဉ်ကျေးမှု အနုပညာ ဂီတ တွေထဲကို သူတို့ရဲ့ ဂီတ အနုပညာတွေကို နေတိုင်း လောင်းထည့်နေသတဲ့။ ဒါကြောင့် ပင်မရေစီးယဉ်ကျေးမှုကြီးဟာ အမြဲ ပြောင်းလဲနေ၊ အမြဲ တိုးပွားနေပါတယ်။ ဥပမာ – အမေရိကန် ပေါ့ပ်ဂီတလို ဂီတမျိုး၊ စပဲနစ် ဂီတ၊ အာဖရိက ဂီတ၊ အကုန်ရောထားတဲ့အဲဒီ ဂီတဟာ နိုင်ငံတွေနဲ့ နယ်နိမိတ်တွေကို ဖြတ်သန်းပြီး တစ်ကမ္ဘာလုံးကို ပျံ့နှံ့သွား ပါတယ်။ ကမ္ဘာ့သမိုင်းမှာ ပထမဆုံးအကြိမ် နိုင်ငံတွေရဲ့ နယ်နိမိတ်ကို ကျော်ဖြတ်တဲ့ ဂီတ

## ကော့စမိုပိုလီတန်

လွန်ခဲ့သော နှစ်ရက်က သတင်းစာထဲတွင် စင်္ကာပူအား ကော့စမို ပိုလီတန်မြို့ကြီး ဖြစ်စေချင်သည်။ အင်္ဂလိပ်၊ အမေရိကန်၊ ပြင်သစ်၊ အီတလီ၊ ယိုးဒယား၊ မလေးရှား၊ အီရန်၊ အီရတ်၊ ဂျပန်၊ အိန္ဒိယလူမျိုးပေါင်းစုံများ ပျားပန်းခတ် ရောနှောလှုပ်ရှားသွားလာ လုပ်ကိုင်နေကြသော မြို့ကြီး ဖြစ်ရမည်ဟု လီကွမ်းယူက ပြောသည်ဟု ဖတ်လိုက်ရသည်။ ဒါ ဘာကြောင့်လဲ ဟု ကျွန်တော် တွေးကြည့်ပါသည်။ ခရီးသွားလုပ်ငန်း စည်ကားစေချင်လို့ ရည်ရွယ်ချက်သက်သက်လား။ ဒီထက်မက ရည်ရွယ်ချက် ရှိမည်လား။ တစ်ခါက စင်္ကာပူတွင် သင်္ဘောကပ္ပတိန်အိုကြီး တစ်ယောက်နှင့် တွေ့ဖူးသည်။ သူငယ်ငယ်တုန်းက ရန်ကုန်ဆိပ်ကမ်း ရောက်လျှင် သိပ်ပျော်သတဲ့။ ရန်ကုန်က သိပ်ပျော်ဖို့ ကောင်းသတဲ့၊ ဆိပ်ကမ်းရောက်လျှင် ဆင်း၍ လည်ကြပတ်ကြ၊ ဝယ်ကြ ခြမ်းကြ၊ ဘီယာဆိုင်၊ အရက်ဆိုင်၊ စတိုးဆိုင် ပစ္စည်းတွေလဲ အကုန်ရှိသတဲ့။ အကုန်ရသတဲ့။ ဟိုတုန်းကပေါ့ဗျာ။ အခု ဘယ်လိုနေသလဲဟု ကျွန်တော့်အား မေးပါသည်။ ယခင်က ရန်ကုန်က ချမ်းသာကြွယ်ဝသော ရန်ကုန်ပေါ့။ ပျော်စရာစုံသော မြို့ရွှေဂုံပေါ့။

ကျွန်တော် "La Raza Cosmica" ဆိုတဲ့ စာတန်းလေးတစ်ခု ဖတ်ဖူးတယ်။ မြို့ကြီး တစ်မြို့အကြောင်း ရေးထားတာပါ။ ကျွန်တော် နားလည်သလို ပြန်ပြောပါရစေ။ စိတ်ဝင်စားစရာ ကောင်းလို့ပါ။

"အဲဒီမြို့ကြီးကို လူတွေ အများကြီး လာကြတယ်။ အဲဒီမြို့က ကမ္ဘာအရပ်ရပ်က လူတွေလာအောင် ဆွဲဆောင်နိုင်တယ်။ ကျဆင်း နေသော မြို့ဆိုလျှင် လူတွေ မလာပါဘူး။ ရှုပ်ထွေးတဲ့ မြို့ကြီးပြကြီး ဆိုတော့ ယိုယွင်းနေတာတွေလဲ ရှိတော့ရှိတာပေါ့။ အဲဒီမြို့မှာ အကြွေးထူပြော၊ ရာဇဝတ်မှု အိမ်ခြေရာမဲ့၊ ဆေးစွဲသူများ၊ အပယ်ခံများ ရှိကြပါတယ်။ ဒါပေမယ့် အဲဒီမြို့ရဲ့ အဓိက သွင်ပြင်လက္ခဏာက လှုပ်ရှားနေတာ၊ အားရှိနေတာ၊ တက်တက်ကြွကြွ ရှေ့သို့ ရွေ့နေတာ၊ ကမ္ဘာကြီးရဲ့ အချို့နေရာတွေက ပျော့တီးပျော့ဖတ်ဖြစ်၊ မလှုပ်ရှားပဲ ငြိမ်နေတာ၊ ဒီမှာက မငြိမ်၊ လှုပ်ရွေ့ပြီး ဗလုံးစီနေတာ။

အဲဒီမြို့မှာ လာအို၊ မီယက်နမ်၊ ကမ္ဘောဒီးယားတွေ အီရန်၊ ဂျပန်၊ ကိုရီးယားတွေ၊ တရုပ်၊ ကုလား၊ ပြင်သစ်တွေ ရှိကြတယ်။ အဲဒီမှာ တိုင်ဝမ် အငယ်လေး၊ ဆိုင်ဂုံအငယ်လေး၊ တိုကျိုအငယ်လေး ရှိတယ်၊ ထုံးစံအတိုင်း တရုပ်တန်း ကုလားတန်းအပြင် ကိုရီးယားတန်းလည်း ရှိတယ်။ လူမျိုးပေါင်းစုံ ယဉ်ကျေးမှုပေါင်းစုံ ရောနှောနေတာ...။ ဘယ်လိုလုပ် ရောနှောနေနိုင်ကြသလဲ၊ အကယ်၍ လူတွေအများကြီး ရောနှောနေပြီး ယဉ်ကျေးမှု မလေ့၊ ထုံးစံ မတူကြလျှင် တုံ့ပြန်မှု၊ အပြန်အလှန် တုံ့ပြန်မှု၊ ရောနှောတုံ့ပြန်မှုတွေ (Action, reaction, interaction)ဖြစ်တော့မှာပေါ့

တစ်ယောက်က ရှင်းပြတာကတော့ ဖြစ်ရိုးဖြစ်စဉ်သမိုင်း ဆိုတာ နိုင်ငံများရဲ့သမိုင်း။ ယခု သမိုင်းကတော့ ယဉ်ကျေးမှုတွေရဲ့သမိုင်း ဖြစ်လာ လိမ့်မယ်။ ကမ္ဘာမြေပေါ်မှာ တစ်ခါမှ မပေါ်ပေါက်ဖူးသေးတဲ့ အင်မတန် ပွင့်လင်းတဲ့စိတ်၊ ဗဟုဝါဒစိတ်နဲ့ ယဉ်ကျေးမှု ဖြစ်ထွန်းလိမ့်မယ်။ နည်းပညာသစ်

အခြေခံပေါ်မှာ ပေါ်ထွက်လာတဲ့ ဗဟုစိတ္တယဉ်ကျေးမှု (civilization of polycentric mind) ဒါကြောင့် ရောနှောနိုင်တာ၊ မျိုးနွယ်စု အခြေပြု စိတ်ဓာတ်တွေ နေရစ်တော့တဲ့။

အဲဒီမြို့ကြီးမှာ တတိယကမ္ဘာက လူတွေလည်း ရှိတယ်။ အဲဒီ ပြောင်းလာတဲ့ လူတွေကအရင် အဲဒီမှာရှိနှင့်ပြီး ကနဦးယဉ်ကျေးမှု အနုပညာနှင့် ဂီတတွေထဲကို သူတို့ရဲ့ အနုပညာတွေ ဂီတတွေကို နေ့တိုင်း လောင်းထည့်နေသတဲ့။ ဒါကြောင့် ပင်မရေစီး ယဉ်ကျေးမှုကြီးဟာ အမြဲပြောင်းလဲနေ– အမြဲတိုးပွါးနေပါတယ်တဲ့၊ ဥပမာ အမေရိကန် ပေါ့ပ်ဂီတ လို ဂီတမျိုး၊ စပဲနစ် ဂီတ၊ အာဖရိက ဂီတ အကုန်ရောထားတဲ့ အဲဒီ ဂီတဟာ နိုင်ငံတွေနဲ့ နယ်နိမိတ်တွေကို ဖြတ်သန်းပြီး တစ်ကမ္ဘာလုံးကို ပျံ့နှံ့သွားပါတယ်။ ကမ္ဘာ့သမိုင်းမှာ ပထမဆုံးအကြိမ် နိုင်ငံတွေရဲ့ နယ်နိမိတ်တွေကို ကျော်ဖြတ်တဲ့ ဂီတ ဖြစ်သွားတယ်။

တရုပ်တွေ ကုလားတွေ ဗီယက်နမ်တွေ စတဲ့ မတိုးတက်တဲ့ လူတွေကို နောက်ဆုံးပေါ် နည်းပညာတွေ ပေါင်းစပ်ပစ်လိုက်တာကိုလည်း တွေ့ရသတဲ့။ လုပ်ငန်းခွင်ရဲ့ ဓလေ့ကလည်း ကက်သလစ်တန်ဖိုးတွေနဲ့ အာရှ ကွန်ဖျူးရှပ်သဘောထား တန်ဖိုးတွေ ရောနှောထားတဲ့ ဓလေ့ထုံးစံဖြစ်သတဲ့။ တတိယကမ္ဘာ ဓလေ့စရိုက်ကို ကမ္ဘာပေါ်မှာ ခေတ်အမီဆုံး စိတ်ဓာတ် ခေတ်အမီဆုံး နည်းပညာနဲ့ ပေါင်းစပ်ရောနှောတော့ အစပထမမှာ စိုးရိမ်ကြပါတယ်။ ဖြစ်မှ ဖြစ်ပါ့မလား၊ တတိယကမ္ဘာ လူစုလူဝေးကြီးဆိုတာ မငြိမ်သက်တာ ဆူဆူပူပူဖြစ်တာ စည်းကမ်းမရှိတာ၊ သူတို့နဲ့ ဖြစ်ရဲ့လား၊ မဖွံ့ဖြိုးသေးတဲ့ ကမ္ဘာနဲ့ ဖွံ့ဖြိုးပြီး ကမ္ဘာရဲ့ ဆက်သွယ်မှုဟာ ခေါင်းပုံဖြတ်မှု အမြတ်ထုတ်မှုလို မြင်လေ့ရှိကြတယ်။ လူတွေရဲ့ လုပ်အားနဲ့ သယံဇာတကို ယူတယ် ဘာမှ ပြန်မပေးဘူး၊သမိုင်းမှာ လူမျိုးတွေကို ခြားနားထားတဲ့ နယ်ခြား မျဉ်းကြောင်းကလည်း မငြိမ်မသက်ရန်လိုတဲ့ မျဉ်းကြောင်း။ ဒါတွေက အတိတ်ကြောင့် ဖြစ်တဲ့ ချွတ်းလံမှုပေါ့။ အဲလို ယခင် အတွေးအခေါ်တွေနဲ့

လေးလံနေတော့ အနောက်နဲ့အရှေ့ ရောလို့ ရပါ့မလား။ အနောက်က အနောက်၊ အရှေ့က အရှေ့လို့ တွေးတာတွေ ရှိပါတယ်။

ဖွံ့ဖြိုးပြီးကမ္ဘာနဲ့ မဖွံ့ဖြိုးသေးတဲ့ ကမ္ဘာရဲ့ ဆက်သွယ်မှုဟာ ဆက်သွယ်မှု ပုံသဏ္ဍာန်သစ် ဖြစ်လာမလား။ ယခုခေတ်မှာတော့ မျှော်လင့်ချက် ရှိပါတယ်။ တံခါးတွေ ပွင့်ပါပြီ။ အနာဂတ် ရှိပါပြီ။ လူမျိုးစုံ အစုအပေါင်းကြီး အဲဒီမြို့မှာ ရှိနေပါတယ်။ ဒါပေမယ့် မတိုက်ခိုက် ကြတော့ဘူး။ ပူးပေါင်းဆောင်ရွက်မှုပဲ ရှိတယ်။ ငြိမ်းငြိမ်းချမ်းချမ်းပဲ ယှဉ်ပြိုင်ကြတယ်။ တည်ဆောက်မှုပဲ ပြုကြတယ်။ နှစ်ပေါင်းလေးရာအတွင်း ပထမဆုံးပါပဲ။ ဖွံ့ဖြိုးပြီးကမ္ဘာနဲ့ မဖွံ့ဖြိုးသေးတဲ့ ကမ္ဘာရဲ့ဆက်သွယ်ရေးဟာ ပူးပေါင်းတဲ့၊ တည်ဆောက်တဲ့ ဆက်သွယ်ရေး။ ခေါင်းပုံဖြတ်တဲ့ ဖျက်ဆီးတဲ့ ဆက်သွယ်ရေး မဟုတ်တော့ပါ။ အဲဒီမှာ အချိန်နဲ့ ပတ်သက်တဲ့ သဘောထားကိုလဲ အတော်ညှိယူရတယ်တဲ့။ အနောက်တိုင်းအချိန်က နာရီနဲ့ သတ်မှတ် ထားတာ အရှေ့တိုင်းအချိန်က အဖြစ်အပျက်တွေနဲ့ သတ်မှတ်တာ (measure between events)ဖြ နာရီမှာ အစည်းအဝေး စမယ်လို့ သတ်မှတ်တယ် ဆိုပါစို့၊ တတိယကမ္ဘာ အရှေ့တိုင်းလူက ရောက်မလာဘူး၊ အနောက်တိုင်း လူတွေက ကသိကအောင့် ဖြစ်တယ်။ အရှေ့လူက သတိမထားမိပါဘူး။ ကဲ.. သူ ရောက်လာပြီ၊ အဲဒါအချိန်ပဲ သူ ရောက်တဲ့ အချိန်ဟာ သူ့အတွက် အချိန်မှီပါဘဲ။

အဲလိုဝလေ့စရိုက် သဘောချင်းမတူကြတဲ့ သူတွေဟာ လူ့နေမှု အဆင့်အတန်း မြင့်တယ်၊ ဝင်ငွေ တိုးရတယ်ဆိုတာ လေးတစ်ခုတည်း ကြောင့်တော့ အတူနေနိုင်ကြမယ် မထင်ပါဘူးတဲ့။ ကျန်တဲ့ အကြောင်းအရာ တွေ ရှိပါတယ်တဲ့။ ပထမတစ်ချက်က ယဉ်ကျေးမှု ဓလေ့၊ အဲဒီ ဌာနေမြို့က လူတွေရဲ့ ဓလေ့ထုံးစံက အများကို သွေးမကြီးဘဲ လက်ခံနိုင်တယ်။ ဒုတိယ တစ်ချက်ကတော့ လူတိုင်းကို လက်ခံနိုင်လောက်အောင် နေရာ ကျယ်ပြန့်

တာတဲ့၊ ပထဝီအနေအထား အနေနဲ့လည်း နေရာ ရှိတယ်။ ကိုယ့်မှာ အရည်အချင်းရှိလျှင် ရှိသလောက် တိုးတက်ဖို့အတွက်လည်း နေရာရှိတယ်။ တတိယအချက်ကတော့ စိတ်ကူးယဉ်နိုင်လောက်အောင်လည်း အနာဂတ် ရှိတယ်တဲ့။ (အတိတ်တွေကို ဖြတ်တောက်ပစ်စရာ မလိုပါဘူးတဲ့။ အတိတ်တွေကတော့ ထုံးစံအတိုင်း ယူခဲ့ကြမှာပါပဲ။ ဒါပေမယ့် အနာဂတ်က စိတ်ထဲမှာ ပိုမိုကျယ်ကျယ်ပြန့်ပြန့် နေရာယူတော့ အဲဒီမြို့က လူတွေမှာ အားတွေ ရှိပါတယ်တဲ့။) နောက်တစ်ချက်ကတော့ လွတ်လပ်တာတဲ့။ ကိုယ့်အဖြစ်ကို ထုတ်ပြဖို့ လွတ်လပ်တာကို ပြောတာပါ။ အတ္တဘာဝ ဖေါ်ကျူးမှု လုပ်လို့ရတာကို ပြောတာ။ အဲသလို စိတ်ထားကျယ်ပြန့် လွတ်လွတ်လပ်လပ်ဖြစ်မှ အားလုံး နေနိုင်ကြမှာပါ။

အဲလို အတွေးအခေါ်နဲ့ ဆန့်ကျင်ဖက်၊ ကိုယ့်အစုလေးနဲ့ကိုယ် သီးသီးသန့်သန့် နေချင်၊ မရောနှောချင်၊ ကိုယ်တော့မျိုးနဲ့ ကိုယ်သာ ဖြစ်ချင်တာ တွေလည်း ရှိပါတယ်။ ရောနှောလိုက်တော့ ကိုယ့်ကာန်မျိုးတွေ ကျိုးပျက် ကုန်မှာပေါ့လို့ ကြောက်လန့်ကြတာလည်း ရှိပါတယ်။ တချို့ မနုဿဗေဒ ပညာရှင်တွေကတော့ ယဉ်ကျေးမှု မလေ့ထုံးစံဆိုတာ ဘုံအဆင့်ဆင့် ၊ တစ်ဆင့်က တစ်ဆင့်ထက် မြင့်တယ်၊ နိမ့်တယ် သတ်မှတ်လို့ရတဲ့အရာ မဟုတ်ဘူးလို့ ပြောပါတယ်။ ကားလ်ပိုလာညီဆိုတဲ့ တိုးတက်မှုဗေဒ ပညာရှင်ကတော့ "သမိုင်းတစ်လျှောက်မှာ တိုးတက်တဲ့ နေရာဒေသ တွေဟာ ယဉ်ကျေးမှုဓလေ့ထုံးစံအားဖြင့် အထွေပြားဆုံး နေရာတွေလို့ ပြောပါတယ်။ ဖန်ဆင်းခြင်း၊ လှုပ်ရှားခြင်းတွေဟာ တစ်ယောက် အယူအဆနဲ့ အခြား တစ်ယောက် အယူအဆ တိုက်မိခိုက်မိ ကြတာတွေက ထွက်ပေါ် ပါတယ်လို့ ရေးပါတယ်။ မင်းနစ်မြို့၊ မီယင်နာမြို့ စတဲ့ သမိုင်းမှာ ထင်ရှားတဲ့ မြို့ကြီး တွေဟာ အဲလို အယူအဆတွေ တိုက်မိကြတဲ့ နေရာတွေပါ။

၁၉ ရာစု အစမှာ ဗီယင်နာမြို့ကြီးဟာ အရောင်စုံ နှောနေတဲ့ ကြွေပြားမိုးစက်လို လူမျိုးစုံရောနေတဲ့ ယဉ်ကျေးမှုပေါင်းစုံတဲ့နေရာ . . . ဩစတြီးယန်းတွေ၊ ဂျူးတွေ၊ ဟန်ဂေရီတွေ၊ ဗီယင်နာမှာ ရောနေကြတယ်။ ဓလေ့ထုံးစံချင်း ယှဉ်ပြိုင်ကြတော့ အပင်က အကိုင်းအခက် ရှင်သန်တယ်။ မတူတဲ့အမြင် မတူတဲ့ယုံကြည်မှု၊ မတူတဲ့လူမျိုး၊ မတူတဲ့ ယဉ်ကျေးမှုတွေ ပြိုင်ဆိုင်ကြ၊ ရောနှောကြတော့ ဩစတြို-ဟန်ဂေရီ အင်ပါယာဟာ ယဉ်ကျေးမှု အင်မတန် ကြွယ်ဝတာတဲ့၊ အလွန်တိုးတက် စည်ပင်သတဲ့။ ဒုတိယကမ္ဘာစစ်အပြီး နိုင်ငံတွေကို နယ်နိမိတ် သတ်မှတ် ခွဲခြားလိုက်တော့ လူတွေ မရောနှောကြတော့ ရှင်သန်တက်ကြွခြင်း လျော့ပါးသွားပြီး၊ ဥရောပလည်း လျော့ကျသွားရတာပါပဲ။ ဗီယင်နာ ဖြစ်စဉ်ကို ကြည့်ပြီး ဆင်ခြင်လျှင် နေရာတစ်ခုဟာ ခြားနားတဲ့ အခဲတွေးအခေါ် တွေ၊ တန်ဖိုးတွေ၊ ယဉ်ကျေးမှုတွေ ရှိနေမှ ရှင်သန်တာ။ လှုပ်လှုပ်ရှားရှား၊ တဝေါဝေါ၊ တသော သော၊ တက်တက်ကြွကြွ၊ ထက်ထက်သန်သန်၊ ငြင်းလျှင်လည်း ငြင်းကြမယ်။ တိုက်မိလျှင်လည်း တိုက်မိကြမယ်။ လက်တွဲလျှင် လက်တွဲ၊ ဖက်လှဲတကင်းဖြစ်ပြီး မွေးလျှင် မွေးကြ၊ အရည်ဝါသီ၊ ဂါမဝါသီ၊ တချို့တောက လူ၊ တချို့မြို့က လူ၊ တချို့အနောက်၊ တချို့အရှေ့ အထူးထူးသော ဓလေ့များ အထူးထူးသော အတွေးအခေါ်များ ။

ပန်းချီဆရာတစ်ယောက်ကလည်း မတူတဲ့ လူတွေ ရောနှော နေနိုင်တာကို "ကောလတ်" (Collage) ဆိုတဲ့ ပန်းချီမှာ သုံးတဲ့ ပုံသဏ္ဌာန် တစ်ခုနဲ့ ရှင်းပြဖို့ ကြိုးစားပါတယ်။ ကောလတ်ဆိုတာ နည်းနည်းတော့ ဆန်းတဲ့ တည်ဆောက်မှုလေးတစ်ခု၊ တည်ဆောက်ကတည်းက အထဲမှာ ဝိရောဓိ ရှိနေတယ်။ အပိုင်းအစတွေ ရောထားတဲ့အရာ၊ စုတော့စုထားတယ်။ တစ်ခုတည်း မဟုတ်ဘူး၊ တစ်ခုတည်းမဟုတ်တော့ပေမယ့် တကွဲစီလည်း မဟုတ်ဘူး စုပေါင်းပြီး တစ်စုံတစ်ရာ သဏ္ဌာန်အသစ် ဖြစ်ပေါ်နေတဲ့အရာ။


ကော့စမိုပိုလီတန်မှာ ကားတွေ၊ လမ်းမကြီးတွေ၊ ဗိသုကာ၊ ယဉ်ကျေးမှု၊ လူမျိုးများ၊ ဘာသာများ ရောနှောနေတာ၊ တချို့တန်ဖိုးတွေတော့ လျော့သွားတယ်။ တချို့နေရာမှာ ဖြစ်ထွန်းလာတယ်။ စားပွဲ အကြီးကြီး တစ်ချပ်လိုပဲ၊ စားစရာသစ်သီးဝလံ ပန်းမန် အဖျော်ယမကာ စားပွဲပေါ်မှာ အကုန်တင်ထားတယ်၊ ကြိုက်တာယူ၊ အားလုံး ရှိတယ်၊ ရောနှောပြီး အကုန်သူ့နေရာသူ ပြန်ထားဖို့ ကြိုးစားကြည့်တော့ မရတော့ဘူး။ အပိုင်းပိုင်း အစိတ်စိတ် အမွှာမွှာ ဖြစ်နေကြပြီ။ ပြန်ဆက်၊ ပြန်ထားတော့ မူလနဂိုတော့ မရဘူး၊ အသစ်တစ်ခုတော့ ရတယ်၊ အဲဒါ "ကော့လတ်။" ဝရုန်းသုန်းကားထဲက ရတဲ့ အစီအစဉ်တကျဖြစ်မှု၊ ကွဲပြားခြားနားထဲကရတဲ့ ညီညွတ်မှု။ ကိုယ့်အထင်အမြင် ကိုယ့်အမှန်ထဲကို ဝင်ရောက်လာတဲ့ တခြားသူရဲ့အမြင်၊ အမှန်တွေ၊ တခြားသူတွေရဲ့ တန်ဖိုးတွေက ကိုယ့်တန်ဖိုးမှာ ဝင်ပါပြီး၊ ကိုယ့်သဏ္ဍာန်မှာ ဝင်နေရာယူတယ်။ ကိုယ်ကလည်း သူများ အသွင် သဏ္ဍာန်မှာ ပါဝင်မှာပါပဲ။

ကမ္ဘာကြီးက တရှိန်ထိုး တိုးတတ်နေပါတယ်။ အရာဝတ္ထုတွေ ပိုများလာပါတယ်။ လူတွေပိုများ၊ အနုပညာပစ္စည်းတွေပိုများ၊ ဆက်ဆံမှု တွေပိုများ၊ ပိုများလာတဲ့ အရာတွေက နေရာတွေ ပေးဖို့ တောင်းဆို လာကြတဲ့အခါ ငြင်းဆန်မှုတွေလည်း ပြုလုပ်ကြပါတယ်။ ငြင်းဆန်ပြီး ပိတ်ပင်ကြလျှင်တော့ မဝင်လာကြတော့ဘူး၊ ကြုံလို့သွားတော့မှာ။ မကြွယ်ဝနိုင်တော့ဘူးပေါ့။

လီကွမ်ယူကို ကွန်ဖျူးရှပ်အယူဝါဒသို့သာ ကိုင်းညွတ်၍ လစ်ဘရယ် ဒီမိုကရေစီ အစွန်းဘက်မှ ခွာ၍ စဉ်းစားသူလို့ အမည်တပ် ပါတယ်။ ဒါပေမယ့် သူက သူ့စင်္ကာပူမြို့ကြီးကို လူမျိုးပေါင်းစုံ ယဉ်ကျေးမှုပေါင်းစုံ ဗဟိုချက်မကြီး ဖြစ်စေချင်သည်မှာ အဲဒါမှ တိုးတက်သောကြောင့် အဲဒါမှ ကြွယ်ဝ သောကြောင့်ဟု ဘဝင်ကျ၍ ဖြစ်ပါလိမ့်မည်။

မှတ်ချက်။ ။ ကောဒ့စမိုပိုလီတန်ကို ပါဠိ – အင်္ဂလိပ် အဘိဓာန်တွင် သဗ္ဗလောကိကဟု အနက်ပေးထားပါသည်။ "လောကအားလုံးနှင့် သက်ဆိုင်သော"ဟူ၍ အဓိပ္ပါယ် ရသည်ဟု ဆရာပါရဂူက ပြောပါသည်။ လောက အားလုံးနှင့် သက်ဆိုင်၍ လူမျိုးပေါင်းစုံသော အုတ်အုတ်ကျက်ကျက် မြို့ကြီးဟု ဘာသာပြန်ရမည် ထင်ပါသည်။ အယူအဆများ ရောနှောခြင်း၊ ညှိနှိုင်းခြင်းရှိလျှင် ကောင်းသည်၊ ကြွယ်ဝလာသည်၊ ပွင့်လင်းလာသည်ဟု စာရှုသူ သဘောတူမည် ထင်ပါသည်။

၊ဆောင်ဝတကော် ကန့်လန့်အဆွေးများ



## "မောင်တာ၏ ကန့်လန့်အတွေးများ"

ကျွန်တော့် "ဖြန့်ထွက်တွေးခြင်း" စာအုပ်ထွက်သောအခါ မုံရွာမှ သူငယ်ချင်း တစ်ယောက်က ဖြန့်ထွက်တွေးခြင်း မဟုတ်ဘူး၊ ကန့်လန့်အတွေး၊ မောင်တာ၏ ကန့်လန့်အတွေးများပါ။ သူက ကန့်တီးကန့်လန့်တွေးတတ် တယ်ဟူ၍ ဟားပါသည်။ ကျွန်တော်ကလည်း ကိုးလိုးကန့်လန့်ကောင်ဟူ၍ နာမည်ကျော်ပါသည်။ နမူနာလေး သုံးခုလောက် ပြောခွင့်ပြုပါ။

တစ်ခါက မုံရွာဆေးရုံကြီး အခန်းပိုင်ဆရာဝန်ကြီးများ အစည်း အဝေးတွင် ဆေးရုံအုပ်ကြီးထံ ကလေးအထူးကု ဆရာဝန်ကြီးနှင့် သားဖွား မီးယပ်ဆရာဝန် မမကြီးနှစ်ယောက်က "ဆေးရုံအုပ်ကြီးရှင့် တံခါးစောင့် ကောင်းကောင်းချပေးပါ။ အခု တံခါးစောင့်က ကောင်းကောင်းမစောင့်ဘူးရှင့်၊ လူတွေက ဝင်လိုဝင်၊ ထွက်လိုထွက်၊ ဒိုးယိုပေါက်ရှင့်။ လူနာပစ္စည်း တစ်ခါ ပျောက်တယ်ရှင့်။ လူနာအနားမှာ စကားလည်းများတယ်ရှင့်။" ဟု တိုင်ပါသည်။ မောင်တာ အလှည့်ရောက်သောအခါ "ဆေးရုံအုပ်ကြီးခင်ဗျား၊ ကျွန်တော့်ဝဒ်အတွက်တော့ တံခါးစောင့် မထားပါနှင့်။ လူနာရှင်တွေ ဝင်လို ဝင်၊ ထွက်လို ထွက်ပါစေ။ စကားများလျှင်လည်း ကျွန်တော့်လူနာ

ခြေထောက်ကျိုးများ အပြင်းပြေပါတယ်။ ဆရာမက နည်းနေတော့ ကျွန်တော်တို့က သိပ်မှ ဂရုမစိုက်နိုင်တာ၊ လူနာရှင်တွေရှိတော့ ဆေးပေးမီးယူရပါတယ်။ ကျွန်တော့်လူနာတွေက ဆင်းရဲတော့ ပစ္စည်းပျောက်မှာလည်း မစိုးရပါဘူးခင်ဗျာ" ဟု တင်ပြပါသည်။ "ဆေးရုံကို ဘယ်သူဖြစ်ဖြစ် လာချင်လို့လာတာ မဟုတ်ပါဘူးဗျာ။ ခများများ ဆေးရုံကို မဝံ့မရဲလာရတာ၊ အပေါက်စောင့်က ဟောက်တော့ လူတန်ဖိုး ပိုကျပါတယ်။" ဟု ထပ်ပြောလိုက်ပါသည်။

ကျွန်တော့်အမေကို ကျွန်တော်ပြန်ပြောသော စကားတစ်ခွန်းကို လည်း အောက်ပါအတိုင်း ဖတ်ရှုကြည့်ပါ။ ကျွန်တော့်အမေမှာ ကျောင်းဆရာမ တစ်ဦး ဖြစ်ပါသည်။ အမေ့မှာ မောင်တာဟူသော သားအပြင် မောင်ဇော် ဟူသော သားတစ်ယောက်လည်း ရှိပါသည်။ ထိုသားသည် အင်ဂျင်နီယာဘွဲ့ ရပြီးသောအခါ ဟိုခေတ်ကထုံးစံသင်္ဘောလိုက်သွားသောအခါ သင်္ဘော အင်ဂျင်နီယာကြီးဖြစ်သွားပါသည်။ ထိုသို့ သင်္ဘောအင်ဂျင်နီယာ ဖြစ်သော်လည်း သင်္ဘောဆက်မလိုက်တော့ဘဲ ရွာမှာပြန်နေပြီး တောင်သူလုပ် ပါသည်။ အင်ဂျင်နီယာမှ တောင်သူ တဖြစ်လဲခြင်းကို အမေက မကျေနပ်လှ ပါ။ "ဘယ်နယ့်တော်၊ ပညာတွေ သင်ထားပြီး" ဟု ပြောပါသည်။ "ငါမှာ တော့ . . . ချေးခြံချွေတာပြီး ပညာသင်ပေးရတယ်။ အခုတော့ တောင်သူ လုပ်နေတယ်။ " ဟုလည်း ညည်းရှာပါသည်။ "အမေ . . . ပညာတတ်မှ တောင်သူလုပ်သင့်တာပါ။ တိုးတက်တဲ့ သူများဆီမှာ ချမ်းသာမှ တောင်သူ လုပ်နိုင်တာ၊ ပညာတတ်မှ လယ်သမားလုပ်နိုင်တာ ဘာမှတ်လို့လဲ" ဟု ကျွန်တော်က ပြောပါသည်။

ဝင်းမောင် (သမိုင်း) ဟူသော စာရေးဆရာမှာ အတွေးအမြင်ထဲတွင် သမိုင်းဆောင်းပါးများ ရေးသူဖြစ်သည်။ ဘိုးတော်ဘုရားဆောင်းပါး ရေးသော အခါ တချို့ဝေဖန်ဆရာများက ကြိုက်ကြောင်းရေးကြပါသည်။ ကျွန်တော်

ကတော့ ခင်ဗျားအနာဂတ်အကြောင်း နည်းနည်းရေးပါလားဗျ၊ ဒစ်ပလိုမေစီထဲက " New world order " ရေးပါလား။ ပေါလ်ကနေဒီစာအုပ်က ၂၁ရာစုအကြောင်း ပြန်ပါလားဗျ။ ခင်ဗျားဟာက ဘိုးတော်ဘုရား ဟု ကန့်လန့်ပြောပါသည်။ ဟိုတုန်းက မြန်မာပြည်နှင့် ယခုမြန်မာပြည် မတူဘူးဗျ။ ဟိုတုန်းက ရွှေထီးဆောင်းဆောင်း ယခု ကျွန်တော်တို့ မဆောင်းဘူး။ မဝေးတော့တဲ့ လာမယ့်ရာစုမှာ ကမ္ဘာဘာဖြစ်မယ်၊ အာရှဘာဖြစ်မယ်၊ ကျွန်တော်တို့ ဘာလုပ်ရမယ်ဆိုတာကို ကျွန်တော်တို့ ပိုသိချင်တယ် ဟု အငေါ်တူးပါသည်။

ကျွန်တော့်မှာ ကန့်လန့်ပြောလေ့ရှိသော မောင်တိုးဟု ခေါ်သောသူငယ်ချင်းတစ်ဦးလည်း ရှိခဲ့ပါသည်။ မောင်တိုး၏ လက်သုံးစကားမှာ "မောင်တာရာ ငါ့ခမျာသနားစရာပါကွာ" ဟူ၍ ဖြစ်ပါသည်။ အလွန် ကောင်းသည်၊ အလွန်အရသာရှိသည်ဟု အခြားသူများ အငန်းမရပြောနေလျှင် "ဝက်သားတုံးကြီး ဘယ်လောက်ကောင်းကောင်း သုံးတုံးပါပဲကွ" ဟူ၍ ပြောတတ်ပါသည်။

ကျွန်တော် ကန့်လန့်ပြောရခြင်း ကန့်လန့်တွေးရခြင်း၌ အကြောင်းရင်းခံများ ရှိပါသည်။ တောင်ဖတ်မြောက်ဖတ် စာများဖတ်၍ "ဇောက်ထိုးပြောင်းပြန်စဉ်းစားခြင်း" ဟူသော စဉ်းစားခြင်းအကြောင်း ဖတ်မိပါသည်။

"အဟောင်းမှ အသစ်ပြောင်းသောအခါ လမ်းရိုးဟောင်းတွင် ဆင့်ကာထွင်ခြင်းလည်း ရှိပါသည်။ တစ်ဖြောင့်တည်းဖြစ်သော လမ်းများတွင် (Linear and continuous) အဟောင်းပေါ်မှ တစ်ဆင့်တစ်ဆင့် ထွင်ခြင်းများလုပ်ရန် ဖြစ်သော်လည်း တစ်ဖြောင့်တည်းမဖြစ်ဘဲ တစ်ဆက်တည်းမဟုတ်သော ပြောင်းလဲမှုများတွင် အရာရာတိုင်းကို လမ်း အသစ်ဖြင့်ကြည့်ဖို့ လိုလျှင်လိုပါမည်။ ထိုသို့ ပြောင်းပြန်ဇောက်ထိုးကြည့်ခြင်း (Upside - down thinking) ကို တစ်ဆက်တည်း ကြည့်သူများနှင့် နေမြဲနေလိုသူများက

လက်သင့်ခံရန် ဝန်လေးလေ့ရှိကြပါသည်။ ကိုပါးနီးကပ်နှင့် ဂလီလီယိုမှာ ပြောင်းပြန်စဉ်းစားသူများ ဖြစ်ပါသည်။ မက်စ်နှင့် အိုင်းစတိုင်း တို့သည်လည်း ထိုနည်းငှင်းပါပဲ။

ယခုအခါ ကျွန်တော်တို့တွင် ထိုစဉ်းစားခြင်းမျိုး လိုမည် ထင်သလား။ တချို့ဂုရုကြီးများက သူတို့ကမ္ဘာမှာတော့ လိုသည်ဟု ပြောနေကြပါသည်။ ၂၁ရာစု အကူးအပြောင်းဆိုသည်မှာ တတိယလှိုင်းသို့ အကူးအပြောင်း။ စက်မှုခေတ်မှ သတင်းခေတ်သို့။ အဖွဲ့အစည်းက ပညာအဖွဲ့အစည်း။ တန်ဖိုးများ ပြောင်းလဲလိမ့်မည်။ လူမှုတန်ဖိုး၊ မိသားစုတန်ဖိုး၊ အချိန်နှင့် ပတ်သက်သော တန်ဖိုးများ။ သူတို့က မျက်မှောက်ခေတ်အား "တစ်ဖြောင့်တည်း၊ တစ်ဆက်တည်း မဟုတ်သောကာလကြီး (Age of Discontinuity)" ဟု သတ်မှတ်ပါသည်။

ကျွန်တော်တို့လည်း ဆိုရှယ်လစ်စနစ်မှ ဈေးကွက်စနစ်သို့အပြောင်း၊ အနစ်သုံးဆယ် ငြိမ်သက်နေရာမှ ကမ္ဘာကြီးသို့ တိုးဝင်ခြင်း၊ ထိုသို့ပြောင်းလဲခြင်းမှာ မျဉ်းတစ်ဖြောင့်တည်း (Linear) ပြောင်းလဲခြင်းလား၊ တစ်ဖြောင့်တည်းမဟုတ်သော (Nonlinear) ပြောင်းလဲခြင်းလား၊ တစ်ဖြောင့်တည်းမဟုတ်လျှင် တစ်ဖြောင့်တည်း မဟုတ်သော စဉ်းစားခြင်း(Nonlinear thinking) လိုအပ်မည်ဟု ခင်ဗျားမထင်ဘူးလား။ (ပြောင်းပြန် စဉ်းစားခြင်း၊ ဖောက်ထွက်စဉ်းစားခြင်း စသည်တို့အားလုံး နာမည်ကွဲသော်လည်း သဘောတစ်ခုတည်းပါ။ ) အရာရှိကြီးဖြစ်ဖြစ်၊ စာရေးဆရာကြီး ဖြစ်ဖြစ်၊ ကျောင်းဆရာကြီးဖြစ်ဖြစ် နည်းနည်းစဉ်းစားပေးကြပါရန်ပါ ခင်ဗျား။

ထိုသို့ ပြောင်းပြန်စဉ်းစားခြင်းသည် အိုင်းစတိုင်းဖြစ်ရန် ဆစ်ဂမန်ဖရောက် ဖြစ်ရန်မဟုတ်ပါ။ ပြောင်းလဲသောခေတ်နှင့် လိုက်လျောညီထွေ အဆင်ပြေရန်သာ ဖြစ်ပါသည်။ အမေရိကန်သမ္မတ အိုင်ဆင်ဟောင်ဝါသည် သမ္မတမဖြစ်မီ ကိုလံဘီယာတက္ကသိုလ်၏ အဓိပတိ ဖြစ်ခဲ့ပါသတဲ့။

တစ်ရံခါတွင် တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့က အိုင်ဆင်ဟောင်ဝါအား မဟိုက်ကွက်လပ်မှ မြက်ခင်းပေါ်တွင် ကျောင်းသားများ ဖြတ်လျှောက်နေခြင်းကို အာဏာသုံး၍ တားမြစ်ပေးပါရန် ပန်ကြားပါသတဲ့။

သူတို့ဘာလို့ မြက်ခင်းပေါ် လျှောက်သလဲ? အိုင်ဆင်ဟောင်ဝါက မေးသည်။

ဒီမြက်ခင်းက အဝင်ပေါက်ကြီးမှ အဆောင်မကြီးကို သွားဖို့ အလွယ်ဆုံးလမ်း ဖြစ်နေလို့ပါ။

ဒီမြက်ခင်းဟာ သူတို့သွားဖို့ အလွယ်ဆုံးလမ်း ဖြစ်နေလျှင် မြက်ခင်းကို ဖြတ်ပြီး လမ်းတစ်လမ်းဖေါက်လိုက်ပါ။ အိုင်ဆင်ဟောင်ဝါက ပြန်ဖြေလိုက်ပါသည်။ ပြဿနာ ပြေလည်သွားပါသည်။ တစ်ခါတစ်ရံတွင် ဖြစ်လာမည့်ပြဿနာလမ်းကြောင်း တည့်တည့်မတ်မတ်ရပ်လျှင် အကျိုးမရှိပါ။

ကျွန်တော့် ကန့်လန့်အတွေးများအကြောင်း ကလနားသတ်ရန် ဆေးရုံဝဒ်များတွင် တံခါးပေါက်စောင့်များ ထားခြင်း၊ မထားခြင်းက စ၍ ပြန်လည်ရှင်းပြပါမည်။ ဆေးရုံသွားတိုင်း တံခါးပေါက်စောင့်အား မျက်နှာချို သွေးရခြင်းကို ကျွန်တော် မကျေနပ်ပါ။ ဘာကြောင့် မျက်နှာချိုသွေးနေကြ တာလဲ။ သူတို့က ပညာပိုတတ်လို့လား။ သူတို့က တစ်စုံတစ်ရာ ကုသပေးနိုင် လို့လား။ သူတို့ရှိဖို့ လိုအပ်သလား။ တံခါးပေါက်စောင့် ရှိသောကြောင့် ကျွန်တော်တို့လူနာစောင့်တွေ စည်းကမ်းပိုရှိသွားသလား။ လူနာစောင့် ကတော့ လိုအပ်တာ သေချာတယ်။ လူနာထမင်းပို့ကတော့ လိုအပ်တာ သေချာတယ်။ လူနာမေးသူမှာလည်း အများအားဖြင့် ပေါက်ပန်းဈေး အားအားယားယား လာနေကြသူများ မဟုတ်ပါ။ ကျွန်တော်ရောက်ဖူးသော စင်္ကာပူမှဆေးရုံများတွင် တံခါးစောင့်များ မရှိပါ။ ကျွန်တော်တို့ဆီမှာတော့ ယခင်က အစောင့်ထား၍ ယခု အစောင့်ထားတယ်၊ ဒါပါပဲ။

လယ်ယာစိုက်ပျိုးရေးဟူသည် အရင်းအနှီးနှင့် နည်းပညာ အမြုပ်နှံရဆုံး အလုပ်ဟူ၍ ပီတာဒရပ်ကားပြောသော စကားတစ်ခွန်းဖတ်လိုက်ရသောအခါ ကျွန်တော် တုန်လှုပ်သွားပါသည်။ အရင်းအနှီးအများကြီး လိုအပ်ရုံမက နည်းပညာလည်း အများကြီး လိုအပ်ပါသတဲ့။ အများနှင့်ယှဉ်နိုင်လောက်တဲ့ လယ်ယာစီးပွားရေး (Agri business) လုပ်မည်ကြံရွယ်လျှင် နည်းပညာ တတ်မှတဲ့။ အမေ့ကိုပြောသော ကျွန်တော့်စကားမှာ အမေစိတ်ပြေရန်၊ စိတ်သက်သာရန်ပြောခြင်းသာဖြစ်၍ ဘုပြောခြင်းမဟုတ်ပါ။ ကျွန်တော့်အနေနှင့်မူ စိုက်ပျိုးရေးလုပ်လျှင် အရင်းအနှီးများများ ရှိရမည်၊ တတ်တဲ့သူရှိရမည်ဟူသော သတိပေးခေါင်းလောင်းသံ ခပ်ညံညံကို ဆင်ခြင်နိုင်ရန် သိလိုက်ရပါသည်။

ဆရာဝင်းမောင်နှင့် ဘိုးတော်ဘုရားကိစ္စကို ကန့်လန့်ပြောရခြင်းမှာ ကျွန်တော့်စိတ်ထဲတွင် အတိတ်နှင့်အနာဂတ် မျှမျှတတဖြစ်မှ ကောင်းမည်ဟု ထင်သောကြောင့် ဖြစ်ပါသည်။ အတိတ်က ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ထုံးစံ၊ အတွေးအခေါ်များနှင့် ခင်ဗျားဆက်စပ်နေပါသည်။ သို့သော် အနာဂတ်ကတော့ ဝင်းလက်နေရပါမည်။ အနာဂတ်က သင့်အိပ်မက်တွင် အတိတ်ထက်ပို၍ နေရာယူရမည်ဟု ထင်ပါသည်။ အနာဂတ်ကပို၍ ကြီးကျယ်သင့်ပါသည်။ အတိတ်နှင့်အဆက်ပြတ်ရမည်ဟု မဆိုလိုပါ။ အတိတ်ကို နေရာပေးရမည် ဖြစ်သော်လည်း ထိုနေရာမှာ သိပ်အရေးမပါသော နေရာသာ ဖြစ်သင့်ပါသည်။ "အနာဂတ်ကို မမြင်ရသော နေရာဒေသမှာတော့ အတိတ်ကိုပဲ ပြောတတ်ကြသတဲ့။ ရွှေထီးဆောင်းတာကိုပဲ တမ်းတမ်းတတ ဖြစ်ကြသတဲ့။ အကောင်းအမွန် မှန်သမျှက ဖြစ်ပြီးခဲ့ပြီ။ ကုန်လွန်ပြီး ပြီတဲ့။" ကျွန်တော်တို့က ဘာလို့ အနာဂတ်အကြောင်း မပြောရမှာလဲ။ အနာဂါတ် . . . အရှေ့ . . . နောက်နှစ်များ . . . နှစ်ဆယ့်တစ်ရာစု . . . ။

ကျွန်တော်တို့ ဘာလို့ မပြောသလဲ။

တိုးတက်မှုသီဝရီတစ်ခုက ပြောသောစကားတစ်ခု ရှိပါသည်။ တက်ကြွနိုးကြားမှုနှင့် တီထွင်ဖန်တီးမှုများသည် တစ်ယောက်၏အတွေးနှင့် အခြားတစ်ယောက်၏အတွေးများ၊ တစ်ယောက်၏အယူအဆနှင့် အခြားအယူအဆများ ဒွန်တွဲလွန်ဆွဲကြ၊ အတုံ့အပြန် ပြုကြသောအခါ၌ ထွက်ပေါ်လာကြသည်ဟု မှတ်သားထားပါသည်။ ကျွန်တော့်အတွေးများနှင့် ရှိပြီး အတွေးများ ကန့်လန့်ဖြစ်သောအခါ၊ တိုက်မိ ခိုက်မိသောအခါ ကျွန်တော်အား ကိုးလိုကန့်လန့် နိုင်သည်ဟု သတ်မှတ်ကြပါသည်။ အကျိုးအကြောင်းတော့ ရှိပါသည်ဟု ခင်ဗျားတို့ လက်ခံကြမလား။ ကျွန်တော့်သူငယ်ချင်း မောင်တိုး ပြောသကဲ့သို့ ငါ့ခမျာသနားစရာပါကွာ ဟူ၍ ကျွန်တော်ကတော့ မပြောပါ။

# လဘက်ရည်ဆိုင်

ဖလော်ဘဲ ပြောတာတစ်ခု ကူးချချင်သည်။ အနာဂတ်ကို တွေးမိလျှင် အနာဂတ် ထိုအတွေးက နှိပ်စက်သည်။ အတိတ်ကတော့ နောက်ကို တုန့်ဆွဲသည်။ ဒါနဲ့ ပစ္စုပ္ပန်က လက်ထဲမှ လွတ်ထွက်သွားသည်။ တုန့်ဆွဲနေသော အတိတ်ကြီး ကိုလည်း မကြိုက်၊ အနာဂတ်ကိုလည်း ဘာမှန်း မသိတော့ လဘက်ရည်ဆိုင်က လူတွေ ပစ္စုပ္ပန်က လွတ်အောင် လုပ်နေကြတာလား။

# လဘက်ရည်ဆိုင်

ကျွန်တော် ဆေးရုံသွားတဲ့အခါ လဘက်ရည်ဆိုင်တွေနားက ဖြတ်ပြီး သွားရတယ်။ ဝင်းသိန်းတို့ ဦးဘထုံးတို့ လဘက်ရည်ဆိုင်တွေ မုံရွာမှာက လဘက်ရည်ဆိုင်တွေကို ဆိုင်ရှင်နာမည်တွေပဲ ခေါ်လေ့ရှိတယ်။ အဲဒီဆိုင်တွေမှာ အမြဲတမ်း လူတွေစည်နေတတ်တယ်။ အဲဒီလူတွေ ကြည့်ပြီး ကျွန်တော် မကျေမနပ် ဖြစ်တတ်တယ်။ ဘာဖြစ်လို့ လဘက်ရည်ဆိုင် ထိုင်နေကြတာလဲ။ အလုပ် မလုပ်ကြဘူးလား။ စာ မဖတ်ကြဘူးလား။ အချိန်တွေ ဖြုန်းနေကြသလား။ သိစရာ တတ်စရာတွေ မရှိကြတော့ဘူးလား။ လွန်ခဲ့တဲ့ လေးငါးနှစ်က ကျွန်တော် လဘက်ရည်ဆိုင် ထိုင်တဲ့ လူတွေကို နည်းနည်း အထင်သေးတတ်တယ်။ ယနေ့တော့ ကျွန်တော့် ခံစားမှု ပြောင်းလဲသွားပါတယ်။ ကျွန်တော် လဘက်ရည်ဆိုင်က လူတွေကို ကြည့်ပြီး ဝမ်းနည်းနေတယ်။

လူတွေ လဘက်ရည်ဆိုင် ထိုင်ခြင်း အကြောင်းကို မနှစ်ကစပြီး စဉ်းစားမိတယ်။ အဲဒီနှစ်က ကျွန်တော် ကိုရီးယား သွားပါတယ်။ ဆိုလ်မြို့တော်က လော်တေးဟိုတယ်မှာတည်းတော့ အနားက ဒစ်စကိုကလပ်ကို ည ၁၀ နာရီကျော် ဆိုလျှင် ရောက်တယ်။ ကျွန်တော်နဲ့ ပါလာတဲ့ သူငယ်ချင်းက

အငြိမ်မနေချင်ဘူးဗျ။ လျှောက်သွားချင်ကြည့်ချင်တယ်။ အဲဒီ ဒစ်စကိုကလပ်ကို ည ၉ နာရီလောက်မှာ လူငယ်တွေ ရောက်လာကြပြီ၊ ကောင်မလေးတွေက နောက်ကျောမှာ ကျောပိုးအိတ်လေးတွေနဲ့။ အားလုံး ပြုံးနေကြတယ်။ ပျော်လည်း ပျော်နေကြတယ်။ ဝီစကီတွေ အရက်ပြင်းတွေ တစ်ယောက်မှ သောက်တာ မတွေ့မိဘူး။ ဘီယာတော့ သောက်ကြပါတယ်။ ဒစ်စကို ဆိုင်းချက်နဲ့ လှုပ်ကြ ကကြ ပါတယ်။ ဖက်ရမ်းနမ်းရှုံ့တာလဲ မတွေ့မိသလောက်ပါပဲ။ ရည်စားအနား ကပ်ထိုင်တာတော့ ရှိသပေါ့။ ၁၁ နာရီ၊ ၁၂ နာရီလောက်မှာ အလျှို၊ အလျှို ပြန်သွားကြတယ်။ ၁၅-၁၆ လောက် အရွယ်လေးတွေပဲဗျ။ ကျွန်တော့် သူငယ်ချင်းက ချဉ်းကပ်ဖို့ ကြိုးစားတယ်။ ကဖို့တော့ သူတို့ကပဲ ဖိတ်ပါတယ်။ တောင်တောင်အီအီတော့ မရဘူး။ နေ့လည်မှာ ပန်းသမ္မ ညမှာ လာအပန်းဖြေတဲ့ပုံပဲဗျ။ ဟိုဟိုဒီဒီအတွက် မဟုတ်ဘူး။ ကျွန်တော့်သူငယ်ချင်း မြန်မာကြီးက ဟိုဟိုဒီဒီ တွေးချင်တယ်။ ရန်ကုန် နိုက်ကလပ်က တောင်တောင်အီအီ လုပ်တဲ့နေရာ ဟိုက ဒစ်စကို ကလပ် က အဲလို မဟုတ်ဘူး။ အပန်းဖြေတဲ့နေရာ။ တင်းကျပ်တာတွေ ဖွင့်တဲ့နေရာ။ ထွက်ပေါက်တစ်ခု။ ဒစ်စကိုကလပ်တွေ ရှိနေလည်း အဲဒီနိုင်ငံ တိုးတက်နေတာပဲ။ ကိုးရီးယားတွေ အလုပ်လုပ်တာ ကမ္ဘာကျော်ပဲ။

တို့နိုင်ငံမှာကော တို့လူတွေရဲ့ ထွက်ပေါက်က ဘာပါလိမ့်။

"မစ္စတာဂစ်တာ"ကို သုံးလေးခေါက် ရောက်ဖူးတယ်။ ပန်းချီပြခန်းလေး ရှိလို့၊ အဲဒီက ပန်းချီကားတွေ ကြည့်ဖို့နဲ့ စာအုပ်တိုက် ဖွင့်ပွဲတွေ တက်ဖို့။ "မစ္စတာဂစ်တာ" ကလည်း လဘက်ရည်ဆိုင်ပါပဲ။ ည ကိုးနာရီကျော်မှာ လူစည်တဲ့ လဘက်ရည်ဆိုင် ဂစ်တာဝိုင်းလေး တစ်ခုရှိတယ်။ လျှပ်စစ်မဲ့ ဂစ်တာဝိုင်းပါ။ အဆိုတော်က အော်ဟစ်နေဆဲမှာ စားပွဲတွေမှာ လူတွေက စကားပြော ကော်ဖီသောက်၊ ဘီယာသောက်၊ ဆေးလိပ်သောက်။ မစ္စတာဂစ်တာကို လာလေ့ရှိတဲ့ လူတွေက လူငယ်တွေ ပိုစ်မော်ဒန်လူတွေ

(ကျွန်တော်တော့ ပိုစ်မော်ဒန် လူတွေလို့ ထင်တယ်။) "သူတို့ ဗဟိုချက်မရှိ (decentered) ဖြစ်နေ၊ သူတို့ကျိုးပဲ့နေ (destructured) ကြတယ်၊ နေပစေလေ၊ ဖွင့်ပစေလေ၊ လွတ်လပ်ပစေ။ သူတို့ သီချင်းတစ်ပုဒ် ဟစ်ရင် သူတို့အတွက် မဟုတ်၊ သူ့အဖွဲ့ အတွက် မဟုတ် ဒီထက်ပိုတဲ့ အခြားတစ်ခု အတွက်။ သူက ဒဏ်ရာရနေတဲ့ အကောင်ဖလောင် တကယ်တော့ အခြေအနေရဲ့ သားကောင်တစ်ကောင် အော်ဟစ်နေတာပါ"။ သူတို့ကို ကြည့်ပြီး ကျွန်တော် တွေးနေတာပါ။

ကျွန်တော်လား။ ကျွန်တော်က အဆင်ပြေတဲ့ကောင် "မင်္ဂလာ နံနက်ခင်းက အေးရေကောင်း"ကို ကြိုက်တဲ့အကောင်။ သူတို့က သိပ်အဆင် မပြေကြဘူး။ ပြီးတော့ သူတို့က ဆိုင်းတီး နားမထောင်တတ်တော့ဘူး။ ကျွန်တော်က နဲ့စမ်းတာ ကြိုက်တယ်။ ပလုတ်ခေါက်တာ ကြိုက်တယ်။ သူတို့က နဲ့စမ်းတာ မကြိုက်၊ ပလုတ်ခေါက်တာ မကြိုက်။ သူတို့က သူတို့ အဘိုးတွေ ကြိုက်တာ မကြိုက်တော့ပါ။ အဘိုးကြိုက်တာ ကြိုက်ရမှာကို ကြောက်နေကြတယ် ထင်ပါရဲ့။ တစ်ခုခု လုပ်ချင်နေကြသလား။ ကျွန်တော်မှာရှိသော ခလေ့ထုံးစံ အလေးအပင် သူတို့မှာ မရှိ၊ အလေးမရှိ၍ ပေါ့ပါးကြ၊ (Weightlessness) ပေါ့ပါးကြ၍ လွင့်ချင်ကြသည်။ သို့သော် ရှုန်းရင်းဆန်ခတ် မရှိပါ။ အမူအရာ ယဉ်ကျေးကြပါသည်။ ဖလော်ဘဲ (Flaubert) ပြောတာတစ်ခု ကူးချချင်သည်။ "အနာဂတ်ကို တွေးမိလျှင် အနာဂတ် ထိုအတွေးက နှိပ်စက်သည်။ အတိတ်ကတော့ နောက်ကို တုန်ဆွဲသည်။ ဒါနဲ့ ပစ္စုပ္ပန်က လက်ထဲမှာ လွတ်ထွက်သွားသည်။ တုန်ဆွဲ နေသော အတိတ်ကြီးကိုလည်း မကြိုက်၊ အနာဂတ်ကိုလည်း ဘာမှန်း မသိတော့ လဘက်ရည်ဆိုင်က လူတွေ ပစ္စုပ္ပန်က လွတ်အောင် လုပ်နေကြ တာလား။ ဒါပေမယ့် တာဝန်တွေကကော၊ သူတို့တာဝန်တော့ သူတို့ ယူမှာပါပဲလေ။ ဆင်ခြင်တုံတရားဆိုတာ နှလုံးသားခံစားမှုကို စွန့်ခွာပြီး

ဦးနှောက်ကို အာရုံစိုက်တာ။ ကျွန်တော့်အဖြစ်က ကျွန်တော့်ဦးနှောက်က လျှောက်တွေးနေတာ။ ငယ်သူတို့က နှလုံးသားနဲ့ ခံစားနေတာ။ အတွေး ဆိုတာကလဲ ခြားနားမှာ အမှန်ပါ။ ခံစားမှုဆိုတာကလဲ ခြားနားမှာ အမှန် ပါပဲ။ လရောင်က သစ်ကိုင်းပေါ် ကျတာချင်းလည်း ကွာခြားပြီး ညမှာ မြင်ရတဲ့ မိုးကောင်းကင်က သူ့လယ်ကွက်က ကောင်းကင်နဲ့ ကိုယ့်အကွက်က ကောင်းကင် ကွာခြားနေတတ်တာပဲ။

နိုင်ငံခြားသွားကြတဲ့ ကျွန်တော့်သူငယ်ချင်းတွေ ရှိတယ်။ သူတို့က ကြိုးစားကြည့်ကြဖို့ ဟိုကို သွားကြတာ။ ကြိုးစားကြည့်နိုင်တဲ့ အခွင့်အရေး အချို့နေရာမှာ ရကြတယ်။ ကြိုးစားကြည့်နိုင်တဲ့ အခွင့်အရေးက လူတွေအဖို့ အရေးကြီးတယ်။ အဲဒီ အခွင့်အရေးရဖို့ အရာနှစ်ခု လိုအပ်တယ်။ တစ်ခုက အခြေအနေ၊ နောက်တစ်ခုက နေရာ။ ခင်ဗျား တစ်စုံတစ်ရာဖြစ်ဖို့၊ ကိုယ့်ကို ကိုယ် ရှာဖွေဖို့ ကိုယ့်နေရာကို တွေ့ဖို့ ကိုယ်ကြိုးစားသမျှကို ရဖို့ အခြေအနေက ခွင့်ပြုရမယ်။ အခြေအနေအပြင် နေရာလေးကလဲ ရှိတယ်။ ပထဝီမြေ၊ ရေ၊ နေရာတင်မက အခွင့်အလမ်း ကွက်လပ်နေရာ ခင်ဗျားဖို့ ကျန်ရှိတယ်။ အဲဒီအခါမှာ လူငယ်တွေမှာ မျှော်လင့်ချက်တွေ အလျှံပယ် ကြွယ်ဝနေတယ်။ ငါ စမ်းသပ်ကြည့်မယ်။ ငါ ကြိုးစားကြည့်မယ်။ လုပ်မယ်၊ ကိုင်မယ် မာန်တွေ တက်နေကြရမယ်။ အခုတော့ ကြိုးစားဖို့ အခွင့်အရေး မရကြဘူးလား။

ဝင်းသိန်းတို့ဆိုင်က မန်ကျည်းပင်ကြီးအောက်က ကွပ်ပျစ်ပေါ်မှာ တော့ လူငယ်တွေ လေကန်နေတတ်တယ်။ အိမ်မှာထက်တော့ ဒီက လွတ်လပ်တယ် ထင်ပါရဲ့။ လဘက်ရည်ဆိုင်မှာပဲ သူနေရာ ရှိတယ် ထင်ပါရဲ့။ အရင်က လက်ဝဲစာပေ ဖတ်သည့်သူလည်း အရင်က သူ့တန်ဖိုးတွေ ကျိုးပျက် သွားပြီ။ ဘာယုံရမှန်း မသိဘူး။ စာအုပ်အသစ်တွေလည်း မဖတ်ရဘူး။ ထွက်လာတဲ့ စာအုပ်တွေကလည်း လဘော်သရေ နိုင်တယ်။ သူ အနာဂတ်ကို

မတွေ့ရတော့ဘူး။ နောက်နှစ်များမှာ သူ ဘာဖြစ်မယ်ဆိုတာ သူ မသိဘူး။ ဒီလိုပဲ သူ နေသွားရမှာပဲ။ အနာဂတ်က တွင်းနက်ကြီးတစ်ခုပဲ။

လဘက်ရည်ဆိုင်မှာတော့ အဲဒါတွေ နည်းနည်း မေ့လို့ရတယ်။ ဘယ်သူမှ ဂရုမစိုက်ဘူး။ ဘယ်သူမှ မေးခွန်း မထုတ်ဘူး။ ခပ်ပျော့ပျော့ပဲ ခပ်လွယ်လွယ်ပါပဲ။ လဘက်ရည်ဆိုင်မှာ ဘဝက အရှိန်နည်းနည်းနဲ့ပဲ ရွေ့တယ်။ အဲဒါအတွက်လည်း ဘယ်သူကမှ မပေါက်ဘူး။ လဘက်ရည်ဆိုင်တွေ ဆိုတာ အိမ်က၊ ရုံးက အလုပ်အပိုင်းအစ လွင့်လာတာလား၊ လွင့်လာတဲ့ အပိုင်းအစ (Fragment) စုရုံးနေတဲ့နေရာလား။ ခဏနား၊ ဖွင့်အန်ပြီး ပေါ့ပါးသွားတဲ့အခါ ပြန်အလုပ်လုပ်ဖို့ အင်အားရသွားမှာလား၊ မရဘူးလား။

လဘက်ရည်ဆိုင် ထိုင်တဲ့လူတွေများတာ ကောင်းသလား၊ မကောင်းဘူးလား။ ဒီမေးခွန်းက သင့်လျော်တဲ့မေးခွန်းတော့ မဟုတ်ပါဘူး။ လဘက်ရည်ဆိုင် ထိုင်ခြင်းက မျက်မှောက်ခေတ်ရဲ့ (Expression) တစ်ခု ဖြစ်နေပါပြီ။ ခင်ဗျား ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ရှိနေမှာပါပဲ။ လဘက်ရည်ဆိုင်မှာ ဘာကြောင့် လူတွေများသလဲကမှ မေးဖို့ကောင်းတဲ့ မေးခွန်းပါ။ "မစ္စတာဂစ်တာ"လို ဆိုင်မှာ ထိုင်တဲ့လူက အနည်းစု၊ ဝင်းသိန်းတို့ ဦးဘထုံးတို့လို သာမန်ဆိုင်တွေမှာ ထိုင်တာက ရောမအများစုကြီး။ ရွာမှာတောင် လဘက်ရည်ဆိုင် လေးဆိုင်လောက် ရှိတယ်။ ကျွန်တော် ငယ်ငယ်က ဘာဆိုင်မှ မရှိဘူး။ ဘာလို့ ဆိုင်တွေ များလာသလဲ။ နောက်ပြီး အရေးကြီးတဲ့ ခြားနားချက်က "မစ္စတာဂစ်တာ"လို ဆိုင်မှာ တစ်ခြားတိုင်းပြည်က နိုက်ကလပ်တွေ၊ ဒစ်စကိုကလပ်တွေမှာ လူတွေလာတာက ညမှာ၊ ညဆိုတာ အလုပ်ချိန်ပြင်ပ အလုပ်ပြီးချိန်၊ နားချိန်၊ အကြောဖြေလျှော့ချိန်၊ ကျွန်တော်တို့မြို့မှာလို တစ်ပြည်လုံးမှာ ထင်ပါရဲ့. လဘက်ရည်ဆိုင်တွေမှာက အချိန်မရွေး၊ အလုပ်ချိန် အတွင်းမှာလည်း လူစည်နေတယ်။ ဘာဖြစ်လို့လဲ။

ကျွန်တော် အခု တော်ဖလာရဲ့ "တတိယလှိုင်းလုံး" ဖတ်နေပါတယ်။ တော်ဖလာ သတ်မှတ်ချက် အရဆိုလျှင် ကျွန်တော်တို့က ပထမလှိုင်းနိုင်ငံမျိုး (လယ်ယာစိုက်ပျိုးရေးအခြေခံ)ပါ။ စက်မှုလက်မှုနိုင်ငံဖြစ်ထွန်းခြင်းက ဒုတိယလှိုင်းပါ။ အနောက်နိုင်ငံတွေမှာတော့ စက်မှု လက်မှုဖြစ်ထွန်းပြီးလို့ သတင်းခေတ် (တတိယလှိုင်းလုံး) ရောက်နေပြီ။ ကျွန်တော်တို့လည်း ဒုတိယလှိုင်းလို သမိုင်းဖြစ်စဉ် အရဆိုလျှင် ရောက်ရလုပ်ရတော့မှာပါ။ ခု တံခါးဖွင့်လိုက်တော့ ရင်းနှီးမြှုပ်နှံမှုတွေ လာတဲ့အခါလည်း ဒုတိယလှိုင်းထဲက စက်ရုံတွေကို လုပ်ကြတာပါ။ လယ်ယာ စိုက်ပျိုးရေးအခြေခံတဲ့ စက်မှုလက်မှု ဖွံ့ဖြိုးရေးကလည်း ဒုတိယလှိုင်းပါပဲ။ အဲဒီ စက်ရုံတွေအတွက်၊ အဲဒီပြောင်းလဲမှုတွေအတွက် လူတွေ လိုက်ပြောင်းကြရမှာ။ လိုက်ပြောင်းတယ်ဆိုတာ လေ့ကျင့်ခြင်းတို့၊ သင်ကြားခြင်းတို့ လုပ်ရမှာပေါ့။ ဒါပေမယ့် နယ်တွေမှာက လေ့ကျင့်ဖို့၊ သင်ကြားဖို့ ကျောင်းတွေ မရှိသေးဘူး။ လယ်ထဲလည်း မသွားချင်ဘူး။ သွားစရာလည်း မလိုဘူး။ ပထမလှိုင်းထဲက သူ့အဖေ၊ သူ့ဦးလေးတို့ လုပ်နေကြတဲ့အလုပ် သူတို့ မလိုဘူး။

ရွာမှာ အလင်းရောင် စာကြည့်တိုက်လေးတော့ ရှိပါရဲ့။ ဘောလုံးပွဲတွေလည်း သူရာသီနဲ့ သူတော့ ရှိပါရဲ့။ စာကြည့်တိုက်က ကာရန်သင့်လို့ ကျွန်တော်တို့ ရွာမှာ ရှိတာ။ တော်တော်များများ ရပ်ရွာတွေမှာ မရှိဘူး။ ဒါပေမယ့် လူငယ်တွေရဲ့ အချိန်တွေကို အပြည့်ဖြည့်ထားဖို့ ဒါလောက်နဲ့ မလုံလောက်ဘူး ထင်ပါရဲ့။

အရင်က လဘက်ရည်ဆိုင် ထိုင်တဲ့လူတွေကို ကျွန်တော် အထင်သေးတတ်တယ်။ ယခုတော့ အဲဒီလူတွေကို ကြည့်ပြီး ဝမ်းနည်းနေတတ်တယ်။

# အင်တာဗျူး



# အင်တာဗျူး

၁၉၉၇ ဖေဖော်ဝါရီလမှာ မုံရွေးစာအုပ်တိုက်က ဆရာကိုတာရဲ့ "ဖြန့်ထွက်တွေးခြင်းနှင့် အခြားစာတမ်းများ" စာအုပ် ထွက်လာခဲ့ပါတယ်။ စာအုပ်ပါ ဆောင်းပါး၊ စာတမ်းများဟာ "သင့်ဘဝ" မဂ္ဂဇင်းမှာ ပါဝင်ခဲ့တဲ့ ဆောင်းပါးများကို စုစည်းပြီး ထုတ်ဝေတာပါ။ ဒီစာအုပ်ဟာ စာပေနယ်ပယ်မှာ ဂယက်တစ်ခု ဖြစ်စေခဲ့ပါတယ်။ အဖိုးတန်တဲ့ စာအုပ်အဖြစ် မိတ်ဆက်ကြ၊ ကြိုဆိုကြနဲ့ လှုပ်လှုပ်ရှားရှား ဖြစ်သွား ခဲ့ပါတယ်။ ဝေဖန်သူအချို့ကလည်း စာအုပ်အညွှန်းကဏ္ဍ၊ ဝေဖန်စာကဏ္ဍ စတာတွေမှာ ထောက်ပြကြတာတွေလည်း ရှိပါတယ်။ အဲဒီ ဝေဖန်ချက်၊ ထင်မြင်ချက်တွေအပေါ် စာရေးသူ ကိုတာရဲ့ သဘောထားအမြင်ကို သိချင်လို့ 'ပျော်ဝတ်ရည်မဂ္ဂဇင်း' အယ်ဒီတာအဖွဲ့က ဆရာကိုတာဆီကို သွားရောက် တွေ့ဆုံ မေးမြန်းခဲ့ပါတယ်။

(၁) ဒီစာအုပ်ကို စာအုပ်ညွှန်းဆရာ၊ ဝေဖန်ရေးဆရာတွေ၊ စာဖတ်သူအများပိုင်းက ကြိုဆိုကြ၊ နှစ်သက်ကြတာ ကြားရ၊ ဖတ်ရပါတယ်။ စာအုပ် စာပေနယ်ပယ်မှာ ဂယက်ထသွားစေခဲ့ပါတယ်။ ဒီလို အောင်မြင်တာ ဘာကြောင့်လို့ ဆရာ ထင်ပါသလဲ။

End of History and the last man ဆိုတဲ့ဖူကူယာမ ရေးတဲ့စာအုပ်ကို ကျွန်တော် ဖတ်ဖူးတယ်။ ဖူကူယာမ ပြောချင်တဲ့ သမိုင်း ဆိုတာ ဖီလိုဆိုဖီ၊ ဝါဒသမိုင်းကို ပြောတာပါ။ သူဆိုချင်တာက ဝါဒသမိုင်းဟာ အဆုံးရောက်သွားပြီ။ သမိုင်းရဲ့နိဂုံး။ အခု လူသားတွေဟာ နောက်ဆုံး လူသားတွေလို့ သူက ရေးထားပါတယ်။ သူ ဆက်ရေးတာ ရှိသေးတယ်။ "သမိုင်းရဲ့အဆုံးသတ်အချိန်ဟာ အလွန်ဝမ်းနည်းစရာ ကောင်းတဲ့အချိန် ဖြစ်လိမ့်မယ်။ အသိအမှတ်ပြု ခံရခြင်းအတွက် ကြိုးစားဖို့မလို၊ ဒြပ်မဲ့ ရည်မှန်းချက်တစ်ခုအတွက် အသက်စတေးရအောင် စိတ်ဓာတ် ပြင်းထန်စရာလည်း မလိုတော့။ ရဲရင့်ဖို့၊ စိတ်ကူးယဉ်ဖို့တွေကို တောင်းဆိုတဲ့ အယူဝါဒ ရေးရာ စစ်ပွဲကြီး မရှိတော့။ ဒီနေရာကို စီးပွားရေး တွက်ခြေကိုက်မကိုက် အတွက်အချက်တွေနဲ့ အစားထိုးလိုက်ပြီ။ တက်ခနိုလိုဂျီ ပြဿနာတွေကိုပဲ ဖြေရှင်းနေရပြီ။ သမိုင်းရဲ့အဆုံးသတ်မှာ အနုပညာမရှိ၊ ဒဿနမရှိ၊ လူ့အတိတ်သမိုင်း ပြတိုက်ကြီးကို ထိန်းသိမ်းတာပဲ ရှိမယ်။"

ဖရန်စစ်ဖူကူယာမက အဲလိုရေးတယ်ဗျ။ ဘာလင် တံတိုင်းကြီး ပြိုပြီးကတည်းက လူတွေက ငြီးငွေ့နေမယ်တဲ့ဗျာ။ ဖရန်စစ် ဖူကူယာမရဲ့ အဲဒီအယူအဆ . . . ကျွန်တော် ဆိုလိုချင်တာက ဟီဂယ်ရဲ့ဒဿနဟာ အကောင်းဆုံး ဟုတ်မဟုတ်၊ အန္တိမ ဟုတ်မဟုတ် ကျွန်တော် မသိပါဘူး။ ကျွန်တော် မသေချာပါဘူး။ စာအုပ်တွေထဲမှာ ငြင်းခုန်နေကြတာ ကျွန်တော် ဖတ်ရပါတယ်။ ဒါပေမယ့် လူတွေက ငြီးငွေ့နေမယ်။ လူတွေက တစ်ခုခု အဆုံးသတ်တဲ့အခါ တစ်ခုခုနဲ့ အစားထိုးနေချင်မယ် ဆိုတာတော့ မှန်မှာဗျ။

ဒီတော့ ကျွန်တော့်စာအုပ် ရောင်းရတာက နက္ခတ္တ ရောင်ခြည် ရောင်းရသလိုပေါ့ဗျာ။

(၂) ဒီစာအုပ်မျိုးကို ထုတ်ရင် ဈေးကွက်မှာ လေးပြီး၊ ရှုံးနိုင်တယ်ဆိုတာ သိရက်နဲ့ဘာကြောင့် ထုတ်ဝေချင်တာပါလဲဆရာ။ ဆရာရဲ့အဓိက ရည်ရွယ်ချက်ကိုလည်း ပြောပြပါဦး။

ကျွန်တော် ဖတ်ရတာ ကျွန်တော် မှူတာပါပဲ။ ကျွန်တော် လုပ်ချင်တာ ကျွန်တော် လုပ်တာပါပဲ။

(၃) ဆရာ့ရည်ရွယ်ချက်အတိုင်း ထိရောက်မှုရှိတယ်၊ ပေါက်ရောက် အောင်မြင်တယ်လို့ ယူဆပါသလား။

စာအုပ်ရောင်းရတော့ ကျွန်တော် တော်တော် ဝမ်းသာ တယ်။ လူတွေတော်တော်များများ ဖတ်ကြောင်းသိရတာပေါ့ဗျာ။ ကိုယ်ပြောတာကို စိတ်ဝင်စားကြတော့ ပျော်တာပေါ့ဗျာ။

(၄) ဒီစာအုပ်ဟာ ဒဿနစာအုပ်လား၊ နည်းပညာပိုင်းလား၊ တက်ကျမ်း သဘောလား၊ ဘယ်လိုအမျိုးအစားထဲမှာ ပါပါသလဲဆရာ။

တက်ကျမ်းတော့ မဟုတ်ဘူး ထင်ပါရဲ့။ စိတ်တက်ကြွ အောင် လုပ်တာလား။ ခင်ဗျားတို့ ဘယ်လိုခံစားရသလဲ။ တကယ် ကျွန်တော် ပြောချင်တာက "ဒီထက်ကောင်းတဲ့ အခြားနည်းလမ်း အမြဲရှိတယ်။" "လမ်းအိုကြီးပဲလား၊ တခြားလမ်းကော တွေးမကြည့် ကြတော့ဘူးလား၊ ရှာကြည့်ပါလား။" အဲဒီ "Paradigm shift" ကို ပြောချင်တာပါ။ ပါရာဒိုင်းဆိုတာ ရှေးက ချထားတဲ့၊ ရှိနေတဲ့

စနစ်၊ ဘောင်လမ်းညွှန်ချက်ကို ပြောတာ။ အဲဒီ အပေါင်းကြီး ပဲလား။ စိတ်ရွေ့လျားမှု (Movement of mind) ကိုရချင်တာ။ စိတ်ရွေ့မှုရှိမှ အကောင်းကထွက်မှာ။

ကျွန်တော် မြောက်ဥက္ကလာပဆေးရုံကြီးမှာ အလုပ်လုပ်တုန်းက ကျွန်တော့်ဆရာသမားတစ်ယောက် ရှိတယ်၊ စိတ်သဘော သိပ်ကောင်းတယ်။ သိပ်စေတနာ ကောင်းတယ်။ သူ့အလုပ်ကို အကောင်းဆုံး ဖြစ်အောင် အမြဲကြိုးစားတယ်။ ဒါပေမယ့် ဆရာက နည်းအပေါင်းကြီးတွေပေါ်မှာ ကြိုးစားနေတာ။ ဆရာက အသက် လည်း ကြီးပြီ၊ ဆရာကနည်းအပေါင်းကြီးတွေကို တပည့်တွေကို ပြန်သင်နေသေးတယ်။ "ဒီနည်းက ဘယ်လိုကောင်းတယ်၊ ဒီနည်းနဲ့ တင်ပဆုံရိုးအကျိုးကို ဘယ်လို ခွဲရတယ်။ သံမဏိချောင်းကို ဘယ်လို ရိုက်သွင်းရတယ်။" စသည်ဖြင့် ပြောတော့ တပည့်တွေက သေသေချာချာ မှတ်ရတာပေါ့။ ကျွန်တော်က "ဆရာ ကမ္ဘာမှာ ဒါမှ မသုံးတော့တာ ဒီထက် ကောင်းတဲ့ဟာ ရှိနေတာပဲ။ ဒါကြီးက မရှိသုံးပဲ မဟုတ်လား။" လို့ ဝင်ပြောဖြစ်တယ်။ ဆရာနဲ့ ကျွန်တော် က တစ်ယောက်ကို တစ်ယောက် နားလည်တော့ ကျွန်တော် ပြောတာကိုတော့ လက်ခံပါတယ်။ ကျွန်တော်က "အပေါင်း ပေါ်မှာ အကောင်းဆုံးလုပ်တာဟာ ဖြေရှင်းနည်း အကောင်းဆုံး မဟုတ်ဘူး။ "နည်းနာအသစ်တွေကို ဖတ်၊ လေ့လာ၊ လုပ်ကြည့်၊ ဒါမှ တိုးတက်မယ်လို့ ကျောင်းသားတွေကို ပြောကြည့်ပါတယ်။ ဆရာက ကျွန်တော်အယူအဆကို လက်ခံသော်လည်း အပေါင်း ကို သင်မြဲသင်တာပါပဲ။ နည်းအသစ်နဲ့ ပစ္စည်းအသစ်တွေ ရလာ တော့လည်း လက်တွန့်နေတာပါပဲ။ ဒီလိုဖြစ်တာဟာ "စိတ်ရွေ့မှု" မရှိလို့ပါ၊ စေတနာမရှိလို့၊ မကြိုးစားချင်လို့ မဟုတ်ဘူးဆိုတာ

ဆရာ့ကို နားလည်နေတဲ့ ကျွန်တော်ဟာ အဲဒီလို တွေးရပါတယ်။ ကျွန်တော့်စာအုပ်က " စိတ်ရွှေ့မှု" အတွက် အထောက်အကူ ပြုပါစေဆိုတဲ့ စေတနာနဲ့ ရေးတာပါ။ နိဿရည်း နည်းနည်းကလေး ပဲ ပါတယ်။

ခင်ဗျားပြောတဲ့ အမျိုးအစားသုံးခုမှာ တက်ကျမ်းတော့ မဟုတ်ဘူး ထင်တယ်။ ဒဿနနည်းနည်း၊ နိဿရည်း နည်းနည်း ပေါ့ဗျာ။

(၅) ပထမပိုင်းမှာ ပါဝင်တဲ့ ပြောင်းလဲခြင်း (၂) အထိက တင်ပြပုံဟာ နည်းပညာဆန်ပြီး၊ နောက်ပိုင်း ဆောင်းပါးတွေက အက်ဆေး သဘော ဆန်တာ၊ ဘာကြောင့် တင်ပြပုံကွဲနေတာပါလဲ ဆရာ။

နောက်ပိုင်းမှာပါတဲ့ စာတွေက နောက်ကျပြီးမှ ရေးတဲ့စာ မဟုတ်ဘူး ဗျ။ စဉ်လိုက်တဲ့အခါမှာ နောက်ရောက်သွားတာ။

အချိန်အားလေး ပိုရတဲ့အခါ၊ စိတ်ကူးလေး ကွန့်မြူးတဲ့ အခါ အက်ဆေးသဘောဆန်သွားပြီ၊ အချိန်လည်းမရဘဲ ပြောချင် တာတွေ အတင်း ပြောချတဲ့အခါ နည်းပညာဆန်သွားပုံရပါတယ်။

(၆) နည်းပညာဆန်တဲ့ တင်ပြပုံ၊ ပုံစံတွေနဲ့ ရှင်းပြမှုတွေက သာမန် စာဖတ် ပရိသတ်အနေနဲ့ စိတ်ဝင်စားမှု နည်းမသွားနိုင်ဘူးလား၊ အကျိုးရှိတဲ့ စာကို ရသပုံစံနဲ့ တင်ပြရင် ပိုမကောင်းနိုင်ဘူးလား ဆရာ။

(၇) တချို့ဆောင်းပါးတွေမှာ ဖြစ်ရပ်အကြောင်း တင်ပြမှုနဲ့ နည်းပညာ ဆန်တဲ့ ပုံစံတွေ ရောနေတယ်လို့ ဝေဖန်သူတချို့က ထောက်ပြ ကြပါတယ် ဆရာ။

ရသပုံစံနဲ့ တင်ပြနိုင်ရင် ပိုကောင်းတာပေါ့ဗျာ။ ကျွန်တော် အမြဲ ငါ့ဟာက ဟုတ်မှ ဟုတ်ရဲ့လားလို့ စာအုပ်မထုတ်ခင်က ဒွိဟဖြစ်လေ့ရှိပါတယ်။ ကျွန်တော့်ကို ဝေဖန်တဲ့လူတွေ ရှိတယ်ဗျာ။

* ကျွန်တော့်အမေက ငါ့သားရယ် မင်းဟာက တောင်ရောက်၊ မြောက်ရောက်၊ ငါဖြင့်နားမလည်နပေါင်လို့ ပြောပါတယ်။

* ဆရာအံ့ (ဦးအံ့မောင်) က " ကျွန်တော်တို့က ရေးချင်လို့ ရေးတာ၊ ခင်ဗျားက ပြောချင်လို့ ရေးတာ" ဆိုပြီး မှတ်ချက် ပြုပါတယ်။

* မုံရွာက ပန်းစကား ဦးတင်အောင့်တို့ကလည်း တချို့ စာတမ်းကို သိပ်နားမလည်ဘူးလို့ပြောပါတယ်။ ဦးထုပ်ခြောက်လုံးရဲ့ ဆိုလိုချက်ကို သိပ်ဖမ်းမရဘူးလို့ ဝေဖန်ပါတယ်။

* တခြားဝေဖန်တဲ့ လူတွေလည်း ရှိပါတယ်။

* ဆရာပါ (ပါရဂူ) ကို အမှာစာရေးဖို့ စာမူလေးတွေ သွားပေးတဲ့အခါ "ကိုယ်ယုံကြည်တာ၊ ကိုယ်ကောင်းတယ်ထင်တာ လုပ်ကြရတာပါပဲ။ လူတွေကတော့ အမျိုးမျိုး ပြောကြမှာ ပေါ့ဗျာ" လို့ ပြောတာလေး မှတ်လာရတဲ့အခါ နည်းနည်းအားတက်ပါတယ်။ လုပ်စရာရှိတာ လုပ်ရမယ်လို့ ရဲရင့်လာပါတယ်။

အင်္ဂလိပ်စကားလုံးတွေ ညှပ်ညှပ်ပါတဲ့အကြောင်းကလည်း ကျွန်တော့်မှာက စာစရေးခါစ၊ တစ်ခါတစ်ခါ ကိုယ့်မြန်မာစာ ဘာစကားလုံး သုံးရမှန်း မသိဘူး။ ကိုယ်သုံးတဲ့ စကားလုံးထက် ပိုကောင်းတာလည်း ရှိချင် ရှိမှာ ကိုယ်က မနှံ့စပ်ဘူး။ တစ်ခါတစ်ရံ အဲဒါလေးက အရေးကြီးတယ်။ ဖတ်တဲ့လူဆီ ရောက်စေချင်

တယ်။ အားရှိတဲ့စကားလုံး စဉ်းစားမရဘူး။ ဒါနဲ့ အင်္ဂလိပ်စာလေး လည်း ထည့်လိုက်ရပါတယ်။

ဒါကြောင့် စာရေးရင်း စဉ်းစားမိတာက ဆရာမြသန်းတင့်တို့၊ ဆရာအံ့တို့၊ ဆရာဘုန်းနိုင်တို့၊ ဆရာပါတို့၊ တင်မောင်သန်းတို့၊ မောင်သစ်ဆင်း တို့လည်း ပါ ပါတယ်။ သူတို့နှယ် ရေးတတ် လိုက်တာ။ ငါကတော့ ဘာမှ မဟုတ်ဘူး။ ကြိုးစားရအုံးမှာလို့ စဉ်းစားမိပါတယ်။ ပြောလည်း ပြောမိတယ်။

(၈) အမှတ် (၈)သားကို ကျောင်းထားခြင်းနှင့် သင်ယူခြင်း ပါမောက္ခ ဟိုးဝဒ် ဂါဒနာရဲ့ ဉာဏ်ရည် (၇)မျိုးမှာ စတုတ္ထအချက် ပျောက်နေ တယ်။ အဲဒါ . . .

တောင်းပန်ရမှာပဲဗျာ။ ကွန်ပျူတာစာစီပြီးတဲ့အခါ ကျွန်တော် ပြန်မဖတ်လိုက်ရဘူး။ စတုတ္ထတစ်ခုက ဂီတဆိုင်ရာ ဉာဏ်ရည်( Musical Intellgence)ပါ။ ပေါ့ပ်အဆိုကျော်တွေ၊ ဂီတသမားတွေမှာ ရှိတဲ့စွမ်းရည် မျိုးပါ။ ဂီတသမားတွေ တော်တော် များများက ခွဲခြမ်းစိတ်ဖြာမှု စွမ်းရည်မှာ များသောအားဖြင့် ညံ့တတ် ကြသတဲ့။ ဂီတနဲ့ပတ်သက်တာကျတော့ အများထက် တော်နေ ကြတယ်တဲ့။

(၉) ဖြန့်ထွက်တွေးခြင်းဟာ အယူအဆ၊ သီအိုရီတွေကို မှန်မမှန် စိစစ် ပေးတဲ့နည်း မဟုတ်ဘူး၊ အယူအဆသစ်တစ်ခုကို ဖော်ထုတ်ပေးတာ လည်း မဟုတ်ဘူး၊ စဉ်းစားနည်းဟောင်း၊ ချဉ်းကပ်နည်းဟောင်း၊ သမားရိုးကျ တွေးနည်းဟောင်းက ဖောက်ထွက်ပြီး တွေးတောင့်သစ် တွေက စဉ်းစားတွေးခေါ်ဖို့ကိုသာ တိုက်တွန်းတာပါလို့ တချို့လူတွေ

က ပြောကြပါတယ်။ အဲသည် အဲဆိုအပေါ် ဆရာ့အမြင်ကို ပြောပြပါဦး။

ဖြန့်ထွက်တွေးခြင်းဟာ တကယ်တော့ စိတ်ကို မကျဉ်းတည်းပဲ ချောင်ချောင်ချိချိ၊ လွတ်လွတ်လပ်လပ် ဖြစ်စေတာဗျ။ စိတ်ကူးကို ကွန့်မြူးအောင် လုပ်တာဗျ။ အဲသည်တော့ အယူအဆသစ်ရဖို့၊ တီထွင်ဖို့မှာ အသုံးကျတယ်ဗျ။ သမားရိုးကျ တွေးနေလျှင် ဘယ်အသစ်ရမလဲ။ ပြဿနာတစ်ခုကို ထောင့်စုံကနေ အတွေးခိုင်းတာ။ ကောင်းတဲ့ရလဒ်ရဖို့ နည်းလမ်းတွေ အများကြီးရှိတယ်လို့ သိစေတာ။ အဲဒါဗျ။

မှန်မမှန် စိစစ်တာတော့ မဟုတ်ဘူး။ ဒေတာတွေ၊ အချက်အလက်တွေ သီအိုရီတွေကို စိစစ်တာဟာ စိတ်ကူးကို မမြူးစေဘူးဗျ။ စိစစ်ခြင်းဟာ ရှိပြီးသား အယူအဆထဲက တစ်ခုခုကို ရွေးတာ။ အနုမာန တို့၊ မှန်းဆတာတို့၊ ကြံစည်တာတို့ (hpothesis, speculation, provocation)ကတော့ကမ္ဘာကြီးကို တမူခြားနားတဲ့ အမြင်နဲ့ ကြည့်တတ်အောင် လုပ်ပေးတာ။ ဖြန့်ထွက်တွေးခြင်းက I am right, you are wrong. ငါမှန်တယ်၊ မင်းမှားတယ် စိတ်ထားမဟုတ်ဘူး။ ငါမှန်ချင်မှန်မယ်၊ မင်းလည်း မှန်နိုင်တယ်။ ဒီထက်ကောင်းတာလည်း ရှိနိုင်တယ်။ အဲဒါဗျ။

(၁၀) တချို့ကလည်း စဉ်းစားနည်းပြောင်း၊ ရှုထောင့်ပြောင်းတဲ့သဘော တင်ပြတာ ကောင်းပါတယ်။ ဒါပေမယ့် အပေါ်ယံလောက်ပဲ တင်ပြထားတာလို့ ဆိုကြပါတယ်။ ဆရာသဘောထား ပြောပါဦး။

အပေါ်ယံလောက်ပဲ တင်ပြထားတာလို့ ဆိုတာ မှန်ပါတယ်။ ကျွန်တော့်စာတမ်းကို "ဖြန့်ထွက်တွေးခြင်း

မိတ်ဆက်" လို့ ခေါင်းစဉ် တပ်ထားပါတယ်။ လူတွေ စိတ်ဝင်စားရဲ့ အပေါ် ယံလေးရှပ်တိုက်ပြီး တင်ပြတဲ့ အကြောင်းက အကြောင်း (၂)ချက် ရှိတယ်ဗျ။

ခင်ဗျားကို နည်းနည်း ရှင်းပြဦးမယ်။ ကျွန်တော် (၉၃) ခုနှစ်မှာ "The Use of Lateral thinking" စာအုပ်လေးကို မုံရွာက ဘာသာပြန် ဆရာတစ်ယောက်ကို ငှားလိုက်ဖူးတယ်။ သူပြန်ချင် ပြန်ရအောင်၊ အများလည်း ဖတ်ရအောင်ပေါ့ဗျာ။ သူ မပြန်ဖြစ်ဘူးဗျ။ ကိုတင်မောင်သန်း ကိုလည်း ငှားဖူးတယ် ထင်ပါတယ်။ သူလည်း မပြန်ဖြစ်ဘူး။ ကျွန်တော်က သူတို့ရေးကြရင် ကောင်းမှာလို့ ခဏခဏ တွေးမိပါတယ်။ ဒါနဲ့ (၉၅) ခုနှစ်မှာ ကျွန်တော် ရန်ကုန်ကို ပြောင်းလာရတော့ ဦးထုပ်ခြောက်လုံးကို ကိုယ့်ဟာကိုယ် ရေးကြည့်မိတယ်။ ကိုတင်မောင်သန်းကို ပြကြည့်တော့ သူက နည်းနည်းပဲ ဖတ်ကြည့်ပြီး ပြန်ချပေးတယ်ဗျ။ ကျွန်တော် ကျောင်းသားဘဝတုန်းက ကဗျာလေး၊ စာလေးရေးဖူးသော်လည်း ဒါက ကြာပြီဗျ။ အခု ကျွန်တော် ရေးကြည့်တော့ အယ်ဒီတာ စိတ်ဝင်စားလောက်အောင် ဟန်ကျပန်ကျ မရေးတတ်တော့ဘူး ထင်ပါရဲ့ဗျာ။ ဘယ်လိုရေးမှ ဖြစ်မယ်လို့ စဉ်းစားရ ကြိုးစားကြည့် ရပါတယ်။ ဒီဘိုးနိုးစာအုပ် (၃)အုပ်လောက်က(Serious creativity, Lateral thinking နှင့် The Use of Lateral thinking) ထဲက လူတွေ စိတ်ဝင်စားလောက်မယ့်ဟာလေးတွေပဲ ရွေးပြီး မိတ်ဆက်ဆိုပြီး ပေါ့ပေါ့ပါးပါး ဖြစ်အောင်ရေးကြည့်မှ သင့်ဘဝက ထည့်ပေးသဗျ။ အဲရေးကြီးတာတွေ အများကြီး ကျန်နေကြောင်း ဝန်ခံပါတယ်ဗျာ။ ဒါက ပထမအချက်ဗျ။

ဒုတိယအချက်က လူတွေသတိထားမိဖို့ စိတ်ရွှေ့လျားမှု နည်းနည်း လုပ်ဖြစ်ဖို့က ကျွန်တော့်ရဲ့တကယ်အဓိက ရည်ရွယ်ချက်ဗျ။ ကျွန်တဲ့ကိစ္စ သူတို့စိတ်ဝင်စားလို့ တက်ခနစ်တွေ ဘာတွေ နက်နက်ရှိုင်းရှိုင်း သိချင်လျှင်တော့ အဲဒီစာအုပ်တွေ ရှာဖတ်ကြပေရော့ပေါ့။

(၁၁) **ပိုမိုအသေးစိတ်ကျကျ၊ နက်နက်ရှိုင်းရှိုင်း ဆက်ပြောဖို့ ဆရာမှာ ဘယ်လိုအစီအစဉ်တွေ ရှိပါသေးလဲဆရာ။**

တင်မောင်သန်းက " ကိုတာကြီးက စာပေနယ်ကို ခဏအလည် လာတာဗျ" လို့ ကျွန်တော့်ကို မှတ်ချက် ပြုဖူးတယ်။ သူက ကျွန်တော် အခြား ကိစ္စတွေနဲ့ အလုပ်ရှုပ်တာကိုကြည့်ပြီး ကျွန်တော် မနစ်မြုပ်နိုင်ပါဘူးလို့ တွေးပါတယ်။ ဒီဘိုးနီးစာအုပ်တွေကို အသေးစိတ်ကျကျ နက်နက်ရှိုင်းရှိုင်း တင်ပြဖို့မှာ စိတ်ပညာနဲ့ ပတ်သက်တဲ့ ဘာသာရပ်ဆိုင်ရာ ဝေါဟာရတွေ လေ့လာဖို့ ဘယ်လို ပြောရရင် ပိုချောမလဲ စဉ်းစားဖို့ အချိန်ရမှ ဖြစ်မယ်လို့ ထင်တယ်။ ကျွန်တော့်အရာဌာန ဟုတ်ရဲ့လား။ ကျွန်တော်က ပြတင်းပေါက်က ချောင်းကြည့်သူပဲ။ ဆရာဘုန်းနိုင်တို့ ရေးမှကောင်းမယ် ထင်ပါရဲ့။ ကျွန်တော်ကတော့ အချိန်ယူပြီး ဆောက်တည် ယူရအုံးမယ် စသည်ဖြင့် တွေးမိပါတယ်။ **"ပြတင်းပေါက်က ကြည့်ခြင်း" ဆိုတဲ့ ခေါင်းစဉ်နဲ့ဆိုလျှင်တော့ နည်းနည်းတော့ လွတ်လွတ်လပ်လပ် ပိုပြီးပေါ့ပေါ့ပါးပါး ကျွန်တော် ဖတ်မိတာတွေ ရေးလို့ရမယ် ထင်တယ်။**

(၁၂) နောက်ဆုံးမေးခွန်းပါဆရာ။ စိတ်ကူးပြောင်း၊ အတွေးပြောင်းရဲ့နဲ့၊ ဖွံ့ဖြိုးတိုးတက်နေတဲ့ နိုင်ငံတွေကို ကျွန်တော်တို့ အမီလိုက် နိုင်ပါ့မလား ဆရာ။

စိတ်ကူးဆိုတာ ၁၀%၊ အကောင်အထည်ဖော်တာက ၉၀%လို့ အေဘီဘီက ပါဓိပါနာဗစ်က ပြောတယ်ဗျ။ ဒါပေမယ့် ဘယ်အလုပ် လုပ် ဖြစ်ဖြစ် စိတ်ကူးကစရတာ မဟုတ်လား။ ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတွေကို အမီလိုက်ဖို့ ဆိုတာလား။ တတ်တဲ့လူတွေနဲ့မှ ရမှာပေါ့ဗျာ။ တတ်မှ သတ္တိရှိ၊ တတ်မှ ဆုံးဖြတ်ချက်ချနိုင်၊ တတ်မှ ရှေ့ကိုကြိုမြင်၊ တတ်မှ ပြင်ဆင်နိုင်၊ ကျွန်တော်တို့ တတ်အောင် ဘယ်လိုလုပ်ရမလဲ၊ ကမ္ဘာတစ်လွှား ပညာ အဖွဲ့အစည်းအကြောင်းပြောနေ၊ ရေးနေကြချိန်မှာ ကိုယ့်သားသမီး ကိုယ်နဲ့နီးစပ်သူကို ပညာတတ်အောင် ဘယ်လို လုပ်ပေးရမလဲ။ ခင်ဗျားလုပ်နိုင်တာက ဒါပဲဗျ။ "ပညာတတ်" ဆိုပြီး ခေါင်းစဉ်တစ်ခုနဲ့ ပီတာဒရပ်ကား ရေးတယ် ဗျ။ ပထမလိုင်းနိုင်ငံကနေပြီး တတိယလိုင်းနိုင်ငံဖြစ်စေဖို့ မြေကြောရှုံ့ တဲ့နည်းဟာ ပညာကလွဲလို့ အခြားဘာမှမရှိဘူး။ အဲဒီတော့ ပညာတတ်အောင် လုပ်ပေါ့ဗျာ။

ကိုတာ

ကမ္ဘာ့သမိုင်းဝင် ပညာရှင်ကြီးများ၏
အတွေးအခေါ် တည်းဟူသော ပန်းပေါင်းစုံသည်
ဥယျာဉ်များဆီသို့ အလည်လိုက်ချင်သူများအတွက်

## ကိုကိုမောင်

# အာကာကို လွှာပုံပြုပါလို့

# မွန်ကိုစစ်ဘုရင် ဂျင်ဂစ်ခန်

## တက္ကသိုလ်မောင်မောင်ကြီး

ကမ္ဘာ့သမိုင်းဆရာများက ကမ္ဘာ့သမိုင်းတွင် ကမ္ဘာကို သိမ့်သိမ့်တုန် ချောက်ချားစေခဲ့သော စစ်သူကြီးသုံးဦးသာ ပေါ်ထွန်းခဲ့သည်ဟု ဆိုရိုးပြုကြသည်။

ထိုသုံးဦးသည် မက်ဆီဒိုးနားပြည်က ဂရိဘုရင် အလက်ဇန္ဒား မွန်ကိုဒေသက မွန်ကိုဘုရင်ဂျင်ဂစ်ခန်၊ ခါရေဇနယ်က တားတားလူမျိုး တီမူးတို့ ဖြစ်သည်ဟု ဆိုကြသည်။

ထိုသုံးဦးအနက်မှ ဂျင်ဂစ်ခန်ကို မြန်မာတို့သိကြသည်။

ထိုဂျင်ဂစ်ခန်ကို မြန်မာစာပါမောက္ခ တက္ကသိုလ်မောင်မောင်ကြီး ဘာသာပြန်သည်။

✳ ဘာသာပြန်မှာ အလွန်လှသော မြန်မာစာဟု ပြောကြသည်။

✳ ယောကျ်ားကောင်းဟူသည် အဘယ်နည်း–

✳ နှလုံးရည် လက်ရုံးရည် ကြံရည်ဖန်ရည်ဟူသည်အဘယ်နည်း

✳ အသစ်အသစ်ကို ပေါင်းစပ်ယူတတ်ခြင်း ဟူသည် အဘယ်နည်း

# အနုပညာရှင်

## ခင်မောင်ရင်၊ ဇော်ဇော်အောင်

- အနုပညာရှင် ဖြစ်လာသူများသည် လူ့ဦး ပြဿနာတစ်ခုရှိ၍ဖြစ်ပါသည်။ ပြဿနာဆိုသည်မှာ အင်္ဂလိပ်စကား problem ကို အသုံးပြု ပါသည်။
- သူတို့သည် ထိုပြဿနာကို ဖြေရှင်းရန် ကြိုးစားကြသည်။
- အဲသလို ပြဿနာကို ဖြေရှင်းရန် ကြိုးစားခြင်းသည် သူတို့၏ အနုပညာ လုပ်ရပ်များ ဖြစ်လာကြသည်။
- အနုပညာဆိုသည်မှာ ပန်းချီ ပန်းပု၊ ဂီတ စသည်ဖြင့် ဖြစ်ပါသည်။
- ထိုအလုပ်များကို လုပ်သည့်လူတိုင်း အနုပညာရှင်မဟုတ်တာကို ရဲရဲ ပြောဝံ့သည်။
- အနုပညာရှင်သည် မိမိ၏ပြဿနာကို မိမိကိုယ်တိုင် မိမိနည်း၊ မိမိဟန်နှင့်ဖြေရှင်းရမည်။ ဘာနည်းညာနည်းဆိုတာ မရှိ၊ ဒါတွေဟာ သူများ လုပ်ခဲ့တာတွေ။
- တတ်တို့၊ အငြိမ့်တို့မှာ ငယ်ငယ်ကတည်းက အနုပညာ၊ အနုပညာ ဆိုတာ ကို တောတော ကြားခဲ့ဘူးပါသည်။ ဒါပေမယ့် အနုပညာလို့ ပြောတိုင်း အနုပညာ မဟုတ်ခဲ့ဘူးဆိုတာ ကျွန်တော် နားလည်ခဲ့သည်။
- အဲသည်တော့ အနုပညာဆိုတာ ဘာလဲ။
- မတ်ဘူးတယ်။ တက္ကသိုလ် ဒုတိယနှစ် ကျောင်းသားများကို ကျွန်တော် စာသင်တော့ art ဆိုတာ sharing တဲ့၊ အနုပညာဆိုတာ မျှဝေခံစားခြင်းတဲ့၊ မိမိ၏ ခံစားချက်ကို သူတစ်ပါး မိမိကဲ့သို့ ခံစားစေချင်လို့ လုပ်သော အလုပ် ဒါလည်း ဟုတ်တာပေါ့။ အဲသည်တော့ အနုပညာရှင်မှာ ကိုယ့်ကျိုး မရှိဘူး။ အများအကျိုးဆောင်ရွက်တာပဲလို့ ယူဆထားတယ်။

အနုပညာ ဟာ 'ငါ' အဖို့ဆိုရင် ဟုတ်တဘူး။

# ယယာတိ

## ပါရဂူ

"ယယာတိ"သည် ချုပ်တီးမှုကို ဦးစားပေး ရေးထားသော ဝတ္ထုဖြစ်သည်။ ချုပ်တီးမှုသည် ရွှင်လန်းချမ်းမြေ့မှုရှိသော ဘဝ၏ အခြေခံဖြစ်သည်ဆိုလျှင် ရုပ်ပိုင်းဆိုင်ရာ ကြွယ်ဝမှုသည် ရွှင်လန်းချမ်းမြေ့မှုရှိသော ဘဝ၏ အခြေခံ ဖြစ်သည်ဟူသော လူပြိန်းများ၏ အယူအဆနှင့် မကိုက်ညီ။ ဘယ်ဟာက အမှန်နည်း။

ကျွန်တော်ကတော့ ဝိရာဂဘက် အာရုံညွတ်လွန်းလျှင် လူသားသည် ရွှင်လန်းချမ်းမြေ့မှု မဖြစ်နိုင်သကဲ့သို့ပင် စက်ယန္တရား ယဉ်ကျေးမှုဒြပ် ထုတ်မက်လာပြုထားသော အတိုင်းအဆ မရှိ ကာမဂုဏ် အာရုံခံစားမှုသည်လည်း လူသားကို ရွှင်လန်းချမ်းမြေ့မှု ရှိအောင် မပြုလုပ်နိုင်ဟု ယူဆ၏။

တကယ်တော့ ရုပ်ဝတ္ထုပြည့်လျှမ်းသော ဤခေတ်ကြီး၌ သီလ(ဝါ)အထိန်း(self-restraint) လိုအပ်သည်ဟု ဆိုလ်ဇင်နစ်ဇင်းက ပြော၏။

တကယ်တော့ ဆရာပေါ (ပါရဂူ)၏ အလွန်လှသော ဘာသာပြန် ဖြစ်သည့် ယယာတိသည် အထိန်းအကွပ်အကြောင်း ကဗျာရှည်။

ဒီးဒုတ်ဦးဘချို၊ ဦးဇဂျီငို၊ လူထုဦးလှ၊ လူထုဒေါ်အမာ၊
သတင်းစာဆရာ ဦးသိမ်းမောင်၊ ရွှေစကြာ၊
ဦးဖိုးကျား၊ မနုဖြူဦးအေးမောင်၊ ဦးဆန်းထွန်း၊
ဂျာနယ်ကျော်ဦးချစ်မောင်၊ ဓေယျ၊ ဇော်ဂျီ၊ သိန်းဖေမြင့်၊
ညိုမြ၊ ဒဂုန်ခင်ခင်လေး၊ နန္ဒ၊ ဗန်းမော်တင်အောင်၊
ဒဂုန်တာရာနဲ့
လယ်တီပဏ္ဍိတဦးမောင်ကြီး၊ ဒဂုန်ဦးထွန်းမြင့်၊
တင်ဧ(ရှမ်းပြည်)၊ ရုပ်ပုံလွှာများ၊ စာပေပညာရှင်
ဘရေးဆရာ (၂၅) ဦးတို့ကို တစေ့တစောင်း ကြည့်ထားသည်

ပါရဂူ

# ပ ရ ဂ ဏ

စာမူခွင့်ပြုအမှတ်– ၅၁/၉၇(၁)
[ဒုတိယအကြိမ်မြောက် ဖြည့်စွက်ရိုက်နှိပ်ခြင်း]

# မောင်ဖြူး

## တဂိုးစာပဒေသာ

'ပြက်ရယ်ပြောတမ်း ကစားရအောင် အမေ . . .
ကျွန်တော် စကားပွင့် ဖြစ်သွားတယ်ဆိုစို့။
စကားပင်ရဲ့ အကိုင်းအမြင့်ပေါ် မှာလေ၊
လေထဲမှာ တလှုပ်လှုပ် ရီလို့ မောလို့။
ပရစ်ဖူးတွေအကြားမှာ ကခုန်နေယင်၊
ကျွန်တော့်ကို မှတ်မိပါ့မလား မိခင်။
လူကလေး ဘယ်မှာလဲလို့ အမေခေါ် တော့၊
ကြိတ်ရယ်ပြီး ကျွန်တော် တိတ်တိတ်နေမှာပေါ့'

(တဂိုးရဲ့ 'စကားပွင့်')

ႏ

မောင်ဖြူးရဲ့ ကလေးကဗျာ ဘာသာပြန်မှာ အအောင်မြင်ဆုံးကတော့ တဂိုးရဲ့ ကဗျာကို ဘာသာပြန်တာတွေပါပဲ။ 'စကားပွင့်'ကို ဘာသာပြန်တာတွေ အမျိုးမျိုး ရှိဖူးပါပြီ။ သူကိုယ်တိုင်ကလည်း စကားပြေနဲ့ ပြန်ပါသေးတယ်။ ဒါပေမဲ့ သူ့ကဗျာ ဘာသာပြန်ဟာ ကနေ့ထက်ထိဖြင့် အကောင်းဆုံးပါပဲ။ ဒီလို အကောင်းဆုံး ဖြစ်ပုံတာဟာ စောစောက ပြောခဲ့တဲ့ ကျစ်လျစ်မှုရယ်၊ အသံရယ်ကြောင့်ပါပဲ။

# ယမကာအာချစ်ခရီးသည်

## ကိုကိုမောင်

အကယ်လို့များ
ဘဝဆက်ဆက်ဆိုသော
ဘဝသံသရာကြီးသည်
အကယ်ပင်ရှိလေဗြာအံ့။
ယင်းသံသရာကြီးကို ကျွန်ုပ်ကြိုဆိုလိုပါ၏။
နောင်တမလွန်ဘဝသည် ကောန်ရှိနေသည်ဖြစ်အံ့။
ယင်းဘဝသို့
ကျွန်ုပ်ရောက်လို၏။
အကယ်တန္တု တစ်ခုခုသော ဘဝသစ်ထစ်ဆက်တွင်
ကျွန်ုပ်၏ချစ်သူကို တွေ့ရမည်ကောန်ဖြစ်အံ့။
ယင်းဘဝသို့ ကျွန်ုပ်အရောက်သွားမည်။

(ယခင်က နာမည်ကြီး ဒသသနဝတ္ထု)